MIFER BULLETIN

ရင်းနှီးစီးပွားသတင်းလွှာ

3/2024

ရင်းနှီး/ စီးပွား သတင်းလွှာ

နာယကများ

ဒေါက်တာကံဇော်

ဒေါက်တာဝါဝါမောင်

ပြည်ထောင်စုဝန်ကြီး

ဒုတိယဝန်ကြီး

အယ်ဒီတာချုပ်

ဦးမင်းဇော်အေး

လက်ထောက်အတွင်းဝန်

စာတည်းအဖွဲ့

ဒေါ်ခင်ထွေးသက်

ဦးအောင်ထက်ပိုင်

ဒေါ်ဝင်းဇာဇာလှိုင်

ဒေါ်ဇင်ဇင်ထက်

ဦးအောင်ကျော်ကျော်

ဒုတိယညွှန်ကြားရေးမှူး

လက်ထောက်ညွှန်ကြားရေးမှူး

ဒုတိယဦးစီးမှူး

အကြီးတန်းစာရေး

အငယ်တန်းစာရေး

မျက်နှာဖုံးနှင့် ဒီဇိုင်းအပြင်အဆင်

ဦးကောင်းဆက်

ဦးစီးအရာရှိ

လက်ထောက်အတွင်းဝန်၊ e-Government ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး (၀၃၀၄၈) မှ စီစဉ်ထုတ်ဝေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

◊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

◊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

◊ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

◊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

◊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

◊ နိုင်ငံရေး

- ♦ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- ♦ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- ♦ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

◊ စီးပွားရေး

- တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
- ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

◊ လူမှုရေး

- တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
- တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
- နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

ဥယျောဧည့်



နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာ၌ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်နှင့် ပြည်ပငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင် ဖွံ့ဖြိုးမှု အထောက်အပံ့၊ ချေးငွေ၊ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ ပူးပေါင်း ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် နိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၈၇/ ၂၀၁၈) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနအဖြစ် စတင်ဖွဲ့စည်းခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့်မူဝါဒများ၊ လမ်းညွှန်ချက်များကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ အဓိက မဏ္ဍိုင်ကြီးဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များအား အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအား အများပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် ရည်ရွယ်၍ ရင်းနှီး/ စီးပွား သတင်းလွှာကို သုံးလတစ်ကြိမ် ထုတ်ဝေလျက်ရှိပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည့် စီးပွားရေးဝန်ကြီးဌာနတစ်ခု ဖြစ်သည်နှင့် အညီ ဤသတင်းလွှာအား ၂၀၂၁ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်၏ လူမှု-စီးပွား ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာဖွံ့ဖြိုးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီများရယူ၍ အကျိုးထိရောက်စွာ အသုံးချ နိုင်ရေး၊ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်အားပေးရန်နှင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ ရင်းနှီးမြှုပ်နှံသူများအကြား ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ပေါ်ပေါက်လာစေရေး၊ ပုဂ္ဂလိက လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ချက်များ စသည်တို့ကို အများပြည်သူ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

ယခုထုတ်ဝေမည့် ရင်းနှီး/ စီးပွားသတင်းလွှာ (၃/၂၀၂၄) တွင် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်တွင်း/ ပြည်ပစီးပွားရေးသတင်းများနှင့် ဗဟုသုတရရှိစေမည့် ဆောင်းပါးများတို့ကို ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားပါသည်။

နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်း ပါဝင်ထမ်းဆောင်ရင်း ဤသတင်းလွှာ ထုတ်ဝေနိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီကြသူများ၊ ဆောင်းပါး ရေးသားပေးပို့ ကြသည့် ဦးစီးဌာနများမှ ဝန်ထမ်းများ၊ စီးပွားရေးသတင်းများ ကူညီပံ့ပိုးပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပုံနှိပ်ထုတ်ဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိ ပါကြောင်း ဆန္ဒမွန်ဖြင့် မှတ်တမ်းပြုအပ်ပါသည်။

ဒေါက်တာကံဇော်
ပြည်ထောင်စုဝန်ကြီး

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဆောင်းပါးကဏ္ဍ	
၁	ဉာဏ်ရည်တု (AI – Artificial Intelligence) အကြောင်း တစေ့တစောင်းအကျဉ်းချုပ်	၁
၂	ကုမ္ပဏီအဖွဲ့အစည်းများအပေါ် ကြပ်မတ်ထိန်းကျောင်း ခြင်းဆိုင်ရာ အစီအမံများ (၂)	၅
၃	ဒီဇိုင်းများ ဆန်းသစ်တီထွင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ တိုးတက်မှုအပေါ် အကျိုး သက်ရောက်မှု	၁၀
	MIFER သတင်းကဏ္ဍ	
၄	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (United Nations Development Programme-UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ဖြစ်သူ Mr. Titon Mitra အား လက်ခံတွေ့ဆုံ	၁၂
၅	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး (United Nations office for Project Services-UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer နှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ	၁၂
၆	နိုင်ငံတော်၏ ပြည်သူ့ဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက် လာစေရေး ဉာဏ်ရည်တု နည်းပညာ) Artificial Intelligence-AI) ဆိုင်ရာ အခြေခံ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ	၁၃
၇	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ	၁၄
၈	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ	၁၆
၉	(၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများသို့ တက်ရောက်ရန်အတွက် လာအိုနိုင်ငံသို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာခြင်း	၁၇
၁၀	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး (၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး များသို့ တက်ရောက်	၁၈

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၁	အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ကျင်းပသည့် စီးပွားရေးဝန်ကြီးများ အစည်းအဝေးများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်	၂၀
၁၂	(၂၄) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတက်ရောက်	၂၃
၁၃	ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား “မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)” အကောင်အထည်ဖော် ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုး	၂၄
၁၄	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးသည် UNFPA ရုံး၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန် ဆောင်ရွက်ရေးဌာန၊ ညွှန်ကြားရေး မှူးဖြစ်သူ Ms. Shoko Yasuda Arakaki နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ	၂၆
၁၅	ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား “မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုး	၂၆
၁၆	ပြည်ထောင်စုဝန်ကြီးက ရုရှား-မြန်မာ စီးပွားရေးကောင်စီ ဥက္ကဋ္ဌ ဦးဆောင်သည့် စီးပွားရေး ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ	၂၇
၁၇	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် UNICEF ၏ နယူးယောက်ဌာနချုပ်၊ လူသားချင်းစာနာထောက်ထားမှုနှင့် ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းများဌာနမှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး MR. EDWARD CHAKER CHAIBAN နှင့်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း	၂၈
၁၈	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ အခြေစိုက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့ (Global Fund) မှ Senior Fund Portfolio Manager ဖြစ်သူ Ms. Maria Izaskun Gaviria Ayucar နှင့်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း	၂၈
၁၉	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ်ဖြစ်သူ Mr. Michael John Dunford အား လက်ခံတွေ့ဆုံ	၂၉
၂၀	(၂/၂၀၂၄) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကျင်းပ	၂၉
၂၁	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်ဖြစ်သူ H.E. Mr. Dusit Manapan နှင့်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း	၃၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၂	မြန်မာနိုင်ငံ “စီးပွားရေးပညာ နှစ် (၁၀၀) ရာပြည့် အလှူရှင်များအတွက် ဂုဏ်ပြုပွဲ အခမ်းအနားသို့ အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ချီးမြင့်ခြင်း	၃၁
၂၃	ပြည်ထောင်စုဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာရှာလ်ဘန်းကာရာအော်လ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ	၃၂
၂၄	၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အားကစားသမားများအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေ ပေးအပ်ခြင်း	၃၃
၂၅	ရန်ကုန်စီးပွားရေးတက္ကသိုလ် စတင်ထူထောင်ခြင်း နှစ် (၆၀) ပြည့် အခမ်းအနားနှင့် မြတ်ဆရာပူဇော်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်	၃၄
၂၆	ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တတိယအကြိမ် တရုတ်-အိန္ဒိယသမုဒ္ဒရာဒေသ အပြာရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခြင်း	၃၅
၂၇	(၄၆) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တက်ရောက်	၃၆
၂၈	ဧရာဝတီတိုင်းဒေသကြီး၏ ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးထားသည့်ချေးငွေများ သတ်မှတ်ချိန်အတွင်း ပြန်လည်ကောက်ခံရရှိရေးအတွက် ကုစားရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးက ဧရာဝတီတိုင်းဒေသကြီး၊ စီးပွားရေးရာဝန်ကြီး၊ ချေးငွေစိစစ်ကြပ်မတ်ရေးအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး	၃၇
၂၉	မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက် (Quick Impact Project- QIP) ၁၀ ခု၏ နားလည်မှုစာချွန်လွှာများ ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ	၃၈
၃၀	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဒုတိယအကြီးအကဲအား လက်ခံတွေ့ဆုံ	၃၉
၃၁	အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၇) ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်	၄၀
၃၂	အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၈) ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်	၄၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၃	ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲတို့၏ Virtual Meeting	၄၃
၃၄	အိန္ဒိယနိုင်ငံ အကူအညီဖြင့် ဆောင်ရွက်မည့် အသေးစားဖွံ့ဖြိုးမှုစီမံကိန်း (SDP) ဆိုင်ရာ နားလည်မှုစာချွန်လွှာများ ဆောလျင်စွာလက်မှတ်ရေးထိုးနိုင်ရေး၊ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက် (QIP) များ အကောင်အထည်ဖော်ရေးတို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ	၄၃
၃၅	အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ (၁၉) ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခြင်း	၄၄
	ဦးစီးဌာနများ၏ သတင်းကဏ္ဍ	
၃၆	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးမော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ၅ ခုကို ခွင့်ပြု	၄၆
၃၇	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးမော်တော်ယာဉ် အမျိုးမျိုးတပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၈ ခုကို ခွင့်ပြု	၄၇
၃၈	ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း	၄၈
၃၉	တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း	၄၈
၄၀	မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း စစ်ဆေးခြင်း (မင်းဘူး(စကု)မြို့နယ်)	၄၈
၄၁	မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က Video Conferencing စနစ်ဖြင့် တွေ့ဆုံဝန်ဆောင်မှုပေးခြင်း	၄၉
၄၂	မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း	၄၉
၄၃	မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း စစ်ဆေးခြင်း (မကွေးမြို့နယ်)	၄၉
၄၄	မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း	၅၀
၄၅	မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း	၅၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၆	မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း (မြို့သစ်မြို့နယ်)	၅၀
၄၇	မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း	၅၁
၄၈	ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းကြည့်ရှုအားပေးခြင်း (လှိုင်သာယာမြို့နယ်)	၅၁
၄၉	ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း	၅၁
၅၀	ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုခြင်း (ရွှေပြည်သာမြို့နယ်)	၅၂
၅၁	ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုခြင်း (ဒဂုံ(ဆိပ်ကမ်း)မြို့နယ်)	၅၂
၅၂	ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း	၅၃
၅၃	ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၀/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း	၅၃
၅၄	ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုခြင်း (လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်)	၅၄
၅၅	ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း	၅၄
၅၆	ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်း (ညောင်တုန်းမြို့နယ်)	၅၄
၅၇	ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း	၅၅
၅၈	ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်း (ပုသိမ်စက်မှုစီမံကိန်း)	၅၅
၅၉	ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း	၅၅
၆၀	နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း	၅၆
၆၁	နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသို့ ကွင်းဆင်း ဝန်ဆောင်မှုပေးခြင်း	၅၆

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ပြည်တွင်း/ ပြည်ပ စီးပွားရေးသတင်းကဏ္ဍ	
၆၂	တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အင်္ဂမအကြိမ် မဟာမဲခေါင်ဒေသခွဲ (ကျိအမ်အက်စ်) ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်	၅၇
၆၃	တရုတ်နိုင်ငံက စီးပွားရေးမြှင့်တင်ရန် မူဝါဒသစ်များချမှတ်	၅၈
၆၄	ရူပီးကို နိုင်ငံတကာမှ လက်ခံအသုံးပြုလာအောင်ဆောင်ရွက်ခြင်းဖြင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကို များစွာအကျိုးပြု	၅၉
၆၅	စားသုံးသူအငြင်းပွားမှုများဖြေရှင်းရေး ယန္တရားတစ်ခု ဟောင်ကောင်နှင့် ထိုင်းနိုင်ငံတို့ ထူထောင်	၆၀
၆၆	တရုတ်နိုင်ငံ၌ မက္ကဒေးမီးယားအတွက် ဈေးကွက်အလားအလာကောင်းများရှိနေ	၆၁
၆၇	အိန္ဒိယမှ ဆန်ဖြူအပေါ်သတ်မှတ်သည့် Minimum Export Price အား လျှော့ချလိုက်ခြင်းကြောင့် ဆန်ဈေးနှုန်းများကျဆင်းလာဖွယ်ရှိ	၆၂
၆၈	Boeing ကုမ္ပဏီသို့ ကုန်တင်လေယာဉ် မှာကြားမှုအသစ်များဖြင့် ယူအေအီးနိုင်ငံ အခြေစိုက် Emirates လေကြောင်းလိုင်း၏ ကုန်တင်လေယာဉ်အုပ်စုကို တိုးချဲ့သွားမည်	၆၄
၆၉	ဒူဘိုင်းပြည်နယ်၏ လေကြောင်းကဏ္ဍမှ ၂၀၃၀ ပြည့်နှစ် မတိုင်မီ ပြည်နယ်စီးပွားရေး အတွက် AED ၁၉၆ ဘီလီယံ ထည့်ဝင်နိုင်မည်	၆၅
၇၀	ယူအေအီးနိုင်ငံရှိဘဏ်များမှ ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းအထိ SME များသို့ ချေးငွေ AED ၈၁ ဒသမ ၂ ဘီလီယံကို တိုးချဲ့ထုတ်ချေးပေးခဲ့	၆၆
၇၁	ဒီဇိုင်းများ ဆန်းသစ်တီထွင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှု	၆၆
၇၂	မြန်မာ့ရိုးရာလက်မှုအနုပညာ ပုသိမ်ထီးဈေးကွက်	၆၈
၇၃	ကျောက်ဆည်ခရိုင်၌ ပဲတီစိမ်းသီးနှံများ ရိတ်သိမ်းလျက်ရှိ	၆၉
၇၄	မကွေးမြို့နယ်၊ ရွာတော်ကျေးရွာ၌ နေကြာသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ	၆၉

ဆောင်းပါးကဏ္ဍ

ဉာဏ်ရည်တု (AI - Artificial Intelligence)အကြောင်း တစေ့တစောင်းအကျဉ်းချုပ်

ယနေ့ကမ္ဘာတွင် အလိုအလျောက် လုပ်ဆောင်နိုင်သည့် (Automation) နည်းပညာများသည် လုပ်ငန်းခွင် ဆိုင်ရာ အပြောင်းအလဲ ဖြစ်ပေါ်စေနိုင်သည့် အဓိက အခန်းကဏ္ဍ တွင်ပါဝင်လာတယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်။ ခေတ်သစ် နည်းပညာနယ်ပယ်မှာ စွမ်းအား ကြီးမားတဲ့ ဉာဏ်ရည်တုအသုံးပြုမှုများကိုလည်း နယ်ပယ် ပေါင်းစုံမှာ အသုံးပြုလာကြပါတယ်။ ဉာဏ်ရည်တုဆိုတာ ဖန်တီး ပြုလုပ်ထားတဲ့ အသိဉာဏ်လို့ တိုက်ရိုက် ဘာသာ ပြန်ဆိုကြ သလို ကွန်ပျူတာပရိုဂရမ်လို့လည်းသတ်မှတ်ကြပါတယ်။

စက်မှုကုန်ထုတ် လုပ်ငန်းများ၊ အွန်လိုင်း စီးပွားရေး လုပ်ငန်းများ၊ စာပေနှင့် အနုပညာလုပ်ငန်းများ၊ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာ ရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် လူတို့၏ ပုံမှန်နေ့စဉ် နေထိုင်မှုဘဝတွင် ဉာဏ်ရည်တု နည်းပညာကို အသုံးပြု လျက်ရှိပါတယ်။ ထို့အပြင် စာရင်းဇယား ဆိုင်ရာကိစ္စရပ် များ၊ သုတေသနဆိုင်ရာ ကိစ္စရပ်များ၊ စာရွက်စာတမ်း စိစစ်ရေးဆိုင်ရာ ကိစ္စရပ်များ ၊ အခွန်ကောက်ခံရေးနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ စောင့်ကြည့်မှုများတွင် အလို အလျောက်စနစ်တကျ ပြုလုပ်ပေးနိုင်သည့် ဉာဏ်ရည်တု နည်းပညာများကို အသုံးပြုလာပြီ ဖြစ်ပါတယ်။

ဉာဏ်ရည်တုသည်လူသားအရင်းအမြစ်ဖြင့် လုပ်ဆောင် နိုင်သည့် လုပ်ငန်းတိုင်းကို အစားထိုးနိုင်ခြင်း မဟုတ်ဘဲ လူသားနှင့်ဉာဏ်ရည်တု ပူးပေါင်းဆောင်ရွက်မှုကို ဦးတည် ခြင်းဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ခြင်း ဟုဆိုရာတွင် ဉာဏ်ရည်တု၏ အလိုအလျောက်လုပ်ဆောင်နိုင်စွမ်းသည် လူသားတို့ထက် သာလွန်သဖြင့် လူသားအရင်းအမြစ် လိုအပ်ချက်ကို လျော့နည်း စေနိုင်ပါတယ်။ အထူးသဖြင့် အချက်အလက် ထည့်သွင်းခြင်းနှင့် စိစစ်ခြင်းတို့တွင် ဉာဏ်ရည်တုသည် လူသားအရင်းအမြစ် နေရာတွင်အစား ထိုး ဝင်ရောက်လာနိုင်တာကိုလေ့လာသိရှိရပါတယ်။

ဉာဏ်ရည်တုသည် လူသားများ၏ လုပ်ဆောင်ချက်များ ကို အစားထိုးနိုင်သည့် အန္တရာယ်များကို သုတေသီများက မီးမောင်းထိုးပြလျက်ရှိရာ ခေတ်ကာလ၏လိုအပ်ချက်အရ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ဆောင် ရွက်သွားရန် ပိုမိုလိုအပ်လာပါတယ်။


ဉာဏ်ရည်တု(AI-Artificial Intelligence)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

ဉာဏ်ရည်တုသည် ဖန်တီးပြုလုပ်ထားတဲ့ အသိဉာဏ် ဖြစ်သည်ဟု တိုက်ရိုက်ဘာသာ ပြန်ဆိုနိုင်ပါတယ်။ ဉာဏ် ရည်တုသည် ကွန်ပျူတာ ပရိုဂရမ်တစ်ခုဖြစ်ပြီး ခွဲခြမ်း စိတ်ဖြာ သုံးသပ်ဖော်ပြနိုင်သည့် လူသား၏ ဉာဏ်ရည်ကို တုပထားပြီး လူသားတို့ထက် ပိုမိုသာလွန်သော စွမ်းဆောင် ရည်ရှိသည့် ဉာဏ်ရည်တု ပရိုဂရမ် ဖြစ်ပါတယ်။

ဉာဏ်ရည်တု(AI-Artificial Intelligence)၏သမိုင်းကြောင်း


ဉာဏ်ရည်တုသည် လူများ၏ အသိဉာဏ်ကဲ့သို့ အသုံးပြု နိုင်သည့် စက်တစ်ခုကို တီထွင်နိုင်ခဲ့သည့် စိတ်ကူး စိတ် သန်မှု စတင်ခဲ့ခြင်း ဖြစ်ပြီး ၁၉၅၀ ပြည့်နှစ်တွင် သခ်ၤာ ပညာရှင် Alan Turing မှ Computing Machinery and Intelligence ဆိုသည့် စက်တစ်ခုမှ လူတစ်ယောက်၏ အသိဉာဏ်နှင့် အပြုအမူတွေကို ပုံတူ ကူးထားနိုင်မှု ရှိ၊ မရှိ ကိုသိရှိနိုင်စေနိုင်သည့် စာတမ်းတစ်ခုကို တင်ပြခဲ့ပါတယ်။

ပုံပြဂရပ်(-) ဉာဏ်ရည်တု (Artificial Intelligence – AI) သမိုင်းကြောင်း



ထို့နောက် ကွန်ပျူတာပညာရှင် John McCarthy မှ ဉာဏ်ရည်တု ဟူသော အသုံးအနှုန်းကို ၁၉၅၀ ပြည့်လွန်နှစ်များတွင် စတင်ချမှတ်ခဲ့ပြီး ကွန်ပျူတာသည် လူသားကဲ့သို့ တွေးခေါ်နိုင်စွမ်း ရှိ၊ မရှိ ဆုံးဖြတ်ရန်အတွက် စစ်ဆေးသည့် Turing Test ကို စတင် လုပ်ဆောင်ခဲ့ပါတယ်။ ထို့နောက် ၁၉၅၆ တွင် လူသားကဲ့သို့ တွေးခေါ်နိုင်စွမ်းရှိသည့် စက်ပစ္စည်းများကို ဉာဏ်ရည်တု(AI - Artificial Intelligence) ဟု စတင်သတ်မှတ်ခဲ့ကြပါတယ်။ ၁၉၆၆ ခုနှစ်တွင် ELIZA လို့ခေါ်သည့် ပထမဆုံး chatbot ပေါ်ပေါက်လာခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် ဉာဏ်ရည်တုကို ဆေးပညာနယ်ပယ်တွင် စတင်အသုံးပြုခဲ့ပါတယ်။ ဆယ်စုနှစ် ၂ ခုကျော်ကြာပြီးနောက် ၁၉၉၇ ခုနှစ်တွင် ဉာဏ်ရည်တုကို Game များတွင် ထည့်သွင်းအသုံးပြုလာသည့်အထိ တိုးတက်လာခဲ့ပြီး လူသားနှင့် Chess ယှဉ်ပြိုင်ကစားရာတွင် ဉာဏ်ရည်တုနိုင်၍ ဉာဏ်ရည်တုကို လူအများ စတင်သိခဲ့ကြသည့် မှတ်တိုင်တစ်ခုလည်း ဖြစ်ခဲ့ပါတယ်။ ထို့နောက် ၂၀၁၁ ခုနှစ်တွင် ဉာဏ်ရည်တု နည်းပညာပါဝင်သည့် Voice Assistants များကို စမတ်ဖုန်းများတွင် ပေါင်းစပ်အသုံးပြုလာကြပြီး ယခုလက်ရှိတွင် Generative AI လို့ခေါ်သည့် ChatGPT ကဲ့သို့ Chatbots တွေ အပြိုင်အဆိုင် ပေါ်ပေါက်လာကြပြီ ဖြစ်ပါတယ်။

ပုံပြဂရပ် (-) ဉာဏ်ရည်တု (Artificial Intelligence – AI)




ယနေ့ခေတ်တွင် ဉာဏ်ရည်တုကို နယ်ပယ်တော်တော်များများ အထူးသဖြင့် နည်းပညာနယ်ပယ်တွေမှာ အသုံးပြုနေကြပါတယ်။ ဥပမာ Social Media တစ်ခုဖြစ်သည့် Facebook ဖြစ်ပြီး ပစ္စည်းတစ်ခုအကြောင်းကို စိတ်ဝင်စားရှာဖွေသည့်အခါ အဆိုပါပစ္စည်းအမျိုးအစားဆိုင်ရာသတင်းအချက်အလက်များသည် Newsfeed တွင် အများဆုံးတက်လာသည်ကို တွေ့ရပါတယ်။ ထိုသို့ ဖြစ်ရခြင်းမှာ Searchကို အထောက်အကူပြုပေးထားသည့် ဉာဏ်ရည်တု စနစ်သုံးထားခြင်းကြောင့်လို ဆိုနိုင်ပါတယ်။ Facebook ၏ comment တွင် လည်းကောင်း၊ post တွင်လည်းကောင်း ရိုင်းပြဆဲဆိုသော စကားလုံးများ သုံးစွဲပါကလည်း Warning ပေးခြင်းသည် Hate Speech Detection ကဲ့သို့သော ဉာဏ်ရည်တု နည်းပညာအား အသုံးပြုထားခြင်းကြောင့် ဖြစ်ပါတယ်။

Machine-learning Algorithm စနစ်များဖြင့် လူသားများ၏ ဦးနှောက်ကဲ့သို့ ကွန်ပျူတာမှ လုပ်ဆောင်ပေးခြင်းဖြစ်ပြီး အင်တာနက်မှ အချက်အလက်များ ရှာဖွေခြင်း၊ Youtube နှင့် Netflixမှ ရုပ်ရှင်ကြည့်ရှုခြင်း၊ Amazon ကဲ့သို့ အွန်လိုင်းမှ ဈေးဝယ်ယူခြင်းများတွင် ဉာဏ်ရည်တု များကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြပါတယ်။ ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အချက်အလက်များကို အခြေခံ၍ ပစ်မှတ်ထားကြော်ငြာခြင်း (Targeted Advertising) ၊ ကြည့်ရှုရန် ဇာတ်ကားများ (Recommended Videos) များကို ဖော်ပြခြင်းကဲ့သို့သော ကိစ္စရပ်များတွင် ဉာဏ်ရည်တု၏ သုံးသပ်ချက်များဖြင့်ဆောင်ရွက်လာတာကိုတွေ့ရမှာပဲဖြစ်ပါတယ်။

Education နယ်ပယ်တွင် Gradescop သည် ဉာဏ်ရည်တု အသုံးပြုထားသည့် Grading Platform တစ်ခုဖြစ်ပြီး ကျောင်းသားများ၏ Assignments (Multiple Choices) နဲ့ Exams များ၏ ရလဒ်များအပေါ်တွင် အလိုအလျောက် Grade သတ်မှတ်ပေးပါတယ်။ Health Care ပိုင်းတွင် တော့ Babylon Health App ကဲ့သို့ AI Virtual Health Assistant သည် User မှ ပေးသည့် လက္ခဏာ များပေါ်မူတည်၍ ဆေးဘက်ဆိုင်ရာ အကြံဉာဏ်နှင့် စမ်းသပ်မှုဝန်ဆောင်မှု များကို ပေးဆောင်ကာ အချိန်မှီ အကူအညီပေးလျက်ရှိ ပါတယ်။


လူ့စွမ်းအားအရင်းအမြစ်များနေရာတွင် ဉာဏ်ရည်တု (Artificial Intelligence – AI) များနေရာ ယူလာခြင်း

တိုးတက်လာသည့် နည်းပညာများတွင် ဉာဏ်ရည်တုသည် တစ်ခုအပါအဝင်ဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လူ့စွမ်းအား အရင်းအမြစ် အခြေပြုလုပ်ငန်းများတွင် ဉာဏ်ရည်တုများကို တွင်ကျယ်စွာ အသုံးပြုလာကြပြီ ဖြစ်ပါသည်။ ဉာဏ်ရည်တုသည် နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်၍ လူသားများ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတွင် အစားထိုးဝင်ရောက်မှုဆိုင်ရာ အောက်ဖော်ပြပါ ပုံပြဂရပ် (-) ၏ IMF – International Monetary Fund တွင် တွေ့ရှိနိုင်ပါတယ်။



ကမ္ဘာအနှံ့ရှိ စီးပွားရေး လုပ်ငန်းများတွင် ဉာဏ်ရည်တု အားကျယ်ပြန့်စွာ အသုံးပြုလာပြီ ဖြစ်သည့်အတွက် မူဝါဒများကို ကြိုတင်ချမှတ်ထားရန် မီးမောင်းထိုးပြလျက် ရှိပါတယ်။နိုင်ငံများအနေဖြင့် သင့်လျော်သောမူဝါဒများဆောင်ရွက်နိုင်စေရန်IMFသည် AI ကြိုတင်ပြင်ဆင်မှုအညွှန်းကိန်း (AI Preparedness Index)ဆိုင်ရာ လေ့လာမှုတစ်ရပ်ကို ပြုလုပ်ခဲ့ပါတယ်။ ဤအညွှန်းကိန်းတွင် ဒီဂျစ်တယ် အခြေခံဆောင်ရွက်ထားရှိမှုများ၊ လူ့စွမ်းအား အရင်းအမြစ်နှင့် လုပ်သားစွေးကွက် ဆိုင်ရာမူဝါဒများ၊ တီထွင်ဆန်းသစ်မှုနှင့် စီးပွားရေး ပေါင်းစပ်မှု၊ လိုက်ပါ ဆောင်ရွက်နိုင်သော ဥပဒေတို့တွင် မူတည်၍ တိုင်းတာပါတယ်။

(-)ပုံပြဂရပ် နိုင်ငံအလိုက်AI Preparedness Index (AI ကြိုတင်ပြင်ဆင်မှုအညွှန်းကိန်း)



IMF သည် နိုင်ငံပေါင်း ၁၂၅ နိုင်ငံ ဉာဏ်ရည်တု ကြိုတင်ပြင်ဆင်မှု ညွှန်းကိန်းများ ဆန်းစစ် လေ့လာမှုများ အရ ဖွံ့ဖြိုးပြီး နိုင်ငံများသည် ဖွံ့ဖြိုးမှုနည်းသော နိုင်ငံများထက် ဉာဏ်ရည်တုဆိုင်ရာ ကြိုတင် ဆောင်ရွက်ထားမှုများ ပိုမိုအားကောင်းကြောင်းနှင့် စင်ကာပူနိုင်ငံ၊ အမေရိကန်နိုင်ငံ နှင့် ဒိန်းမတ်နိုင်ငံများသည် တိုင်းတာမှုလေးခုလုံးတွင် ရလဒ်ကောင်းများ ရရှိကြောင်း ဖော်ပြထားပါတယ်။

စင်ကာပူနိုင်ငံ နှင့် မြန်မာနိုင်ငံတို့၏ (Artificial Intelligence – AI) နည်းပညာ အသုံးပြုမှု

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် ဉာဏ်ရည်တုဆိုင်ရာ ဆောင်ရွက်ထားမှု အကောင်းဆုံး နိုင်ငံကတော့ စင်ကာပူနိုင်ငံဖြစ်ပါတယ်။ စင်ကာပူနိုင်ငံသည် National AI Strategy ကို ချမှတ်ထားပြီး စင်ကာပူနိုင်ငံ၏ အမျိုးသား AI မဟာဗျူဟာ 2.0 (NAIS 2.0) သည် နိုင်ငံအား ကမ္ဘာ့ AI ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်ရန် ကုန်ထုတ်စွမ်းအား မြှင့်တင်ရန်၊ လူမှုဘဝနေထိုင်မှုကို မြှင့်တင်ပေးရန်နှင့် ဉာဏ်ရည်တုကို ကျင့်ဝတ်နှင့်အညီ အသုံးချနိုင်ရန်တို့ကို ရည်ရွယ်ထားပါတယ်။ NAIS 2.0 သည် ကျန်းမာရေး စောင့်ရှောက်မှု၊ ဘဏ္ဍာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများ ကဲ့သို့သော ကဏ္ဍများကို ဉာဏ်ရည်တုဖြင့် မြှင့်တင်ရန် ရည်ရွယ်ထားပြီး စင်ကာပူနိုင်ငံ၏ အမျိုးသားဉာဏ်ရည်တု မဟာဗျူဟာကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် အမေရိကန်ဒေါ်လာ ၁ သန်းခန့် ကို ၂၀၂၄ ဘက်ဂျက်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ အဆို

ပါ မဟာဗျူဟာအား ငါးနှစ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မျှော်မှန်းထားတယ်လို့ သိရှိရပါတယ်။



လမ်းပြမြေပုံတွင် အဓိကအားဖြင့် အခြေခံအဆောက်အအုံနှင့် ပတ်ဝန်းကျင်၊ လူသားနှင့်အသိုက်အဝန်း၊ အဓိကမောင်းနှင်အားဟူ၍ ကဏ္ဍသုံးခုရှိပါတယ်။ စွမ်းဆောင်ရည်မြင့်မားသော Data Processing ၊ Data Security တို့အတွက် အထူးပြု AI သုတေသနစင်တာများ တည်ထောင်ခြင်းနှင့် မူဘောင်ရေးဆွဲခြင်းတို့ အပါအဝင် ကောင်းမွန်သော AI ဂေဟစနစ်ကို ဖန်တီးရန်အတွက် ကမ္ဘာလုံးဆိုင်ရာ နည်းပညာအဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ startup များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မျက်မှောက်ကာလတွင် One Service chatbot AI ကို အသုံးပြု၍ ပြည်သူ့ဝန်ဆောင်မှုကို ဆောင်ရွက်လျက်ရှိပြီး ဥဏ်ရည်တိုးဖြင့် မြူနီစီပယ်ဝန်ဆောင်မှုများ တိုးတက်စေရန် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ AI chatbot သည် နိုင်ငံသားများ ကြုံတွေ့ရင်ဆိုင်ရသည့် ပြဿနာများကို တင်ပြရန်နှင့် အပြန်အလှန် ဆက်သွယ်မှုများကို ပြုလုပ်နိုင်ရန် ဖန်တီးပုံဖော်ထားပါတယ်။

မြန်မာနိုင်ငံသည် ဥဏ်ရည်တုအား အစိုးရအေဂျင်စီများ၊ ပညာရေးအဖွဲ့အစည်းများတွင် သုံးစွဲရန်အတွက် ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍတွင် ဥဏ်ရည်တု လေ့လာရေးအဆင့်မှ လက်တွေ့အသုံးချစနစ်သို့ တက်လှမ်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ ကွန်ပျူတာ တက္ကသိုလ်နှင့် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ အဖွဲ့အစည်းများမှ ဦးဆောင်၍ ဥဏ်ရည်တုဘာသာဗေဒတွင် မြန်မာဘာသာစကား ပါဝင်လာစေရန် ဆောင်ရွက်ခြင်း၊ အချက်အလက်လုံခြုံရေး စသည့်ပရောဂျက်များကို အဓိကထား ဆောင်ရွက်လျက်ရှိပါတယ်။ ဥဏ်ရည်တု ပဏာမ ခြေလှမ်းအဖြစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဦးဆောင်၍ LoRa WAN ကိုအသုံးပြု၍ ယာဉ်ကြောစီမံခန့်ခွဲမှုအတွက် အလိုအလျောက် လိုင်စင်ပြားဖတ်ခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

အကြံပြုတင်ပြချက်များ

အချက်အလက်(Data)များမှန်ကန်မှုရှိစေခြင်း။ ဥဏ်ရည်တုကို တီထွင်ဖန်တီးခြင်းတွင် အချက်အလက်များ (Data) သည် အဓိကအသက်သွေးကြောဖြစ်ပါတယ်။ တိကျခိုင်မာမှန်ကန်မှုမရှိသော အချက်အလက်များ၊ ခွဲခြားဆက်ဆံမှုနှင့် ဘက်လိုက်မှုရှိသော အချက်အလက်များကို အသုံးပြုမိခြင်းကြောင့် သတင်းအမှားများဖြစ်ပေါ်စေခြင်း၊ စားသုံးသူတို့၏ ယုံကြည်မှု ပျက်ပြားစေခြင်းနှင့် ဘက်လိုက်ခြင်းများဖြစ်စေနိုင်သည့်အတွက် စားသုံးသူများအား နစ်နာဆုံးရှုံးမှုများ ခံစားရစေနိုင်ပါတယ်။ဥဏ်ရည်တုနည်းပညာကို အသုံးပြုပါက အချက်အလက်များ မှန်ကန်စွာ ကောက်ခံထားရှိရမှာပဲ ဖြစ်ပါတယ်။

အချက်အလက် (Data) များ လုံခြုံမှုရှိစေခြင်း။ အချက်အလက် (Data)များကို မှန်ကန်စွာ ကောက်ယူစုဆောင်းပြီးပါက အဖွဲ့အစည်းများအနေဖြင့် ကောက်ယူစုဆောင်းထားသော သတင်းအချက်အလက်များအတွက် တိကျသေချာသော လုံခြုံရေးအစီအမံများကို အကောင်အထည်ဖော်ရန် လိုအပ်ပါတယ်။ အချက်အလက်လုံခြုံရေးဆိုင်ရာ အန္တရာယ်များကို လျော့ပါးစေရန် သတင်းအချက်အလက်များ ထိန်းသိမ်းခြင်း ကျင့်ဝတ်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ ခိုင်မာမှုနှင့် ကျင့်သုံးမှုများကို ဦးစားပေးလုပ်ဆောင်သွားရမှာပဲ ဖြစ်ပါတယ်။

ဦးစားပေးကဏ္ဍသတ်မှတ်ခြင်း။ ဥဏ်ရည်တု နည်းပညာသည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများ၏ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုတွင် ဝင်ရောက်နေရာယူလျက် ရှိပါတယ်။ ဖွံ့ဖြိုးပြီး နိုင်ငံများအနေဖြင့် ကဏ္ဍအများအပြားတွင် ဥဏ်ရည်တုနည်းပညာဖြင့် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်

သော်လည်း မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် ဥာဏ်ရည်တု နည်းပညာဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုသော ဦးစားပေးကဏ္ဍ သတ်မှတ်ပြီးမှသာ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းနိုင်ငံများကဲ့သို့ လိုက်ပါ ဆောင်ရွက်သင့်ပါတယ်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြင်ဆင်ခြင်း။ ဥာဏ်ရည်တုနည်းပညာသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသည့် နည်းပညာဖြစ်ပါတယ်။ ဥာဏ်ရည်တု နည်းပညာကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခြေခံအကျဆုံးသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားသင့်ပါတယ်။ ဥပမာအားဖြင့် ဥာဏ်ရည်တု နည်းပညာ နှင့် သက်ဆိုင်သော အသိပညာ၊ ဗဟုသုတနှင့် ခြိမ်းခြောက်နိုင်သည့် အန္တရာယ်များ အကျွမ်းတဝင်ရှိစေရန် အသိပညာ ဖြန့်ဝေခြင်း၊ အလားတူ သတင်းအချက်အလက်ဖန်တီးခြင်းနှင့် ဖျော်ဖြေရေးကိစ္စရပ်များတွင် ကျင့်ဝတ်နှင့် မညီသည့် ဥာဏ်ရည်တု ဖန်တီးမှုများ၏ အန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်သင့်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ခြင်း။ ဥာဏ်ရည်တု နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများဖြင့်ဖွံ့ဖြိုးတိုးတက်မှုသည် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကြီးမားသဖြင့်အစိုးရ-ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်၍ ပံ့ပိုးကူညီပေးရန်လည်း လိုအပ်ပါတယ်။ ဥာဏ်ရည်တု နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အချက်အလက်ဖြည့်သွင်းခြင်း၊ အချက်အလက်လုံခြုံမှုရှိစေရန် ဆောင်ရွက်ခြင်းများကို အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်သင့်ပါတယ်။ ဥာဏ်ရည်တုနည်းပညာအခြေပြု သုတေသန၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုစသည့် ရင်းနှီးမြှုပ်နှံမှုများကို အထူးနှင့်သာလွန်သော အခွင့်အရေးများ ပေးနိုင်ရန် မူဝါဒများချမှတ် ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ဇင်မာမြင့်
DICA

ကုမ္ပဏီအဖွဲ့အစည်းများအပေါ် ကြပ်မတ်ထိန်းကျောင်းခြင်းဆိုင်ရာ အစီအမံများ (၂)

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေတွင် ပါဝင်သည့် ကုမ္ပဏီအဖွဲ့ အစည်းများအပေါ် ကြပ်မတ် ထိန်းကျောင်းခြင်း ဆိုင်ရာအစီအမံများ ဒုတိယအပိုင်းကို ဤသတင်းလွှာတွင် တင်ပြ သွားမည်ဖြစ်ပါသည်။ ယခင်အပတ်စဉ် ၂ /၂၀၂၄ သတင်းလွှာတွင်ပထမအပိုင်းအနေဖြင့်မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ဖွဲ့စည်းမှတ်ပုံတင် ပြလာသည့် ကုမ္ပဏီများအားကုမ္ပဏီ အမျိုးအစားအလိုက် အသစ်ဖွဲ့စည်းမှတ်ပုံတင်ချိန်တွင် (Pre Establishment) ကြပ်မတ်သည့် အခြေအနေများအား ထည့်သွင်းဖော်ပြထားခဲ့ပြီး ဖြစ်ပါသည်။ ယခုအပတ်စဉ် သတင်းလွှာတွင် ဒုတိယပိုင်းအဖြစ် ဖွဲ့စည်းမှတ်ပုံတင်ပြီးနောက် (Post Establishment) ကုမ္ပဏီများမှ ဥပဒေအရ လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများအား ရေးသားဖော်ပြသွားမည် ဖြစ်ပါသည်။ကုမ္ပဏီအဖွဲ့အစည်းများအားကြပ်မတ်ထိန်းကျောင်းရာတွင် အဓိကအကျဆုံးဖြစ်သည့် ကုမ္ပဏီ မှတ်ပုံတင်အရာရှိ၏ လုပ်ပိုင်ခွင့်အရအရေးယူ ဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်၏အဓိကမဏ္ဍိုင်ကြီးများအနက် တရားစီရင်ရေးမဏ္ဍိုင်ဖြစ်သည့် တရားရုံး၏ အခန်းကဏ္ဍအရ အရေးယူဆောင်ရွက်ခြင်းများထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသည်

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ကုမ္ပဏီများက လိုက်နာဆောင်ရွက်ရမည့်အချက်များ

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများကို လိုက်နာရန် သတ်မှတ်ရာတွင် **“ကုမ္ပဏီများက လိုက်နာရန်အချက်များ”** နှင့် **“ဒါရိုက်တာများက လိုက်နာရန် အချက်များ”** ဟူ၍ ခွဲခြားနိုင်ပါသည်။ ကုမ္ပဏီများမှတ်ပုံတင်ရာတွင် MyCO စနစ်ဖြင့် လွယ်ကူစွာ မှတ်ပုံတင်နိုင်သကဲ့သို့ မှတ်ပုံတင်ပြီး နောက်ကုမ္ပဏီများအားထိန်းကျောင်းကြပ်မတ်ရာတွင်လည်း တိကျသေချာစွာ ဆောင်ရွက်နိုင်ရန်အတွက် အီလက်ထရောနစ် နည်းလမ်းဖြင့် စောင့်ကြည့်သည့်စနစ်များ၊ ကုမ္ပဏီမှ တင်ပြရန် ပျက်ကွက်မှုတို့ကိုသတိပေးအကြောင်းကြားခြင်းနှင့် အရေးယူခြင်းတို့အတွက် အီလက်ထရောနစ်ပုံစံများ ပြုစုထားရှိ၍ MyCO စနစ်မှတစ်ဆင့် ကြပ်မတ်ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ထားရှိခဲ့ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ**“ကုမ္ပဏီများကလိုက်နာရန်အချက်များ”**အနက်အဓိကအချက်များနှင့် ၎င်းအချက်များအပေါ် လိုက်နာမှုနှင့် ကြပ်မတ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **မှတ်ပုံတင်ထားသောရုံးခန်း။** ကုမ္ပဏီတစ်ခုသည် စတင်ဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ၎င်းနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ အကြောင်းကြားမှုများပြုလုပ်နိုင်ရန်အတွက် မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာအား ဖော်ပြရန် လိုအပ်ပါသည်။ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာနှင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့် နေရာတို့ကွဲပြားလျှင်လည်း မှတ်ပုံတင်စနစ်တွင် ဖော်ပြရန် လိုအပ်ပါသည်။ အကယ်၍ ကုမ္ပဏီ စတင်ဖွဲ့စည်း တည်ထောင်သည့်နေ့တွင် ဖော်ပြခဲ့သော လိပ်စာပြောင်းလဲခဲ့လျှင် ပြောင်းလဲခြင်းကို မှတ်ပုံတင်အရာရှိထံ သတ်မှတ်ရက်အတွင်း တင်ပြရန် လိုအပ်ခြင်း၊

(ခ) ကုမ္ပဏီသည်၎င်း၏ နောက်ဆုံးအချက်အလက်များအထိပါရှိသော မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်း များကို ကောင်းစွာ ထိန်းသိမ်းထားရှိရခြင်း၊

(ဂ) ဒါရိုက်တာများ၏ အသေးစိတ် အချက်အလက်များကို ထုတ်ဖော်တင်ပြခြင်းနှင့် ပြောင်းလဲပါကလည်း အကြောင်းကြားရခြင်း၊

(ဃ) ကုမ္ပဏီ၏ အသေးစိတ် အချက်အလက်များ ပြောင်းလဲမှုကို သတ်မှတ်ရက်အတွင်းပြောင်းလဲမှုဆိုင်ရာအချက်အလက်များကိုအကြောင်းကြားရခြင်း။

(င) နှစ်စဉ်အစီရင်ခံစာပေးပို့ရခြင်း။

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေအရ ဒါရိုက်တာများသည် အစုရှယ်ယာရှင်များက ပေးအပ်သော တာဝန်များကို ထမ်းဆောင်ရသူများဖြစ်ပြီး ဥပဒေအရ အောက်ပါသတ်မှတ်ထားသော တာဝန်များလည်း ရှိပါသည် -

(က) ထိုက်သင့်သော ဂရုပြုမှုနှင့် လုံ့လဝီရိယဖြင့်ဆောင်ရွက်ရန် တာဝန်၊

(ခ) ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် သဘောရိုးဖြင့် ဆောင်ရွက်ရမည့်တာဝန်၊

(ဂ) ရာထူးနေရာ သို့မဟုတ် သတင်းအချက်အလက်များကိုမလျော်မကန်အသုံးမပြုရန်တာဝန်၊

(ဃ) ကျိုးကြောင်း စဉ်းစားမှုမပြုဘဲ လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်ရန် တာဝန် ၊

(င) တာဝန်သိ၍ သင့်တင့်စွာ ဆောင်ရွက်ရမည့်တာဝန်၊

(စ) အချို့သော အကျိုးခံစားခွင့် များကို ထုတ်ဖော်ပြောဆိုရမည့် တာဝန်။

လက်ရှိကုမ္ပဏီများအနေဖြင့် ကုမ္ပဏီဥပဒေအား လိုက်နာနေမှု အခြေအနေနှင့် အရေးယူမှု အခြေအနေများ

လက်ရှိ အခြေအနေတွင် **MyCO** စနစ်တွင် အကျဉ်းအားဖြင့် ဖော်ပြနေသော ကုမ္ပဏီအရေအတွက်မှာ ၁ သိန်းကျော်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ MyCO စနစ်တွင် **စုစုပေါင်း ကုမ္ပဏီ အရေအတွက်၏ ၄၀ % ခန့်မှာ** MCL ပုဒ်မ ၉၇ အရ နှစ်စဉ်အစီရင်ခံစာ တင်သွင်းခြင်း (ဥပဒေအရ ကုမ္ပဏီအားလုံး မဖြစ်မနေပြုလုပ်ရမည်) ကို ပျက်ကွက်ခဲ့ကြသည့်အတွက် အရေးယူခြင်း ခံရသည့် အခြေအနေတစ်ရပ်ရပ် (ဥပမာ - ဆိုင်းငံခြင်း သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း)တွင် ရှိနေကြကြောင်းကို အောက်ပါအတိုင်း တွေ့ရှိရပါသည် -

စဉ်	ကုမ္ပဏီအခြေအနေ (Company Status)	စုစုပေါင်း အရေအတွက်
၁။	Registered	73,810
၂။	Suspended	19,473
၃။	Struck Off	31,751
၄။	Deregistered	313
၅။	In Liquidation	999
၆။	Liquidated	2,406
Total		**128,752**

အထက်ပါ အခြေအနေကို ကြည့်ပါက အရေးယူခြင်း ခံရသည့် အခြေအနေတစ်ရပ်ရပ်တွင် ရှိသော ကုမ္ပဏီ အရေအတွက်မှာ ရှိသင့်သည်ထက် များပြားနေပါသည်။ ကုမ္ပဏီတစ်ခုအား ရပ်ဆိုင်းလိုပါက ဥပဒေအရ စနစ်တကျ ဖျက်သိမ်းရန် လိုအပ်ခြင်းကိုလည်း နားလည်သဘော ပေါက်ခြင်း အားနည်းသည့်အတွက် ဤသို့ များပြားနေရသည်ဟုသုံးသပ်နိုင်ပါသည်။ ၎င်းအခြေအနေကိုကြည့်ပါက ဥပဒေအရပေးအပ်ထားသည့်အခွင့်အရေးများနှင့် လိုက်နာဆောင်ရွက်ရမည့် တာဝန်တို့ကို အပြည့်အဝနားမလည်ဘဲ လိုအပ်ချက်များအရ ကုမ္ပဏီများ ဖွဲ့စည်း/မှတ်ပုံတင်ကြသည့် အခြေအနေကို မှန်းဆနိုင်မည်ဖြစ်ပါသည်။

အရေးယူဆောင်ရွက်ရာတွင် မှတ်ပုံတင်အရာရှိ၏ အခန်းကဏ္ဍ

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA)သည် မြန်မာနိုင်ငံမှ ကုမ္ပဏီများကို မှတ်ပုံတင်ပေးရမည့် တာဝန်ကို ဆောင်ရွက်ရသည့်အပြင် ကုမ္ပဏီများမှ ဥပဒေနှင့်အညီ မှတ်ပုံတင်အရာရှိထံ တင်ပြရမည့် အချက်အလက်များကို တင်ပြရန် ပျက်ကွက်ခြင်းများကိုလည်း ထိန်းကျောင်းကြီးကြပ်ရသော ဌာနတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်အရာရှိသည် စည်းမျဉ်းစည်းကမ်းမလိုက်နာသည့် ကုမ္ပဏီများအား မှတ်ပုံတင်ခြင်းအပေါ် ဆိုင်းငံ့ခြင်း၊ ဒဏ်ကြေးချမှတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဥပဒေနှင့်အညီ အရေးယူခြင်းများကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်ပါသည်-

(က) ကုမ္ပဏီအမည်နှင့် စပ်လျဉ်း၍ စိစစ်၊ ညွှန်ကြားဆောင်ရွက်ခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင်ဖော်ပြထားသော ရုံးခန်းလိပ်စာနှင့်မြေပြင်အခြေအနေကွဲလွဲပါက စိစစ်ပြီးဆောင်ရွက်ခြင်း၊

(ဂ) အခန်း (၁၈) ပါ ပြဋ္ဌာန်းချက်များ ဖြစ်သည့် ဒါရိုက်တာများ၊၎င်းတို့၏လုပ်ပိုင်ခွင့်နှင့်တာဝန်များအား ချိုးဖောက်သော **ဒါရိုက်တာ (သို့) အခြေးအရာရှိများအပေါ်** (Disquali- fication of director) အဖြစ် သတ်မှတ်နိုင်ရန်အတွက် မှတ်ပုံတင်အရာရှိ အနေဖြင့် တရားရုံးသို့ အနေဖြင့် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်ပြီး တရားရုံးမှ သတ်မှတ်ထားသည့်ကာလအတွင်း ကုမ္ပဏီဒါရိုက်တာ (သို့) ကုမ္ပဏီအရာရှိ အဖြစ် ဆောင်ရွက်ခြင်းကို တားမြစ်နိုင်ခြင်း၊

(ဃ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်း၍မှတ်ပုံတင်အရာရှိမှ စုံစမ်းစစ်ဆေးခြင်း၊

(င) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များ အရ ကုမ္ပဏီတစ်ခုမှတင်ပြရန် စာရွက်စာတမ်း များကို စိစစ်ပြီး စာရွက်စာတမ်းများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များသည် အချက်အလက်များ ပြည့်စုံမှုမရှိ၍မှတ်ပုံတင်အရာရှိမှ စုံစမ်းစစ်ဆေး ခြင်းဆိုင်ရာ အကြောင်းကြားစာပေးပို့ခြင်း၊

(စ) ဒါရိုက်တာဦးရေ မလုံလောက်ပါက ဒါရိုက်တာများကို ခန့်အပ်ခြင်း၊

(ဆ) မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေတွင် သက်ဆိုင်ရာ ပြစ်မှုအလိုက် ဒဏ်ကြေးငွေကို ထည့်သွင်းပြဋ္ဌာန်းထားရာ မှတ်ပုံတင်အရာရှိ အနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီပြစ်ဒဏ် (သို့) ဒဏ်ကြေးငွေချမှတ်ဆောင်ရွက်နိုင်ခြင်း။

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ တရားရုံး၏ လုပ်ပိုင်ခွင့်များ

ကုမ္ပဏီများသည် ၎င်းတို့၏ ဆောင်ရွက်ချက်များ၊ စာရွက်စာတမ်း အချက်အလက်များနှင့် စပ်လျဉ်း၍ မပြည့်စုံခြင်း၊ အခြားချို့ယွင်းချက်များ (Defection) နှင့် တာဝန်များကို ပျက်ကွက်ပါက တရားရုံးသို့ ဖြည့်စွက်ခြင်း၊ ကုစားခြင်းများကို လျှောက်ထားဆောင်ရွက်နိုင်ပါသည်-

(က) **ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းအား ပြင်ဆင်ခြင်းဆိုင်ရာ လျှောက်ထားမှု ကာလသက်တမ်းတိုးခြင်း** (ပုဒ်မ ၁၈ (ခ))။ ကုမ္ပဏီတစ်ခုသည် ၎င်း၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းပြောင်းလဲပြင်ဆင်ရန် အထူးအစည်းအဝေး ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၂၈ ရက် အတွင်း မှတ်ပုံတင်အရာရှိထံ တင်ပြရမည် ဖြစ်သည်။ သို့သော် ကုမ္ပဏီမှ ၂၈ ရက် အတွင်း မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်ခြင်း မရှိပါက တင်ပြရမည့် ကာလကို တိုးမြှင့်ပေးရန် တရားမှ အမိန့်ချမှတ်နိုင်ပါသည်၊

(ခ) **ကုမ္ပဏီမှထိန်းသိမ်းထားသောအစုရှယ်ယာရှင် စာရင်း၌ မှားယွင်းရေးသားခြင်းနှင့် အသစ် ပြင်ဆင်ခြင်းများအတွက် စာရင်းပြုပြင်ခြင်း (ပုဒ်မ၁၀၁)။** ကုမ္ပဏီမှ ထိန်းသိမ်းထားရှိရမည် ဖြစ်သော မှတ်ပုံတင် စာရင်းတွင် ပုဂ္ဂိုလ် တစ်ဦးဦး၏ အမည်ကို မှားယွင်းဖော်ပြခြင်း (သို့) ပယ်ဖျက်ခြင်း၊ ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦး အဖြစ်မှ ရပ်စဲသည့် အချက်အလက်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရန် ပျက်ကွက် ခြင်း (သို့)မလိုလားအပ်ဘဲ နှောင့်နှေးမှု ပြုလုပ် ခဲ့လျှင် နစ်နာသည့် ပုဂ္ဂိုလ်သည် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်ပါသည်။တရားရုံးသည် ကုမ္ပဏီမှထိန်းသိမ်းထားသော အစုရှယ်ယာရှင် စာရင်း၌ မှားယွင်းရေးသားခြင်းနှင့် အသစ် ပြင်ဆင်ခြင်းများအတွက် စာရင်းပြုပြင်ခြင်း အမိန့်တစ်ရပ် ချမှတ်နိုင်ပါသည်၊

(ဂ) **ကုမ္ပဏီ၏ ပုံမှန်အထွေထွေ အစည်းအဝေးနှင့် အခြားအထွေထွေ အစည်းအဝေး ကျင်းပရန် ပျက်ကွက်ခြင်း (ပုဒ်မ ၁၄၇(ခ)၊ ၁၄၈(၈)၊ ၁၅၁(က)(၁၀)၊ ၁၅၂(c)။** ကုမ္ပဏီတစ်ခု၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ ရန် ပျက်ကွက်ခြင်း၊ အများပိုင်ကုမ္ပဏီများ၏ ဥပဒေအရ ကျင်းပရသည့် ကုမ္ပဏီအစည်း အဝေးကျင်းပရန် ပျက်ကွက်ခြင်း၊ အထွေထွေ အစည်းအဝေး ခေါ်ယူကျင်းပရန် ပျက်ကွက် ခြင်း၊ ကုမ္ပဏီ၏ အစည်းအဝေး တစ်ရပ်ရပ်ကို ခေါ်ယူကျင်းပခြင်း စသည်ဖြင့် ပျက်ကွက်ခြင်း များ တစ်စုံတစ်ရာပြုလုပ်ခဲ့ပါက ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးဦးက တရားရုံးသို့ တင်ပြ လျှောက်ထားနိုင်ပြီး တရားရုံးမှ အစည်းအဝေး ကျင်းပရန် ညွှန်ကြားနိုင်ပါသည်၊

(ဃ) **အထွေထွေ အစည်းအဝေး၏ အစည်းအဝေး မှတ်တမ်းများနှင့် သက်ဆိုင်သော စာရင်း စာအုပ်များကို ကြည့်ရှုခြင်း (Inspection)နှင့် မိတ္တူကို တောင်းဆိုခြင်းကို ငြင်းပယ်ခြင်း (ပုဒ်မ ၁၅၉) ။** ကုမ္ပဏီများ၏ အထွေထွေ အစည်းအဝေးများ၊ ဒါရိုက်တာများ၏ အစည်း အဝေး မှတ်တမ်းများ၊ စာဖြင့် ရေးသားချမှတ် ထားသော အစည်းအဝေး မှတ်တမ်းများအား ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးက စစ်ဆေး ဆောင်ရွက်ရန် အခမဲ့ ခွင့်ပြုရမည်ဖြစ်ပြီး၊ ဒါရိုက်တာများက သတ်မှတ်သည့် အဖိုးအခကို ပေးသွင်း၍ မိတ္တူကူးယူခွင့်ပြုရမည် ဖြစ်ပါ သည်။ စစ်ဆေးခွင့်နှင့် မိတ္တူတောင်းခံခြင်းကို ကုမ္ပဏီက ငြင်းပယ်ခဲ့ပါက တရားရုံးမှ အမိန့် တစ်ရပ်ချမှတ်၍ စစ်ဆေးခြင်းနှင့် မိတ္တူကို ပေးစေရန် ညွှန်ကြားနိုင်ပါသည်၊

(c) **ဒါရိုက်တာဦးရေ မလုံလောက်ပါက ဒါရိုက်တာ များကို ခန့်အပ်ခြင်း (ပုဒ်မ ၁၇၃(၈))။** ကုမ္ပဏီ တွင်ဒါရိုက်တာများမရှိလျှင်(သို့) အစည်းအဝေး အထမြောက်စေရန် သတ်မှတ် ထားသည့် ဒါရိုက်တာဦးရေ မပြည့်မီလျှင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းနှင့်အညီ ကုမ္ပဏီ အတွက် ဒါရိုက်တာခန့်ထားပေးရန် မှတ်ပုံတင် အရာရှိမှ တရားရုံးသို့ တင်ပြလျှောက်ထားပါ က တရားရုံးမှ ဒါရိုက်တာ ခန့်အပ်ခြင်းအတွက် သင့်သည့် ထင်မြင်ချက် စည်းကမ်းချက်များ ဖြင့် ပြုလုပ်ဆောင်ရွက်နိုင်ပါသည်၊

(စ) **ဒါရိုက်တာနှင့် အတွင်းရေးမှူး (secretary) တို့၏ အမည်စာရင်းများအား စစ်ဆေးမှုကို ကုမ္ပဏီက ငြင်းပယ်ခဲ့ပါက အမိန့်ဖြင့် စစ်ဆေး စေခြင်း (ပုဒ်မ ၁၈၉ (c)) ။** ကုမ္ပဏီတွင် ထိန်းသိမ်းထားရှိသည့် ဒါရိုက်တာနှင့် အတွင်း ရေးမှူး (secretary) တို့၏ အမည်စာရင်းများ ပါဝင်သည့် မှတ်ပုံတင်စာရင်းအား ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးဦးမှ စစ်ဆေးဆောင်ရွက်မှုကို အခမဲ့ ခွင့်ပြုရမည်ဖြစ်ပြီး အခြားသူ တစ်ဦးဦး က စစ်ဆေးဆောင်ရွက်လိုပါက သင့်လျော် သော ငွေပမာဏသတ်မှတ်ပြီး စစ်ဆေးဆောင် ရွက်ခွင့်ပြုရမည် ဖြစ်သည်။ စစ်ဆေးခွင့်ကို ငြင်းပယ်ပါက တရားရုံးသို့ လျှောက်ထားနိုင် ပြီး တရားရုံး၏အမိန့်ဖြင့် ချက်ချင်းစစ်ဆေး ဆောင်ရွက်ရန်အမိန့်တစ်ရပ်ချမှတ်နိုင်ပါသည်၊

(ဆ) **ကုမ္ပဏီများ၏ ပစ္စည်းများ ပေါင်နှံခြင်း (mortgage)သို့ကြွေးမြီတာဝန်ရှိခြင်း(charge) တို့အားမှန်ကန်စွာမှတ်ပုံတင်ထားခြင်း မရှိပါက မှတ်ပုံတင်ခြင်းဆိုင်ရာ ကာလကို သက်တမ်း တိုးခြင်း၊ လိုအပ်သော အမှားပြင်ဆင်မှုများ**

ပြုလုပ်ခြင်း (ပုဒ်မ ၂၄၄) ။ ကုမ္ပဏီတစ်ခုမှ ပြုလုပ်သော ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်ရှိခြင်း(M&C)တို့အား ဥပဒေအရ မှတ်ပုံတင်ရမည်ဖြစ်သည်။ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊ မှတ်ပုံတင်ထားသည့် M&C စာရင်းတွင် အချက်အလက် တစ်ရပ်ရပ် ချန်လှပ်ထားခြင်း၊ မှားယွင်းရေးသားခြင်းခဲ့လျှင် အကျိုးသက်ဆိုင်သူတစ်ဦးဦးမှ M&C အား ပြင်ဆင်သတ်မှတ်ပေးပါရန် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်ပါသည်။ တရားရုံးမှ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းနှင့် မှားယွင်းဖော်ပြချက်တို့သည် မတော်တဆကြောင့်ဖြစ်ကြောင်း(သို့) တမင်ရည်ရွယ်လုပ်ဆောင်ခြင်းမဟုတ်ကြောင်း(သို့) ကုမ္ပဏီ၏ မြီရှင်များ(သို့)ထိခိုက်နိုင်သည့် အခြေအနေမရှိကြောင်း ကျေနပ်လက်ခံခဲ့လျှင် တရားရုံးအနေဖြင့်သင့်သည်ထင်မြင်ပါကလျှောက်ထားမှု အမိန့်တစ်ရပ် ချမှတ်နိုင်သည်၊

(ဇ) **ပစ္စည်းများပေါင်နှံခြင်း(mortgage)သို့ကြွေးမြီတာဝန်ရှိခြင်း (charge) နှင့် ဒီဘင်ချာ (Debenture) တို့နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းမိတ္တူများ ကြည့်ရှုစစ်ဆေးခြင်း (ပုဒ်မ ၂၅၀) (ပုဒ်မ ၂၅၂)။** ကုမ္ပဏီမှ ပြုလုပ်သည့် ပစ္စည်းများပေါင်နှံခြင်း(mortgage)သို့ကြွေးမြီတာဝန်ရှိခြင်း (charge)နှင့် ဒီဘင်ချာ (Debenture) တို့အား အကျိုး သက်ဆိုင်သူ (သို့)ဒီဘင်ချာ ပိုင်ဆိုင်သူများမှ အခမဲ့ကြည့်ရှုစစ်ဆေးနိုင်သည့်အပြင် မိတ္တူတစ်စောင်အား တောင်းဆိုပိုင်ခွင့်ရှိပါသည်။ အဆိုပါ စစ်ဆေးကြည့်ရှုခြင်း (သို့) မိတ္တူ၏ တောင်းခံခြင်းကို ငြင်းပယ်လျှင် တရားရုံးသို့ လျှောက်ထားနိုင်ပါသည်။တရားရုံးမှ အဆိုပါစာရင်းကို စစ်ဆေးကြည့်ရှုခွင့်ကို ခွင့်ပြုပေးနိုင်ပါသည်၊

(စျ) **မှတ်ပုံတင်အရာရှိမှ တောင်းဆိုသည့် သတင်းအချက်အလက်များအား ပြုစုရန် ငြင်းပယ်ခြင်း (ပုဒ်မ ၂၇၀)** ။ ကုမ္ပဏီတစ်ခုအနေဖြင့် မှတ်ပုံတင်အရာရှိမှ တောင်းဆိုသည့် သတင်းအချက်အလက်များနှင့် ရှင်းလင်းဖော်ပြချက်များ ပြုစုပေးရန် ငြင်းပယ်ပါက မှတ်ပုံတင်အရာရှိက တရားရုံးသို့တင်ပြလျှောက်ထားနိုင်ပါသည်။မှတ်ပုံတင်အရာရှိက တင်ပြလျှောက်ထားလာပါက တရားရုံးအနေဖြင့် ကုမ္ပဏီအား လိုအပ်သော စာရွက်စာတမ်းများ ပြုလုပ်စေရန်နှင့် မှတ်ပုံတင်အရာရှိ၏ စစ်ဆေးမှုကို ခံယူစေရန် အမိန့်တစ်ရပ် ချမှတ်နိုင်ပါသည်၊

(ည) **ကုမ္ပဏီ၏ အရာရှိများ၏ တာဝန်ပျက်ကွက်ခြင်း (ပုဒ်မ၁၉၀(ခ)(၁)(၂))။** MCL၏ အခန်း(၁၈)ပါ ပြဋ္ဌာန်းချက်များဖြစ်သည့် ဒါရိုက်တာများ၊ ၎င်းတို့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များအား ချိုးဖောက်သော ဒါရိုက်တာ သို့မဟုတ် အရာရှိများအား အရည်အချင်း ပျက်ယွင်းသည့် ဒါရိုက်တာ (Disqualification of director) အဖြစ် သတ်မှတ်ရန်အတွက် မှတ်ပုံတင်အရာရှိအနေဖြင့် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်ပြီး တရားရုံးမှ သတ်မှတ်ထားသည့် ကာလအတွင်း အဆိုပါ ပုဂ္ဂိုလ်အား ဒါရိုက်တာအဖြစ် ဆောင်ရွက်ခြင်းကို တားမြစ်ခြင်းဖြင့် ပြစ်ဒဏ် ချမှတ်နိုင်ပါသည်။

သို့ပါ၍ ကုမ္ပဏီတစ်ခုသည် တရားဝင် အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နေသည့်အတွက် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း မပြုသရွေ့ ၎င်း၏အခွင့်အရေးများ၊ အခွင့်အာဏာများနှင့် အကျိုးခံစားခွင့်များ ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။ ကုမ္ပဏီတစ်ခု မှတ်ပုံတင်ပြီးပါက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ တာဝန်ဝတ္တရားများကို လိုက်နာရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေစဉ် ကာလအတွင်း တွင်လည်း ဥပဒေပါ ပြဋ္ဌာန်းချက်များအား အစဉ်တစိုက် လိုက်နာဆောင်ရွက်ရမည့် တာဝန်အပြည့် ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

(ယခုရေးသား တင်ပြသည့် အကြောင်းအရာများသည် ကုမ္ပဏီများမှ ဥပဒေအရလိုက်နာ ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ ကုမ္ပဏီများနှင့် ဒါရိုက်တာများက မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရလိုက်နာရန် လိုအပ်ချက်များအား ရေးသားတင်ပြထားခြင်းဖြစ်ပါသည်။ အခြားနိုင်ငံများတွင် ကုမ္ပဏီ/ အဖွဲ့အစည်းများအား ကြပ်မတ်သည့် အခြေအနေများနှင့် သုံးသပ်ချက်များအား နောင်အလျဉ်းသင့်သည့် သတင်းလွှာ အပတ်စဉ်တွင် ဆက်လက်၍ တင်ဆက်သွားမည် ဖြစ်ပါသည်။)

ဒီဇိုင်းများ ဆန်းသစ်တီထွင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှု

ကမ္ဘာတစ်ဝှမ်းမှ သတင်းအချက်အလက်ဒေတာများအရ ဒီဇိုင်းကို ဦးစားပေးအသုံးပြုသည့် ကုမ္ပဏီများသည်အခြားသော ကုမ္ပဏီများထက် တီထွင်ဆန်းသစ်နိုင်မှု ပိုမိုအားကောင်းကြပြီး ပို့ကုန်များကို ပြည်ပသို့တင်ပို့မှုများ ပိုမိုလုပ်ဆောင်လာ နိုင်ကြသည်ကို တွေ့ရှိရသည်။ ဒီဇိုင်းများဖန်တီးခြင်းသည် တီထွင်ဆန်းသစ်မှုများ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ်များစွာရရှိနိုင်သည်။ယနေ့ခေတ် ပြိုင်ဆိုင်မှုပြင်းထန်သော စီးပွားရေးပတ်ဝန်းကျင်တွင် လုပ်ငန်းရှင်များသည် ၎င်းတို့၏ လုပ်ငန်းတွင် ထုတ်ကုန်အသစ် ထုတ်လုပ်ရန် ဆုံးဖြတ်သည့်အခါ အဆိုပါ ထုတ်ကုန်များအား အသုံးပြုသူများပိုမို ကြိုက်နှစ်သက်အောင်၊ ရောင်းအားကောင်းအောင် ဒီဇိုင်းများအပေါ် အဓိကဦးစားပေး စဉ်းစားလာကြသည်။

ယနေ့ခေတ်တွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(SMEs)သည် ပြည်တွင်းတွင် သာမက ပြည်ပကုမ္ပဏီများနှင့်ပါ ယှဉ်ပြိုင်လျက်ရှိရာ ယင်းတို့၏ စိတ်ကူးများဖြင့် ဆန်းသစ်တီထွင်မှုများကို ပြိုင်ဘက် စီးပွားရေးလုပ်ငန်းရှင်များ ကူးယူတုပခြင်းများမှ ကာကွယ်တားဆီးရန် အရေးကြီး လျက်ရှိပေသည်။ ထို့ကြောင့် မိမိတို့၏ လုပ်ငန်း ရှင်သန်ကြီးထွားရန်အတွက် စက်မှုဒီဇိုင်းမူပိုင်ခွင့် ပိုင်ဆိုင်မှုများသည် အစွမ်းထက်ဆုံးကိရိယာတစ်ခုဖြစ်လာသည်။စက်မှုဒီဇိုင်းမူပိုင်ခွင့်သည် မိမိလုပ်ငန်းကို ချဲ့ထွင်ရန် ကြိုးပမ်းနေသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(SMEs)များအတွက် ပိုမိုအရေးကြီးလာသည်။

စက်မှုဒီဇိုင်းဆိုသည်မှာ ဝယ်ယူသူများအား အမြင်အာရုံဖြင့် ဆွဲဆောင်နိုင်စေရန် တန်ဆာဆင်ထားသည့် ထုတ်ကုန် တစ်ခု၏ အပြင်ပန်းပုံသဏ္ဌာန် ဖြစ်သည်။စက်မှုဒီဇိုင်းသည် စက်မှုလုပ်ငန်းများ၊ ဖက်ရှင်လုပ်ငန်းများ၊ လက်မှုပစ္စည်း ပြုလုပ်သည့် လုပ်ငန်းများ မြောက်များစွာနှင့် သက်ဆိုင်သည်။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် နေ့စဉ်အသုံးပြုသည့် အိမ်သုံးပစ္စည်းများ၊ ပရိဘောဂ ပစ္စည်းများမှစ၍ နာရီများ၊ လက်ဝတ်ရတနာများ၊ ထုပ်ပိုးမှု၊ အထည်အလိပ်များနှင့် အခြားဇိမ်ခံပစ္စည်း များတွင် ဒီဇိုင်းအမျိုးမျိုးကို မြင်တွေ့နိုင် သည်။ခေတ်မီ ဆန်းသစ် လှပသော ဒီဇိုင်းရှိသည့် ထုတ်ကုန် များသည် အခြားသော ထုတ်ကုန်များထက် ဝယ်ယူသူ များကို ပိုမိုဆွဲဆောင်နိုင်ပြီး ဝယ်ယူသုံးစွဲသူများ၏ စိတ် အပေါ် အပြည့်အဝလွှမ်းမိုးနိုင်သည်။ ထို့အပြင် အပြင်ပန်းပုံသဏ္ဌာန်လှပသော ဒီဇိုင်းများသည် ထုတ်ကုန် တစ်ခုအား ဝယ်ယူရန် ဆုံးဖြတ်ချက်ချပေးနိုင်သည့် အဓိက သော့ချက်တစ်ခုပင်ဖြစ်သည်။ ထုတ်ကုန် ဒီဇိုင်းသည် စီးပွားရေးလုပ်ငန်းများအတွက် ၎င်းတို့၏ထုတ်ကုန်များကို ပြိုင်ဘက်လုပ်ငန်းများနှင့်ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေပြီး လုပ်ငန်းပုံရိပ်ကို ပိုမိုကောင်း မွန်လာစေနိုင်သည်။

ထို့ကြောင့် စက်မှုဒီဇိုင်းများသည် စီးပွားရေးလုပ်ငန်းများအတွက် အဖိုးတန်လှသောကြောင့် ၎င်းတို့ကို ခိုင်မာထိရောက်စွာ အကာအကွယ်ယူထားရန် အရေးကြီးသည်။ ဒီဇိုင်းသည် ထုတ်ကုန် တစ်ခုကို ဈေးကွက်ချဲ့ထွင်ရာတွင် အရေးပါသောအခန်းကဏ္ဍ တစ်ရပ် အနေဖြင့်လည်း ပါဝင်လျက်ရှိသည်။စက်မှုဒီဇိုင်းသည် အမြင်အာရုံအားဆွဲဆောင်ရာတွင် အဓိကအချက်ဖြစ်သည့်အတွက် ဒီဇိုင်းများဖန်တီးရာတွင် နည်းပညာများ၊ ခေတ်ရေစီးကြောင်းများနှင့်အညီသုံးစွဲသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် ဆန်းသစ်သော အသွင်အပြင်များနှင့် ထုတ်ကုန်များကို ပေါင်းစပ်ဖန်တီးရန်လည်း အရေးကြီးသည်။ ဒီဇိုင်းများကို ဖန်တီးရာတွင် မလိုအပ်သော ရှုပ်ထွေးမှုများကို အတတ်နိုင်ဆုံးလျှော့ချပြီး အသုံးပြုရလွယ်ကူစေသည့် ရိုးရှင်းလှပသော ဒီဇိုင်းများသည် သုံးစွဲသူများကို စိတ်ကျေနပ်မှု အပြည့်အဝပေးနိုင်သည်။ ဥပမာအားဖြင့် Apple AirPods များသည် ခေတ်မီနည်းပညာများနှင့် ဒီဇိုင်းများပေါင်းစပ်၍ သေးငယ်ပေါ့ပါးသောကြိုးမဲ့နားကြပ်ကိုတီထွင်ဖန်တီးကာဈေးကွက်အတွင်းသို့ ချဲ့ထွင်ခဲ့သည့်အတွက် ပြိုင်ဘက်ကုမ္ပဏီများကို ကျော်တက်ကာ လုပ်ငန်းအောင်မြင်မှုများ ပိုမိုရရှိခဲ့သည်။ ထို့အတူ Tesla ၏ လျှပ်စစ်ကားများသည်လည်း ခေတ်မီနည်းပညာများ၊ခေတ်မီဆန်းသစ်သောဒီဇိုင်းများနှင့်ထူးခြားသော စွမ်းဆောင်ရည်များကိုပေါင်းစပ်ထုတ်လုပ်ထားသည့်အတွက် သုံးစွဲသူ ကြိုက်နှစ်သက်သည့် အထင်ကရထုတ်ကုန် တစ်ခုဖြစ်လာသည်။ အဆိုပါ အကြောင်းအရာများကို လေ့လာခြင်းအားဖြင့် ဒီဇိုင်းတစ်ခု အောင်မြင်လာလေလေ စီးပွားရေးလုပ်ငန်းများအတွက် ၎င်း၏ လုပ်ငန်းပုံရိပ် မြင့်မားလာလေပင်ဖြစ်သည်။

ထိုကဲ့သို့ လုပ်ငန်းပုံရိပ်များ ပိုမိုမြင့်မားလာသည်နှင့်အမျှ မိမိတို့၏ ဒီဇိုင်းများကို အကာအကွယ် ရယူထားရန်လည်း အရေးကြီးပေသည်။ မိမိ၏ထုတ်ကုန်ပစ္စည်း ဒီဇိုင်းများကို

မူပိုင်ခွင့်အကာအကွယ်ရယူထားခြင်းဖြင့်ဈေးကွက်အတွင်း၌ ရောင်းဝယ်ဖောက်ကားနိုင်သည့် အဖိုးထိုက်တန်သော သီးသန့် ပိုင်ဆိုင်မှုများ အဖြစ် ပြောင်းလဲပေးနိုင်သည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(SMEs) လုပ်ငန်းများအနေဖြင့် မိမိတို့၏ စိတ်ကူးစိတ်သန်းများဖြင့် ဖန်တီးထားသောဒီဇိုင်းများကို မူပိုင်ခွင့်ဖြင့် အကာအကွယ်ရယူထားခြင်းမရှိပါက ထိုတီထွင်ဖန်တီးမှုများကို အခြားလုပ်ငန်းများမှ အကန့်အသတ်မရှိ လွတ်လပ်စွာ အသုံးပြုနိုင်မည်ဖြစ်ပြီး ဆုံးရှုံးနစ်နာမှုများစွာရှိလာနိုင်သည်။ သို့ရာတွင် မူပိုင်ခွင့်အခွင့်အရေးများဖြင့်အကာအကွယ်ရယူထားပါက မူပိုင်ခွင့်ပိုင်ရှင် ခွင့်ပြုချက်မရှိဘဲ စီးပွားဖြစ်အသုံးပြုခြင်းကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။ စက်မှုဒီဇိုင်းပိုင်ရှင်သည်မှတ်ပုံတင်ထားသော ၎င်း၏ဒီဇိုင်းအား ခွင့်ပြုချက်မရှိဘဲ ကူးယူခြင်း (သို့) တုပခြင်းများမှ ကာကွယ်တားဆီးနိုင်သည့်အတွက် ဈေးကွက်ချဲ့ထွင်ခြင်းနှင့် ရင်းနှီးမြုပ်နှံမှုများကို အားကောင်း လာစေနိုင်မည်ဖြစ်သည်။

ဒီဇိုင်းပိုင်ရှင်သည် ၎င်း၏ဒီဇိုင်းကို အသုံးပြုရန် အခြားသူများအား အခကြေးငွေဖြင့် လိုင်စင်ချထားခြင်းများ ခွင့်ပြုပေးနိုင်သည့်အတွက် မိမိလုပ်ငန်းကို ငွေသားစီးဆင်းမှုအားကောင်းစေနိုင်ပြီး လုပ်ငန်း၏ ပုံရိပ်နှင့် ဈေးကွက်ချဲ့ထွင်ခြင်းကို မြှင့်တင်နိုင်ပါသည်။ ထို့ကြောင့် စက်မှုဒီဇိုင်းသည် ဆန်းသစ်တီထွင်မှုနှင့်စီးပွားရေးတိုးတက်မှုကို တွန်းအားပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ တိုးတက်လာသော နည်းပညာများ၊ လုပ်ငန်းဆောင်တာများနှင့်အလှတရားများကိုပေါင်းစပ်ဖန်တီးထားသောဒီဇိုင်းသည်ဈေးကွက်အတွင်းရှိထုတ်ကုန်များကို ကွဲပြားစေသည့် အပြင် ထုတ်ကုန်ဒီဇိုင်းများအပေါ်တွင် ရင်းနှီးမြှုပ်နှံသော စီးပွားရေးလုပ်ငန်းများအနေဖြင့်စက်မှုဒီဇိုင်းများကို ဗျူဟာမြောက် အသုံးချနိုင်ပါက စိန်ခေါ်မှုများကို အခွင့်အလမ်းများ အဖြစ်သို့ ပြောင်းလဲနိုင်ပြီး ပိုမိုအောင်မြင်မှုရှိသော စီးပွားရေးအနာဂတ်ဆီသို့ တွန်းပို့ပေးနိုင်မည်ဖြစ်သည်။

MIFER သတင်းကဏ္ဍ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (United Nations Development Programme-UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ဖြစ်သူ Mr. Titon Mitra အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme -UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Titon Mitra အား ၂၀၂၄ ခုနှစ်၊ဩဂုတ်လ ၇ ရက်နေ့၊ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် UNDPမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှအဆင့်မြင့်အရာရှိကြီးများနှင့်မြန်မာနိုင်ငံဆိုင်ရာ UNDP ရုံးမှ ကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ကြပါသည်။



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations office for Project Services-UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer နှင့်အဖွဲ့ အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer နှင့်အဖွဲ့အား ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့၊ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် UNOPSက ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNOPS ရုံးမှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။



နိုင်ငံတော်၏ ပြည်သူ့ဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဥာဏ်ရည်တု နည်းပညာ (Artificial Intelligence-AI) ဆိုင်ရာ အခြေခံအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအား ဖိတ်ကြား၍ နိုင်ငံတော်၏ ပြည်သူ့ဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဥာဏ်ရည်တုနည်းပညာ) Artificial Intelligence-AI) ဆိုင်ရာ အခြေခံအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို နေပြည်တော်ရှိ ရုံးအမှတ်(၁)၊ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးဌာနဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနရှိ ဝန်ထမ်းများအားလုံးသည် စီးပွားရေး၊ နိုင်ငံခြားဆက်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘာသာရပ်များကိုအသုံးချကာ ပြည်သူ့ဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဦးတည်ဆောင်ရွက်ရာတွင် ဥာဏ်ရည်တုနည်းပညာ (Artificial Intelligence-AI) နှင့် ဆက်စပ်ဆောင်ရွက်နိုင်မှုကို သိရှိနားလည်ထားရန် လိုအပ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးဖြစ်ပေါ်တိုးတက်မှုစနစ်သည် အဓိကအားဖြင့် လူသားများ၏ လိုအပ်ချက်ဖြစ်သော စားဝတ်နေရေး ဖြည့်ဆည်းနိုင်ရေးအတွက်ဖြစ်ကြောင်း၊ ထုတ်လုပ်မှု သွင်းအားစုများဖြစ်သည့် မြေယာ၊ လုပ်သား၊ အရင်းအနှီးများဖြင့် သမရိုးကျ ထုတ်လုပ်မှုမှ နောက်ပိုင်းတွင် စွန့်ဦးတီထွင်မှု ထည့်သွင်းလာကြပြီး အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာခဲ့ကြောင်း၊ ထိုသို့တိုးတက်ပြောင်းလဲမှုတွင် ၁၇၆၀ ပြည့်နှစ်၌ လူအစားစက်ကို အစားထိုးအသုံးပြုလာသည့် ပထမစက်မှုတော်လှန်ရေး (Industrial Revolution-1)၊ ၁၈၇၁ ခုနှစ်တွင် ပစ္စည်းများကို များပြားစွာ ထုတ်လုပ်လာခဲ့ပြီး လျှပ်စစ်ကို အသုံးပြုခဲ့သည့် ဒုတိယစက်မှုတော်လှန်ရေး (Industrial Revolution-2)၊ ၁၉၇၀ ပြည့်နှစ်များတွင် အလိုအလျောက် စက်ပစ္စည်းများ၊ကွန်ပျူတာနှင့် အင်တာနက်ကိုစတင်အသုံးပြုခဲ့သည့် တတိယစက်မှုတော်လှန်ရေး (Industrial Revolution-3) နှင့် ၂၀၁၁-၂၀၁၂ ခုနှစ်မှ စတင်၍ အဆင့်မြင့်အင်တာနက်စနစ်နှင့် ဥာဏ်ရည်တု နည်းပညာ) Artificial Intelligence-AI) ကို အသုံးပြုလာနိုင်သည့် စတုတ္ထစက်မှုတော်လှန်ရေး (4IR) အထိ ထူးခြားစွာတိုးတက်မှု ဖြစ်စဉ်များ အရှိန်အဟုန်ဖြင့် ပြောင်းလဲလာခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံတော်မှ ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့် ဒီဂျစ်တယ် နည်းပညာသစ်များ၏ လျင်မြန်စွာပြောင်းလဲမှုတို့ လိုက်လျောညီထွေ ရှိစေရန် “Myanmar e-Governance Master Plan 2030” ကို ရေးဆွဲထားပြီးဖြစ်သည့်အပြင် ဥာဏ်ရည်တု (AI) AI Usage Policyကိုလည်း ရေးဆွဲလျက်ရှိကြောင်း၊ ယနေ့ဆွေးနွေးပို့ချသည့် AI နည်းပညာဆိုင်ရာ အခြေခံအသိပညာများသည် ဝန်ကြီးဌာနမှ အကောင်အထည်ဖော်လျက်ရှိသည့် e-Government မှ Digital Government သို့ ပြောင်းလဲရေးတွင် အထူးအရေးပါပြီး တန်ဖိုးရှိသည့်အတွက် တက်ရောက်သူများမှ သေချာစွာလေ့လာကြစေလိုကြောင်းနှင့် ယနေ့သိရှိရသော AI နည်းပညာဆိုင်ရာ အသိပညာများဖြင့် ဝန်ကြီးဌာန၏ e-Government သို့ အသွင်ကူးပြောင်းရေး ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

ဥာဏ်ရည်တုနည်းပညာ) Artificial Intelligence-AI) ဆိုင်ရာ အခြေခံအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊နေပြည်တော်နည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးလင်းအောင်က ဥာဏ်ရည်တုနည်းပညာ) Artificial Intelligence-AI) ဆိုင်ရာ သိရှိထားသင့်သည့် အခြေခံအကြောင်းအရာများ၊ ဥာဏ်ရည်တုနည်းပညာ (AI) နှင့် ကျင့်ဝတ်၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအဆိုပြုချက်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကြိုတင်ခန့်မှန်းနိုင်ခြင်း၊ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ အပါအဝင် နိုင်ငံခြားစီးပွားဆက်သွယ်ရေးလုပ်ငန်းများတွင် AI နည်းပညာဖြင့် ပံ့ပိုးပေးနိုင်မှုအကြောင်းအရာများနှင့် အနာဂတ် AI ဆိုင်ရာ အသိပညာများကို မျှဝေဆွေးနွေးခဲ့ပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ပါမောက္ခဒေါက်တာ ခင်မာစိုးက AI နည်းပညာဆိုင်ရာ အကြောင်း၊ သုတေသနများတွင် အသုံးဝင်မှုများ၊ ကောင်းကျိုးများ၊ risks နှင့် အန္တရာယ် ရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြရာ တက်ရောက်လာ

ကြသူများက စိတ်ပါဝင်စားစွာဖြင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့် အရာရှိကြီးများနှင့် အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ် ဦးစီးမှူးရုံးများမှ Online ဖြင့် တက်ရောက်သူများ အပါအဝင် စုစုပေါင်းဝန်ထမ်းအင်အား ၁၂၀ ကျော် တက်ရောက်ကြသည်။



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့၊ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် အဂတိလိုက်စားမှုဆိုင်ရာ အသိပညာနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းသည် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ အဂတိ လိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများ ထိခိုက်မှုမရှိစေရေးနှင့် အကာအကွယ်ပေးရန်အတွက် နိုင်ငံဝန်ထမ်းများတွင် တာဝန်ရှိကြောင်း၊ ပြည်သူကို ဝန်ဆောင်မှုများ ပေးနေသောဌာနများနှင့် နိုင်ငံဝန်ထမ်းများ ကိုယ်တိုင် အဂတိလိုက်စားမှုကင်းရှင်းမှသာယာသည့်လူ့ပတ်ဝန်းကျင် ကိုဖြစ်စေပြီး လူနေမှုနှင့် အုပ်ချုပ်မှုစနစ်တို့ကို တိုးတက်ကောင်းမွန်စေမည်ဖြစ်ကြောင်း၊ တိုင်းပြည် တည်ဆောက်ရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်နေကြရသည့် နိုင်ငံဝန်ထမ်းများကိုယ်တိုင် အဂတိလိုက်စားမှုဆိုင်ရာ နိုင်ငံတကာအဓိပ္ပါယ်များ၊ နိုင်ငံတကာ ကွန်ဗင်းရှင်းများနှင့် ပြည်တွင်းဥပဒေတို့ကို သိရှိနားလည်ပြီး အမှန်တကယ် လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ အနေဖြင့်လည်း မိမိအခွင့်အာဏာ၊ ရာထူးနှင့် လုပ်ပိုင်ခွင့်တို့ကြောင့် နိုင်ငံတော် နစ်နာဆုံးရှုံးမှုဖြစ်စေသည့် အဂတိ

မြောက်သည့် ကိစ္စရပ်များနှင့် အဂတိလိုက်စားမှု ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည့် ဆောင်ရန်၊ ရှောင်ရန်များကို သိရှိထားရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ လုပ်ငန်းများနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်များအား ဝန်ဆောင်မှုပေးရသည့် ဌာနဖြစ်သည့်အတွက် အဂတိတရားများကင်းရှင်းစေရန် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းများကို ထိရောက်စွာ ဆောင်ရွက်ပေးခြင်းဖြင့် ဝန်ထမ်းများကို အဂတိလိုက်စားမှု ကင်းစင်စေမည်ဖြစ်ပြီး အစိုးရနှင့် ပြည်သူများ အကြားယုံကြည်မှု မြင့်မားလာစေမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးနှင့် ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုကို ကျူးလွန်ပါက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအရ အရေးယူခံရမည့်အပြင် မိမိပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင်လည်း ဂုဏ်သိက္ခာထိခိုက် ကျဆင်းစေမည်ဖြစ်သောကြောင့် ဝန်ထမ်းများအနေဖြင့် သိရှိရှောင်ကြဉ်ရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများသည် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်ရာ၌ ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူ /တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်၊ ကျေညာသားရင်းသားမခွဲခြားဘဲ မျှတစွာ၊ အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit- CPU) ဖွဲ့စည်းပြီး အဂတိလိုက်စားမှု လျော့နည်း ပပျောက်စေရေးအတွက် ကော်မရှင်၏ ပို့ချမှုဖြင့် အလုပ်ရုံဆွေးနွေးပွဲ၊ အသိပညာပေးဟောပြောပွဲနှင့် သင်တန်းပို့ချမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဌာနတွင်း ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများတွင်လည်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး ဘာသာရပ်ကိုပါ ထည့်သွင်းပို့ချစေခဲ့ပါကြောင်း၊ ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအနေဖြင့် ယနေ့ဆွေးနွေးပွဲမှ ရရှိသည့် အသိအမြင် ဗဟုသုတများဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကာ အဂတိတရားကင်းစင်သည့် ဝန်ကြီးဌာနဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားပါသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ ကော်မရှင်အနေဖြင့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အဂတိလိုက်စားမှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့သို့ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုများကို မဖြစ်မီ ကြိုတင်ကာကွယ်တားဆီးရန်အတွက် အသိပညာပေးခြင်းနှင့် တားဆီးကာကွယ်ခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူတစ်ဦးချင်းအပေါ်သို့ ကြီးမားစွာတိုက်ရိုက်သက်ရောက်နေသော ဖိစီးမှုများဖြစ်ပေါ်စေသည့် အသေးစား အဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းစေရန်၊ နိုင်ငံတော်အစိုးရက ပြည်သူလူထု၏ လိုအပ်ချက်များနှင့်အညီ လုပ်ဆောင်ပေးနေသည့် ဝန်ဆောင်မှုများကို ပြည်သူလူထုထံသို့ ပိုမိုပြည့်စုံကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်ရန်၊ ပြည်သူ့ဘဏ္ဍာဆုံးရှုံးမှု လျော့နည်းရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာများ တိုးပွားလာစေရန်ရည်ရွယ်၍ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန၊အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုတို့တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit- CPU) များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ CPU များ၏ လုပ်ငန်းတာဝန် ၃ ရပ်နှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် ၆ ရပ်တို့ကို ချမှတ်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ CPU များအတွက် ချမှတ်ထားသည့်လုပ်ငန်းအစီအစဉ် ၆ ရပ် အနက် ဆဋ္ဌမမြောက် အချက်ဖြစ်သည့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme - PFP) ကို အသုံးပြု၍ အသေးစားအဂတိလိုက်စားမှုများ လျော့ချနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် CPU များ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာဆောင်ရွက်နိုင်စေရန် လိုအပ်သည့် နည်းပညာဆိုင်ရာ သင်တန်းများပို့ချပေးခြင်း၊ PFP အစီအစဉ်အသုံးပြုသည့် ဌာနများအတွက် လိုအပ်သည့် အသုံးပြုနည်း သင်တန်းများ ပို့ချပေးခြင်းများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက်အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်

ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွေးက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်ကအဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးကဏ္ဍများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်ဦးဆောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာကြူ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) အဖွဲ့ဝင်များနှင့် အရာထမ်း၊ အမှုထမ်းများမှ လူကိုယ်တိုင်နှင့် Onlineတို့ဖြင့် ပါဝင်တက်ရောက်ကြသည်။



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ ၁၄ ၀၀ နာရီတွင် ရန်ကုန်မြို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန စုပေါင်းခန်းမ၌ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးရသော ဌာနဖြစ်သည့်အတွက် ဌာန၏ လုပ်ငန်းတာဝန်များအားစွမ်းဆောင်ရည်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက် နှင့်အညီ ယခုဘဏ္ဍာနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်ရန်အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပြည့်မီအောင် ဆောင်ရွက်သွားရမည်

ဖြစ်ကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေး အတွက် ဦးစားပေးလုပ်ငန်းများကို ပိုမိုဖိတ်ခေါ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ဌာနရှိ Startup Center အနေဖြင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းဖြစ်ပေါ်လာအောင် ထိထိရောက်ရောက် ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်း ဆိုင်ရာကိစ္စရပ်များကို ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ လုပ်ငန်းခွင်တွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို အလေးထား လိုက်နာရန်လိုအပ်ကြောင်း၊ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှု ကင်းရှင်းရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရှိ ဝန်ထမ်းများ၏ ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုပါသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) နှင့် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေး မှူးရုံးတို့မှအရာထမ်း၊အမှုထမ်းများ စုစုပေါင်း လူဦးရေ ၁၃၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။



(၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် အတွက် လာအိုနိုင်ငံသို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပသည့် (၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ လာအိုနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိများက အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည်။



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး (၅၆) ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် ကျင်းပသည့် (၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့၊ နံနက်ပိုင်းတွင် (၃၈) ကြိမ်မြောက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီ အစည်းအဝေးသို့တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင်ဝန်ကြီးများက အာဆီယံနိုင်ငံများအကြား ဆောင်ရွက်လျက်ရှိသည့် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုအရ ပင်ရင်းဒေသ စည်းမျဉ်း၊ ကုန်စည်များ လွယ်ကူချော့မွေ့စေရေး၊ လူ၊ အပင်နှင့် တိရစ္ဆာန်များ ရောဂါပိုးမွှားကင်းစင်ရေး၊ စံချိန်စံညွှန်းနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အကောက်ခွန်ပေါင်းစည်းရေးဆိုင်ရာကိစ္စရပ်များတွင် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထို့ပြင် ၂၀၂၅ ခုနှစ်တွင် အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းအပြီးသတ် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန် ဝန်ကြီးများက ကုန်စည်ကုန်သွယ်ရေး ညှိနှိုင်းမှုကော်မတီနှင့် လုပ်ငန်းအဖွဲ့များအား လမ်းညွှန်ခဲ့သည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၂၇) ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသ ကောင်စီ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် အတူတက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင်ဝန်ကြီးများကအာဆီယံရင်းနှီးမြှုပ်နှံမှုဒေသအကောင်အထည်ဖော်မှုအရ ဆောင်ရွက်လျက်ရှိသည့် အာဆီယံစဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လမ်းညွှန်ချက်များ ရေးဆွဲခြင်း၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အစီအစဉ်များ ဆောင်ရွက်ခြင်း၊ အာဆီယံရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာ ရေးသားပြုစုထုတ်ဝေခြင်း၊ အာဆီယံရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပခြင်းနှင့် အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် (၂၇)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှု ဒေသကောင်စီအစည်းအဝေးနှင့် တစ်ဆက်တည်းပြုလုပ်သည့် အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ပဉ္စမအခြေပြုစာချုပ်လက်မှတ်ရေးထိုးပွဲတွင် မြန်မာနိုင်ငံကိုယ်စား ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ အခြေပြုစာချုပ်သည် အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် ပထမအခြေပြုစာချုပ်နှင့် လက်ရှိပဉ္စမအခြေပြုစာချုပ်မူကြမ်းအထိ ပြင်ဆင်ချက်များ အားလုံးအပါအဝင် ခေါင်းစီးမှတ်စု၊ ပူးတွဲများနှင့်အတူ စုစည်းပြင်ဆင်ထားခြင်း ဖြစ်သည်။ အဆိုပါ အခြေပြုစာချုပ်ကို လေ့လာဖတ်ရှုလိုသည့် အများပြည်သူများ အဆင်ပြေစေရန် အလွတ်သဘော ဖော်ပြချက်အဖြစ် အာဆီယံ ဝက်ဘ်ဆိုက်တွင် လွှင့်တင်သွားမည်ဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေး ကောင်စီတို့၏ ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲတွင် အာဆီယံ စီးပွားရေးအကြံပေးကောင်စီက ၂၀၂၄ ခုနှစ်အတွင်း ပုဂ္ဂလိကကဏ္ဍက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့ရာဝန်ကြီးများက အနာဂတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် ပုဂ္ဂလိကအခန်းကဏ္ဍကပိုမို ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို လမ်းညွှန်ခဲ့ပြီး အစိုးရ-ပုဂ္ဂလိက ချိတ်ဆက်ဆောင်ရွက်မှု ယန္တရားဆိုင်ရာ အကြံပြုချက်စာတမ်းကို အတည်ပြုခဲ့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့သည့် (၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံစီးပွားရေးဝန်ကြီးများနှင့်အတူတက်ရောက်ခဲ့သည်။အဆိုပါအစည်းအဝေးတွင် ဝန်ကြီးများက လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူနေသည့် ၂၀၂၄ ခုနှစ် အတွင်းပြီးစီးအောင် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေး ဆိုင်ရာဦးစားပေးလုပ်ငန်းများ၏ အကောင်အထည်ဖော်မှု အခြေအနေများ၊ အာဆီယံ ထောက်ပံ့ ပို့ဆောင်ရေး ကွင်းဆက်ချိတ်ဆက်မှုဆိုင်ရာ အာဆီယံကြေညာချက်နှင့် ဥဏှ

မူပိုင်ခွင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံမူဘောင်သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းအတွက် အကြံပြုချက်များကို မှတ်တမ်းတင်ခဲ့သည်။ ထို့အပြင် အာဆီယံဒေသတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း မူဝါဒများကို စံပြုရန်အတွက် အာဆီယံအသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေး လုပ်ငန်း မူဝါဒပိုင်းဆိုင်ရာ ညွှန်းကိန်းများနှင့် အာဆီယံတွင် အားလုံးပါဝင်သော စီးပွားရေးအသိအမှတ်ပြုမှုစနစ် မူဘောင်တို့ကိုလည်း အတည်ပြုခဲ့သည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ အာဆီယံ ဒီဂျစ်တယ်စီးပွားရေး မူဘောင်သဘောတူစာချုပ် စေ့စပ်ညှိနှိုင်းမှု၏ အကောင်အထည်ဖော်မှု အခြေအနေကို မှတ်တမ်းတင်ခဲ့ပြီး ယင်းစေ့စပ်ညှိနှိုင်းမှုများ ၂၀၂၅ ခုနှစ်တွင် အချိန်မီ ပြီးသတ်နိုင်ရေး လိုအပ်သည်များကို လမ်းညွှန်ခဲ့သည်။ အာဆီယံစီးပွားရေး အသိုက်အဝန်းအောက်ရှိ စဉ်ဆက်မပြတ် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကာဗွန်လျှော့ချရေး၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းစေသည့် စီးပွားရေး၊ အာဆီယံ အဏ္ဏဝါစီးပွားရေးတို့၏ အကောင်အထည်ဖော်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဝန်ကြီးများက ဒေသတွင်း စဉ်ဆက်မပြတ် စီးပွားရေး တိုးတက်မှုကို ခိုင်မာစေသည့် နည်းလမ်းအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ထို့အပြင် အာဆီယံအသိုက်အဝန်း ၂၀၄၅ မျှော်မှန်းချက်နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာ လုပ်ငန်းစီမံချက်) ၂၀၂၆-၂၀၃၀ (ရေးဆွဲမှု၏ တိုးတက်မှု အခြေအနေကို မှတ်တမ်းတင်ခဲ့ပြီး၊ လုပ်ငန်းများ အချိန်မီ ပြီးမြောက်ရေး ဆောင်ရွက်နိုင်ရန် ဝန်ကြီးများက အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့အား လမ်းညွှန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ကမ္ဘာ့ဥဇာမူပိုင်ခွင့်အဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့၏ မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် အာဆီယံနှင့် ကမ္ဘာ့ဥဇာမူပိုင်ခွင့်အဖွဲ့တို့အကြား ဆောင်ရွက်နေသည့် ဒီဂျစ်တယ်ဆန်းသစ်တီထွင်မှုနှင့် ဒီဂျစ်တယ်အသွင် ကူးပြောင်းရေး၊ အာဆီယံဒေသတွင်း ၂၀၄၅ခုနှစ်တွင် ပြည်သူဗဟိုပြုတီထွင် ဆန်းသစ်မှုများဖြင့် ဖွံ့ဖြိုးတိုးတက်မှု အသွင်ပြောင်းလဲရေးနှင့် အာဆီယံနှင့် ကမ္ဘာ့ဥဇာ မူပိုင်ခွင့်အဖွဲ့တို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ အရှိန်မြှင့်တင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာလ ၁၈ ရက်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၁၆) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် ဝန်ကြီးများက စီအယ်လ်အမ်ဗွီ လုပ်ငန်းအစီအစဉ် ၂၀၂၃-၂၀၂၄ ပါ လုပ်ငန်းများ အကောင်အထည်ဖော်မှုကို မှတ်တမ်းတင်ခဲ့ပြီး၊ စီအယ်လ်အမ်ဗွီလုပ်ငန်းအစီအစဉ် ၂၀၂၅-၂၀၂၆ ကို ပုံသေမထားဘဲ လိုအပ်သလို ပြင်ဆင်မွမ်းမံသွားမည့် အစီအစဉ်တစ်ခုအဖြစ် အတည်ပြု၍ လုပ်ငန်းများထပ်မံဖြည့်စွက်ရန်အတွက် အဆင့်မြင့်စီးပွားရေးအရာရှိများအား တာဝန်ပေးအပ်ခဲ့သည်။ ထို့ပြင် ဝန်ကြီးများက စီအယ်လ်အမ်ဗွီ နိုင်ငံများအား ၂၀၃၀ ပြည့်နှစ်တွင် ရေရှည်တည်တံ့သော အလယ်အလတ်အထက် အဆင့်ဝင်ငွေရှိသည့် နိုင်ငံများအဖြစ် ရပ်တည်နိုင်ရန် အထောက်အပံ့ပေးမည့် စီအယ်လ်အမ်ဗွီဖွံ့ဖြိုး တိုးတက်မှုမူဘောင် ၂၀၂၀-၂၀၃၀ အကောင်အထည်ဖော်မှု၏ လုပ်ငန်းအစီအစဉ် ရေးဆွဲရေးအတွက် ကမ္ဘောဒီးယားနိုင်ငံက အဆိုပြုထားသည့် အလုပ်ရုံ ဆွေးနွေးပွဲကျင်းပရန်နှင့် မူဘောင်ကို အကောင်အထည်ဖော်ရန် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအပေါ် ဆွေးနွေးညှိနှိုင်းခဲ့သည်။

အဆိုပါအစည်းအဝေးများတွင် လာအိုနိုင်ငံ၊ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Malaithong Kommasith သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ ကောင်စီဝန်ကြီးများ၊ အာဆီယံ ရင်းနှီးမြှုပ်နှံမှုဒေသ ကောင်စီဝန်ကြီးများ၊ စီအယ်လ်အမ်ဗွီစီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ၊ အာဆီယံစီးပွားရေး အကြံပေးကောင်စီအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ် နှင့် တာဝန်ရှိသူများပါဝင်တက်ရောက်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးနှင့်အတူ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကို၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိ

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ သည်။

ပြည်ထောင်စုဝန်ကြီးသည် အာဆီယံစီးပွားရေး ဝန်ကြီးများနှင့် အီးယူ ကုန်သွယ်ရေး ကော်မရှင် ၊ ရုရှား ၊ ဆွစ်ဇာလန်၊ ဗြိတိန်၊ ဟောင်ကောင် (တရုတ်) ၊ အမေရိကန် ၊ အိန္ဒိယ ၊ ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အရှေ့အာရှ၊ ဂျပန်၊ တရုတ် ၊ ကိုရီးယား ၊ အပေါင်းသုံး စီးပွားရေး ဝန်ကြီးများ အစည်းအဝေးများနှင့် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးများ အစည်းအဝေးသို့ စက်တင်ဘာလ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ တက်ရောက်ခဲ့ပါသည်။



အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ကျင်းပသည့် စီးပွားရေးဝန်ကြီးများ အစည်းအဝေးများသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်

လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် (၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများ အစည်းအဝေးနှင့် တစ်ဆက်တစ်စပ်တည်း ကျင်းပသော အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ပြုလုပ်သည့် စီးပွားရေး ဝန်ကြီးများအစည်းအဝေးများသို့ မြန်မာနိုင်ငံ၏ အာဆီယံ စီးပွားရေးဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ ပါဝင်တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့၊ နံနက်ပိုင်းတွင် အကြိမ် (၂၀) မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အီးယူ ကုန်သွယ်ရေး ကော်မရှင်နာ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံ-အီးယူ စီးပွားရေးကောင်စီက တင်ပြသည့် ဆောင်ရွက်မှုများနှင့် အကြံပြုချက်များ၊ အာဆီယံနှင့် အီးယူတို့အကြား ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များနှင့် အာဆီယံ အီးယူကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအစီအစဉ် (၂၀၂၄-၂၀၂၅) အကောင်အထည်ဖော်မှုများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၁၃) ကြိမ်မြောက် အာဆီယံ -ရုရှား စီးပွားရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး၊ အဆိုပါ အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးလမ်းပြမြေပုံကို အကောင်အထည် ဖော်လျက်ရှိသည့် လုပ်ငန်းအစီအစဉ် ၂၀၂၁-၂၀၂၅ ၏

ဆောင်ရွက်မှုများနှင့် အာဆီယံနှင့် ယူရေးရှား စီးပွားရေး ကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တတိယ အကြိမ်မြောက် အာဆီယံ-ဆွစ်ဇာလန် စီးပွားရေး ဝန်ကြီး များ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံ-ဥရောပ လွတ်လပ်သောကုန်သွယ်မှုအဖွဲ့ ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ပူးတွဲ ကြေညာချက်ကို အတည်ပြုခဲ့ပြီး၊ အာဆီယံ-ဆွစ်ဇာလန်ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရေး ၂၀၂၂-၂၀၂၆အစီအစဉ်အကောင်အထည်ဖော်မှုများအပေါ် ညှိနှိုင်း ဆွေးနွေးခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၄) ကြိမ်မြောက် အာဆီယံ-ယူကေ စီးပွားရေး ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေး တွင် အာဆီယံနှင့် ဖြတိန်နိုင်ငံတို့အကြား ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်များ၏ ဖြစ်ပေါ် တိုးတက်မှု အခြေ အနေများ မှတ်တမ်းတင်ခဲ့ပြီး၊ အာဆီယံ-ဖြတိန် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ၂၀၂၄ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ အကောင်အထည်ဖော်မည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့၊နံနက်ပိုင်းတွင် ကျင်းပသည့် (၈) ကြိမ်မြောက် အာဆီယံ-ဟောင်ကောင် (တရုတ်) စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်၍ အခြားစီးပွားရေးဝန်ကြီး များနှင့်အတူ အာဆီယံ - ဟောင်ကောင် (တရုတ်) ရင်းနှီး မြှုပ်နှံမှု သဘောတူစာချုပ်၏ လုပ်ငန်းအစီအစဉ်နှင့် အာဆီယံ - ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုအရ ပံ့ပိုးပေး လျက်ရှိသည့် စီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေး ခဲ့သည်။ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ နှင့် အမေရိကန်စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် ဝန်ကြီး များက အာဆီယံ-အမေရိကန်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံ မှု မူဘောင်အစီအစဉ်နှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု တိုးချဲ့အစီအစဉ် ၂၀၂၃-၂၀၂၄၏ အကောင် အထည်ဖော်မှု များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး၊ အာဆီယံ-အမေရိကန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မူဘောင် အစီအစဉ်နှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု တိုးချဲ့အစီအစဉ် ၂၀၂၄ - ၂၀၂၅ ကို အတည်ပြုခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၁၃) ကြိမ် မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများ အစည်း အဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် ဝန်ကြီးများက ကနေဒါ - အာဆီယံစီးပွားရေးကောင်စီက တင်ပြသည့် အာဆီယံနှင့် ကနေဒါ အကြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရန် အာဆီယံနိုင်ငံများသို့ စီးပွားရေးအဖွဲ့များ သွားရောက်မှုနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများ၊ အာဆီယံ-ကနေဒါ ကုန်သွယ်ရေး နှင့် ရင်းနှီးမြှုပ်နှံမှုပူးတွဲကြေညာချက်ကို အကောင်အထည် ဖော်သည့် လုပ်ငန်းအစီအစဉ် ၂၀၂၁-၂၀၂၅ ဆောင်ရွက် ပြီးစီးမှုအခြေအနေများ၊ အာဆီယံ-ကနေဒါ လွတ်လပ် သော ကုန်သွယ်မှု သဘောတူစာချုပ်ညှိနှိုင်းမှုများအတွက် နည်းပညာပံ့ပိုးမှု အစီအစဉ်များနှင့် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ညှိနှိုင်းမှု အခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည်(၂၁)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ စီးပွားရေးဝန်ကြီးများ အစည်းအဝေး သို့တက်ရောက်ခဲ့ပြီး၊ အာဆီယံ-အိန္ဒိယ စီးပွားရေးကောင်စီ က တင်ပြမည့် ကိစ္စရပ်များနှင့် အကြံပြုချက်များ၊ အာဆီယံ - အိန္ဒိယကုန်စည်ကုန်သွယ်ရေး သဘောတူ စာချုပ် ပြန်လည်သုံးသပ်မည့် အစီအစဉ်များအပေါ် အမြင် ချင်း ဖလှယ်ဆွေးနွေးခဲ့သည်။

စက်တင်ဘာလ ၂၁ရက်နေ့၊ နံနက်ပိုင်းတွင်ပြည်ထောင်စု ဝန်ကြီးသည် (၂၉) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန်စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက် ရောက်ခဲ့သည်။အစည်းအဝေးတွင် အာဆီယံ-ဩစတြေးလျ စီးပွားရေးကောင်စီနှင့် အာဆီယံ-နယူးဇီလန် စီးပွားရေး ကောင်စီတို့၏ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာစီးပွားရေးအမြင်များ ကို မှတ်တမ်းတင်ခဲ့သည်။ ထို့ပြင်ဝန်ကြီးများက အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှု ဒေသထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ပြင်ဆင် သည့် ဒုတိယအခြေပြစာချုပ် အသက်ဝင်ရေး ဆောင်ရွက်မှု များ၊ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည်ဖော်ခြင်း ဆိုင်ရာ

အထောက်အကူပြု အစီအစဉ် အကောင်အထည်ဖော်မှု နှင့် အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် ပေါင်းစည်းရေး ဖိုရမ် ၂၀၂၄ ၏ ရလဒ်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အကြိမ်(၃၀) မြောက် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံဂျပန်ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အကောင်အထည်ဖော်မှုများ၊ အာဆီယံ-ဂျပန် တီထွင်ဆန်းသစ်မှုနှင့် ရေရှည်တည်တံ့သော စီးပွားရေးမိတ်ဖက် ထူထောင်ရေး ဆိုင်ရာ အနာဂတ်လုပ်ငန်းအစီအစဉ် ၂၀၂၃-၂၀၃၃ အကောင်အထည်ဖော်မှုများနှင့် ဂျပန်နိုင်ငံ၏ အာဆီယံ ဆိုင်ရာစီးပွားရေးနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ချုပ်မှ တင်ပြသည့် အကြံပြုချက်များအပေါ် ဆွေးနွေး ညှိနှိုင်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၁၂) ကြိမ် မြောက် အရှေ့အာရှစီးပွားရေးဝန်ကြီးများ အစည်းအဝေး သို့ တက်ရောက်၍ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး စိန်ခေါ်မှုများ၏ အကျိုးသက်ရောက်မှု များကို လျော့ပါးစေရန် အရှေ့အာရှအဖွဲ့ဝင်နိုင်ငံများ အကြား ပူးပေါင်းဆောင်ရွက်မှုများအပေါ် အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာလ ၂၂ ရက် နေ့တွင် နံနက်ပိုင်းတွင် (၂၃) ကြိမ်မြောက် အာဆီယံ-တရုတ်စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက် ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် ဝန်ကြီးများ က အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် (၃.၀) အဆင့်မြှင့်တင်ခြင်း ညှိနှိုင်းမှု၊ အာဆီယံ-တရုတ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရေးဆိုင်ရာ လုပ်ငန်း အစီ အစဉ်နှင့် အာဆီယံ- တရုတ် အီလက်ထရောနစ် စနစ်ဖြင့် ကူးသန်းရောင်းဝယ်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင် ရေးဆိုင်ရာ ကနဦး အကောင်အထည်ဖော်မှုများ နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၂၁)ကြိမ်မြောက် အာဆီယံ-ကိုရီးယားစီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက် ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် ဝန်ကြီးများ က အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှု ဒေသ အကောင်အထည်ဖော်မှုအရ အဆင့်မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် အာဆီယံ-ကိုရီးယား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၂၇) ကြိမ် မြောက် အာဆီယံ-အပေါင်းသုံး (တရုတ်၊ ဂျပန်၊ ကိုရီးယား) စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ သည်။ အစည်းအဝေးတွင် ဝန်ကြီးများက အရှေ့အာရှ စီးပွားရေးကောင်စီမှ တင်ပြသည့်ကိစ္စရပ်များနှင့် အကြံပြု ချက်များ၊ အာဆီယံအပေါင်းသုံး စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်း အစီအစဉ် ၂၀၂၃-၂၀၂၄ အကောင် အထည်ဖော်မှုနှင့် အာဆီယံအပေါင်းသုံး နိုင်ငံများရှိ စက်မှု နှင့် ထုတ်လုပ်မှု ကွင်းဆက်ပူးပေါင်းဆောင်ရွက်မှုများကို မှတ်တမ်းတင်ခဲ့ပြီး၊ အာဆီယံအပေါင်းသုံး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် ၂၀၂၅-၂၀၂၆ အတည်ပြုခဲ့သည်။ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် တတိယအကြိမ် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) ဝန်ကြီးများ အစည်းအဝေးသို့ တက် ရောက်ခဲ့သည်။ အစည်းအဝေးတွင် ဝန်ကြီးများက ဒေသ တွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူ စာချုပ် အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများကို ဖလှယ်ဆွေးနွေးခဲ့ပြီး၊ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အထောက်အကူ ပြုယူနစ်ကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် ဖွဲ့စည်း ရေး ကိစ္စရပ်များကိုဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးများတွင် လာအိုနိုင်ငံ၊ စက်မှု နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး H.E. Malaithong Kommasith က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေး ဝန်ကြီးများ၊ ဩစတြေးလျ၊ နယူးဇီလန် ၊ တရုတ် ၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်(တရုတ်)၊ ကနေဒါ၊ ရုရှား ၊ ဆွစ်ဇာလန်၊ ဗြိတိန်နှင့် အမေရိကန်တို့မှ စီးပွားရေး ဝန်ကြီး များ၊ အီးယူကုန်သွယ်ရေးကော်မရှင်မှ တာဝန်ရှိသူများ၊ စီးပွားရေးအကြံပေး ကောင်စီအဖွဲ့ဝင်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက် ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးနှင့်အတူ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်ကို၊ အာဆီယံအဆင့်

မြင့်စီးပွားရေးအရာရှိ နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ရုရှားနိုင်ငံ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E. Mr. Vladimir Ilichev နှင့်လည်းကောင်း၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး H.E. Mr. Piyush Goyal တို့နှင့် တွေ့ဆုံ၍နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာကံဇော်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပခဲ့သည့်(၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်၊ ညနေပိုင်းတွင် လာအိုနိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်း ခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်မြို့ရှိရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။



(၂၄) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတက်ရောက်

လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပသည့် (၂၄) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးသို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ပါဝင် တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ၂၀၂၅ မတိုင်မီနှင့် ၂၀၂၅ အလွန် ဒေသတွင်း စီးပွားရေး မျှော်မှန်းချက်များ၊ ၂၀၂၄ ခုနှစ် လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေး လုပ်ငန်းစဉ်များ၏ အကောင်အထည်ဖော်မှု အခြေအနေ၊ အေအီးစီလမ်းပြမြေပုံ ၂၀၂၅ ၏ အပြီးသတ်ကာလ ပြန်လည်သုံးသပ်မှု အပါအဝင် လမ်းပြမြေပုံ အကောင်အထည်ဖော်မှု၊ ကဏ္ဍများအကြား ပေါင်းစပ်အကောင်အထည်ဖော်ရမည့် စဉ်ဆက်မပြတ် ရေရှည်တည်တံ့မှု လုပ်ငန်းအစီအစဉ်များ၊ ဒီဂျစ်တယ် အသွင်ကူးပြောင်းရေး အစီအစဉ်နှင့် ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်အရ အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာ စီမံချက်ရေးဆွဲမှုများအပေါ် ဝန်ကြီးများက အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီမှ (၄၄) ကြိမ် (၄၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်း အဝေးများသို့ တင်ပြမည့် အစီရင်ခံစာအား အတည်ပြုခဲ့သည်။ အစည်းအဝေး၌ ၂၀၂၄ ခုနှစ်အတွင်း အာဆီယံ စီးပွားရေးအသိုက်အဝန်း အောက်ရှိ ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့များမှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအား အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ လာအိုနိုင်ငံ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များအား ၂၀၂၄ ခုနှစ်အတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များက အရှိန်မြှင့်တင် ဆောင်ရွက်ရန်၊ အာဆီယံဒီဂျစ်တယ်စီးပွားရေး မူဘောင် သဘောတူ

စာချုပ် ညှိနှိုင်းမှုများအား ၂၀၂၅ ခုနှစ်တွင် အချိန်မီ အပြီးသတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက် ရန်နှင့် စဉ်ဆက်မပြတ် ရေရှည်တည်တံ့မှု လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်းပြီး ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် တို့ကို ပါဝင်ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးတွင် လာအိုနိုင်ငံ၊ စက်မှုနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Malaithong Kommasith က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံစီးပွားရေး အသိုက်အဝန်း ကောင်စီဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေး အရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးနှင့်အတူ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကို၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်တို့ပါဝင်တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ၊ ဗီယင်ကျန်း မြို့၌ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၇ရက်နေ့တွင် ကျင်းပခဲ့သည့် (၂၄ကြိမ်မြောက်အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာလ ၈ ရက်၊ ညနေပိုင်းတွင် လာအိုနိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့သည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား “မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) များ လက်မှတ်ရေးထိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယနိုင်ငံအစိုးရတို့အကြား “**မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့်စီမံချက်များ (Quick Impact Projects-QIP)**” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာ ၅ စောင် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့ နေ့လယ် ၂ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။


အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာအကောင်အထည်ဖော်မည့် ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဒုတိယအကြီးအကဲ Mr. Ashish Sharma ၊ အိန္ဒိယနိုင်ငံဘက်မှ တာဝန်ရှိကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် “**စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အခြောက်ခံစက်နှင့် အခြောက်ခံစက်ထားရန် အဆောက်အဦး စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာ**”၊ “**အဆင့်မြင့် စိုက်ပျိုးရေး သုတေသနနှင့် ပညာရေးဗဟိုဌာန ဗဟုသုတဘဏ်တည်ထောင်ခြင်း စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာ**”၊ “**မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံအောက်ရှိ ရက်ကန်း နှင့် အသက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ**”၊ “**မန္တလေးတိုင်းဒေသကြီးရှိ အမျိုးသမီးကလေးများ ကျောင်းအတွက် တစ်ထပ် အဆောက်အဦး ဆောက်လုပ်ခြင်း စီမံချက် အကောင်အထည်ဖော်**

ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ” နှင့် “ရန်ကုန်တိုင်းဒေသကြီး၊ အရေးပေါ် အခြေအနေစီမံခန့်ခွဲမှု ဗဟိုဌာန တည်ထောင်ခြင်းစီမံချက် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ” တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံရုံး၏ ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ်ရေးထိုးကြသည်။

စီမံချက်များသည် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၅,၀၀၀ ရှိပြီး “**စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အခြောက်ခံစက်နှင့် အခြောက်ခံစက်ထားရန် အဆောက်အဦစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဆိုင်ရာ နားလည်မှုစာချွန်လွှာ**”ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် စပါးစိုက်ပျိုးသည့် လူအဖွဲ့အစည်းများ၏အသက်မွေးဝမ်းကြောင်းကိုမြှင့်တင် နိုင်ခြင်း၊ “**အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေး ဗဟိုဌာန ဗဟုသုတဘဏ် တည်ထောင်ခြင်း စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ**” ကို လက်မှတ်ရေးထိုး အကောင်အထည် ဖော်ခြင်းအားဖြင့် တက္ကသိုလ်အတွင်း ပညာရပ်နှင့် သုတေသနဆိုင်ရာ ကိန်းဂဏာန်း အချက်အလက်များ၊ စာအုပ်စာတမ်းများ ရယူနိုင်သည့် ဗဟုသုတဘဏ် ထူထောင်နိုင်ခြင်း၊ “**မန္တလေးတိုင်းဒေသကြီး၊ အမရပူရ မြို့နယ်၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေး ပညာသိပ္ပံ အောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး စီမံချက်အကောင်အထည်ဖော် ဆောင်ရွက် ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ**”ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် ရက်ကန်းနှင့် အသက် မွေးပညာသင်တန်းကျောင်းများရှိ ဆရာ၊ ဆရာမများသည် နည်းပညာရပ်များလေ့လာသင်ယူခွင့်ရရှိနိုင်ခြင်း၊“**မန္တလေး တိုင်းဒေသကြီးရှိ အမျိုးသမီးကလေးများ ကျောင်းအတွက် တစ်ထပ် အဆောက်အဦ ဆောက်လုပ်ခြင်း စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာ**” ကို လက်မှတ်ရေးထိုး အကောင်အထည် ဖော်ခြင်းအားဖြင့် အမျိုးသမီးကလေးများ၏ လူနေမှုဘဝ ပိုမိုတိုးတက် ကောင်းမွန်လာစေခြင်းနှင့် “**ရန်ကုန်တိုင်း ဒေသကြီး၊ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှု ဗဟိုဌာန တည်ထောင်ခြင်းစီမံချက် အကောင်အထည် ဖော်ဆောင် ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ**” ကို လက်မှတ် ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် ရန်ကုန်မြို့၌ နိုင်ငံတကာလူသားချင်းစာနာမှု အကူအညီများ လက်ခံရာ တွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဗဟိုဌာနအဖြစ် အမျိုးသားအဆင့် အကြီးစားဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှု ဗဟိုဌာနအနေဖြင့် အထောက်အကူပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ စီမံချက် များ အကောင်အထည်ဖော်ရေးအတွက် စီမံချက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေး ပူးတွဲကော်မတီ ဖွဲ့စည်း၍ ကြီးကြပ်အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

QIP စီမံချက်များသည် နှစ်နိုင်ငံအစိုးရ တို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်အရ ဆောင်ရွက်ခြင်းဖြစ်ပြီး၊ စီမံချက် တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀,၀၀၀ တန်ဖိုး ခွင့်ပြုပေးခြင်းဖြစ်သည်။ ယမန်နှစ် ကလည်းအလားတူစီမံချက်၃ခုအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါ QIP စီမံချက်များအား မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူ ဖြစ်စေရန် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရန်ရှိကြောင်း သတင်းရရှိသည်။



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးသည် UNFPA ရုံး၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန် ဆောင်ရွက်ရေးဌာန၊ ညွှန်ကြားရေးမှူးဖြစ်သူ Ms. Shoko Yasuda Arakaki နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဂျီနီဗာမြို့ရှိ UNFPAရုံး၏ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးဌာန၊ ညွှန်ကြားရေးမှူး ဖြစ်သူ Ms. Shoko Yasuda Arakaki နှင့်အဖွဲ့အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက် နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံစဉ် UNFPA က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် UNFPA တို့အကြား ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNFPA ရုံးမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပါသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား “မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)” အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချုပ်လွှာ (MoU) များ လက်မှတ်ရေးထိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား**“မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)”** အကောင်အထည်ဖော် ဆောင်ရွက်ရန် နားလည်မှု စာချုပ်လွှာ ၅ စောင် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့ နံနက် ၉ နာရီ တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဒုတိယအကြီးအကဲ Mr. Ashish Sharma ၊ အိန္ဒိယနိုင်ငံဘက်မှ တာဝန်ရှိ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် “**ဒီဂျစ်တယ်မှုခင်းသိပ္ပံဓာတ်ခွဲခန်း အဆင့်မြှင့်တင်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချုပ်လွှာ**” ၊ “မြန်မာနိုင်ငံ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းအတွက်သင်ကြားရေး အထောက်အကူပြု ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဆိုင်ရာ နားလည်မှုစာချုပ်လွှာ” ၊ “မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသရှိ မိုးခေါင်ရေရှားမှု ကြုံတွေ့နေရသည့် ကျေးရွာများ၌ဆိုလာစွမ်းအင်အသုံးပြု၍ကျေးလက် ရေထောက်ပံ့ရေး စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဆိုင်ရာ နားလည်မှုစာချုပ်လွှာ”၊ “ရန်ကုန်နည်းပညာတက္ကသိုလ်တွင် အသိဉာဏ်တုဆိုင်ရာ ဓာတ်ခွဲခန်းတည်ဆောက်ခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချုပ်လွှာ” ၊ “မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသရှိ မိုးခေါင်ရေရှားမှု ကြုံတွေ့နေရ သည့် ကျေးရွာများ၌ ဆိုလာ

စွမ်းအင်အသုံးပြု၍ ကျေးလက် ရေထောက်ပံ့ရေးစီမံချက် အကောင်အထည်ဖော်ဆောင် ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာ”၊ “ရန်ကုန်နည်းပညာ တက္ကသိုလ်တွင် အသိ ဉာဏ်တုဆိုင်ရာ ဓာတ်ခွဲခန်း တည်ဆောက်ခြင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ” နှင့် “မြန်မာ့ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အတွက် လယ်ယာစိုက်ပျိုး စွန့်ပစ်ပစ္စည်းများအား Slow Pyro Tar-Free and Dry Type Gasification ဖြစ်စဉ်အား စမ်းသပ်လေ့လာခြင်းစီမံချက်အကောင်အထည်ဖော်ဆောင် ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ” တို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး၏ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

QIP စီမံချက်များသည် နှစ်နိုင်ငံအစိုးရ တို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်အရ ဆောင်ရွက်ခြင်းဖြစ်ပြီး၊ စီမံချက်တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀,၀၀၀ တန်ဖိုး ဖြစ်သည်။ ယခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင်လည်း အလားတူစီမံချက် ၅ ခု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ ၅ စောင်ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးခဲ့ပါကြောင်းနှင့် အဆိုပါ QIP စီမံချက်များအား မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် အိန္ဒိယသမ္မတနိုင်ငံ အစိုးရနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရန်ရှိကြောင်း သတင်းရရှိသည်။



ပြည်ထောင်စုဝန်ကြီးက ရုရှား-မြန်မာ စီးပွားရေးကောင်စီ ဥက္ကဋ္ဌ ဦးဆောင်သည့်စီးပွားရေး ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရုရှား-မြန်မာ စီးပွားရေးကောင်စီ၏ ဥက္ကဋ္ဌ မစ္စတာ အလက်ဇေး အီဂရာရယ် ဘိချ်ရှူပလော့ဗ်ဦးဆောင်သည့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့ အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ (ကြာသပတေးနေ့)၊ ၁၅ ၀၀ နာရီအချိန်တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အလားအလာများနှင့် လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံ နယ်ပယ်စုံတွင် စီးပွားရေးလုပ်ငန်းများအချင်းချင်း တိုက်ရိုက် အဆက်အသွယ်များ ထူထောင်ရေးနှင့် မြန်မာနိုင်ငံတွင် ရုရှား-မြန်မာစီးပွားရေးကောင်စီ၏ မိတ်ဖက်အဖွဲ့အစည်း ဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့သည်။



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် UNICEF ၏ နယူးယောက်ဌာနချုပ်၊ လူသားချင်းစာနာထောက်ထားမှုနှင့် ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းများဌာနမှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး MR. EDWARD CHAKER CHAIBAN နှင့်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် UNICEF ၏ နယူးယောက်ဌာနချုပ်၊ လူသားချင်း စာနာထောက်ထားမှုနှင့် ထောက်ပံ့ရေး ဆိုင်ရာလုပ်ငန်းများဌာနမှ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူး MR. EDWARD CHAKER CHAIBAN နှင့် အဖွဲ့အား ၂၀၂၄ခုနှစ်၊နိုဝင်ဘာလ ၁၂ ရက် နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် UNICEF က ထောက်ပံ့ပေးနေသော လုပ်ငန်း အစီအစဉ်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ ၊ မြန်မာနိုင်ငံနှင့် UNICEF တို့အကြား ရေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီ အစဉ်များနှင့် စပ်လျဉ်း၍ အဖြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNICEF ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။




ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ အခြေစိုက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့ (Global Fund) မှ Senior Fund Portfolio Manager ဖြစ်သူ Ms. Maria Izaskun Gaviria Ayucar နှင့်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ အခြေစိုက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့မှ Senior Fund Portfolio Manager ဖြစ်သူ Ms. Maria Izaskun Gaviria Ayucar နှင့် အဖွဲ့အား ၂၀၂၄ ခုနှစ်၊နိုဝင်ဘာလ ၂၁ ရက် နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် Global Fund အစီအစဉ်ဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များနှင့် ရေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအပေါ် အဖြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများနှင့် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ အခြေစိုက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့မှကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ် ဖြစ်သူ Mr. Michael John Dunford အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စား လှယ်အသစ်ဖြစ်သူ Mr. Michael John Dunford အား ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် WFP က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာ နိုင်ငံနှင့် WFP အကြား ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ် များနှင့်စပ်လျဉ်း၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ WFP ရုံးမှ ကိုယ်စားလှယ်တို့လည်း တက်ရောက်ခဲ့ကြသည်။



(၂/၂၀၂၄) ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကျင်းပ

(၂/၂၀၂၄) ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်၍ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့ ၁၄ ၀၀ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်၌ကျင်းပသည်။ အစည်းအဝေးသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ စုစုပေါင်း ၈၀ ဦးခန့် တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သည့် (၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အောက်တိုဘာလတွင် ကျင်းပခဲ့သည့် (၂၄) ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ အစည်းအဝေးတို့၏ ဆွေးနွေး ညှိနှိုင်းချက်များကို သိရှိစေရန်နှင့် အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်မှုမှာ မြန်မာနိုင်ငံ အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန်အတွက် အစည်းအဝေးကို ကျင်းပခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်တွင် လာအိုနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေး ဆောင်ရွက်ရန် သတ်မှတ်ထားသည့် စီးပွားရေးလုပ်ငန်း စဉ် ၁၄ ခု အနက် ၁၀ ခုကို အောင်မြင်စွာအကောင်အထည် ဖော်နိုင်ခဲ့ပြီး လုပ်ငန်းစဉ် ၄ ခု ကို ၂၀၂၄ ခုနှစ်အတွင်း အပြီးသတ်ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် လုပ်ငန်းများ အချိန်မီပြီးစီးစေရန်အတွက် လုပ်ငန်းအဖွဲ့များ အနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်သွားစေလိုကြောင်း၊ အေအီးစီ(AEC)အနေဖြင့် ယခုနှစ်မှာ လုပ်ငန်း ၁၁၁ ခုကို အကောင်အထည်ဖော်ရန် ချမှတ်ထားပြီး၊ အာဆီယံဒေသ တစ်ခုလုံးအနေဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းများ ဖြစ်သည့်အတွက် လုပ်ငန်းအများစုမှာ ဆောင်ရွက်ဆဲ

လုပ်ငန်းများဖြစ်၍ လုပ်ငန်းအဖွဲ့များအနေဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံကို ၁၉၉၇ ခုနှစ်က စတင်ဝင်ရောက်ခဲ့ပြီး အာဆီယံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ စာချုပ်များတွင်ပါဝင်လက်မှတ်ရေးထိုးထားသည့်အတွက် စာချုပ်ပါ ကတိကဝတ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်၍ ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် ပိုမိုပေါင်းစည်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အာဆီယံအနေဖြင့် ဒေသတွင်းသာမက ဒေသပြင်ပစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုဆောင်ရွက်နေသည့်အတွက်အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ညှိနှိုင်းမှုများ ဆောင်ရွက်ရာတွင် အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter) အရ အာဆီယံ၏ ဗဟိုကျမှု (Centrality) ကို ထိန်းသိမ်းဆောင်ရွက်ရန် အာဆီယံ၏ လုပ်ငန်းအဖွဲ့များ ညှိနှိုင်းအစည်းအဝေးများတွင် အလေးထား ဆွေးနွေးစေလိုကြောင်း၊ လာမည့် ၂၀၂၅ ခုနှစ်တွင် အေအီးစီ လမ်းပြမြေပုံ ၂၀၂၅ အကောင်အထည်ဖော်မှု၏ အပြီးသတ်ကာလဖြစ်သည့်အတွက် အေအီးစီလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် တွန်းအားပေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ၂၀၂၅ အလွန်တွင် အေအီးစီလုပ်ငန်းများ ဆက်လက်အကောင် အထည်ဖော်ရန် အေအီးစီ မဟာဗျူဟာစီမံချက် (၂၀၂၆-၂၀၃၀) ကို ရေးဆွဲလျက်ရှိသည့်အတွက် လုပ်ငန်းအဖွဲ့ကအကြံပြုချက်များ ထည့်သွင်းရန်နှင့် မူဝါဒများချမှတ်ရာတွင် ဒေသတွင်းကတိကဝတ်များနှင့် ကိုက်ညီမှုရှိစေရန် ကြိုတင်လေ့လာမှုများ ဆောင်ရွက်ရန်နှင့် ကဏ္ဍအလိုက် ဘာသာရပ်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်သူများကို စနစ်တကျလေ့လာသင်ကြားမှုများ ဆောင်ရွက်ရန်တို့ကို ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိဖြစ်သူ ဒေါက်တာမာလာမျိုးညွန့်က (၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများနှင့် (၂၄) ကြိမ်မြောက်အာဆီယံစီးပွားရေး အသိုက်အဝန်း ကောင်စီအစည်းအဝေးတို့၏ ဆွေးနွေးချက်များနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများ (ဒုတိယဝန်ကြီးများ)၊ အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကော်မတီ အလိုက် ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများ နှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို မြန်မာနိုင်ငံအနေဖြင့် အေအီးစီလုပ်ငန်းများ အကောင်အထည်ဖော်မှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက် လုပ်ငန်း ကော်မတီ ၂၂ ခု ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဆိုပါ လုပ်ငန်းကော်မတီများ၏ ဥက္ကဋ္ဌများအဖြစ် ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်များက လည်းကောင်း၊ အတွင်းရေးမှူးများအဖြစ် ညွှန်ကြားရေးမှူးချုပ်များကလည်းကောင်း၊သက်ဆိုင်ရာဌာနများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်ဖြစ်သူ H.E. Mr. Dusit Manapan နှင့်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်ဖြစ်သူ H.E. Mr. Dusit Manapan နှင့် အဖွဲ့အား ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနှင့်ထိုင်းနှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ချဲ့ထွင်ရေး ဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေး ဆိုင်ရာ အကြောင်းအရာများကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



မြန်မာနိုင်ငံ “စီးပွားရေးပညာ နှစ် (၁၀၀) ရာပြည့် အလှူရှင်များအတွက် ဂုဏ်ပြုပွဲအခမ်းအနားသို့ အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ချီးမြှင့်ခြင်း

မြန်မာနိုင်ငံ “**စီးပွားရေးပညာ နှစ် (၁၀၀)**” ရာပြည့် အလှူရှင်များအတွက် ဂုဏ်ပြုပွဲ အခမ်းအနားကို Aureum Palace Hotel, Lake View Hall ၊ နေပြည်တော်၌ ကျင်းပခဲ့ရာ အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်ပြီး ဂုဏ်ပြုအမှာစကားနှင့် ဂုဏ်ပြုလက်မှတ်များပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယခုလို မြန်မာနိုင်ငံ “**စီးပွားရေးပညာ နှစ် (၁၀၀)**” ရာပြည့် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဖက်ဖက်မှ စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းပေးခဲ့ကြသော စီးပွားရေးတက္ကသိုလ်များမှ စီးပွားရေးတွဲ့ရလုပ်ငန်းရှင်များ၊ ကျောင်းသား/ကျောင်းသူ ဟောင်းများ ၊ စီးပွားရေး အဖွဲ့အစည်းများ၊ ငွေကြေးများ လှူဒါန်းခဲ့ကြသလို ဝန်ဆောင်မှုများ၊နေရာထိုင်ခင်းများစီစဉ်ပေးခဲ့သော ဟိုတယ်လုပ်ငန်းရှင်များနှင့် ဘဏ်လုပ်ငန်းရှင်များအား ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားကျင်းပရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က “**စီးပွားရေးပညာနှစ် (၁၀၀)**” ရာပြည့်အခမ်းအနားအတွက် ငွေကျပ်သိန်း ၁၀၀ နှင့်အထက် အလှူရှင် ၇ ဦးအား လည်းကောင်း၊ အခမ်းအနား ကျင်းပရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဆရာကြီး၊ ဆရာမကြီးများနှင့် ဧည့်သည်တော်များအား တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးတို့တွင် ကူညီပံ့ပိုးပေးခဲ့ကြသော အလှူရှင် ၉ ဦးအား လည်းကောင်း၊ ဦးဆောင်ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ငွေကျပ်သိန်း ၂၀ နှင့် အထက်အလှူရှင် ၆ ဦး အားလည်းကောင်း၊ ဦးဆောင်ကော်မတီ အဖွဲ့ဝင် ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ငွေကျပ် ၁၀ သိန်းနှင့် အထက် အလှူရှင် ၆ ဦး အား လည်းကောင်းဦးဆောင်ကော်မတီအဖွဲ့ဝင်မြန်မာနိုင်ငံတော်

ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က ငွေကျပ်၅ သိန်းနှင့် အထက်အလှူရှင် ၆ ဦးအား လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ခဲ့ပြီး အလှူရှင်များကိုယ်စား အလှူရှင် ဦးဇေယျသူရမွန် (Zeya & Associates Co.,Ltd) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။



ပြည်ထောင်စုဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာရှာလ်ဘန်းကာရာအော်လ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာရှာလ်ဘန်းကာရာအော်လ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ (ဗုဒ္ဓဟူးနေ့)၊ ၁၃ ၀၀ နာရီအချိန်တွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ စိုက်ပျိုးရေးကဏ္ဍ အပါအဝင် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်အသီးသီးတို့တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့သည်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အားကစားသမားများအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေ ပေးအပ်ခြင်း

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအား အောင်လံရေးအလံ နှင့် ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်၊ အဆင့်မြင့်အရာရှိကြီးများ၊ ဝန်ကြီးဌာန ကိုယ်စားပြု အားကစားအသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သည် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ နိုင်ငံ၏ဂုဏ်ထူးဆောင် အားကစားလက်ရွေးစင်များ ပေါ်ထွက်ရေးနှင့် နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး နှင့် ပညာရည်မြင့်မားရေးကို နိုင်ငံတော်၏ ရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက် ရှိကြောင်း၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ပါကြောင်း၊ အမျိုးသား အားကစားပွဲတော်တွင် အားကစားနည်းအလိုက် လေ့ကျင့်မှုနှင့် အားကစားစိတ်ဓာတ် ခံယူချက် မြင့်မားရန်၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာကြရန်၊ အားကစားသမားများအနေဖြင့် အားကစား စိတ်ဓာတ် အပြည့်အဝဖြင့် ကြိုးပမ်းယှဉ်ပြိုင်ရန်နှင့် အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိခြင်းသည် ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်ပေးရုံသာမက နိုင်ငံ၏အားကစားကဏ္ဍ မြှင့်တင်ရာ ရောက်ပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အားကစားအသင်းများ၏ အဖွဲ့ခေါင်းဆောင်များကို အောင်နိုင်ရေးအလံနှင့် ပံ့ပိုးငွေများပေးအပ်ရာ အားကစားနည်းအလိုက် အသင်းခေါင်းဆောင်များက လက်ခံရယူကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ် ရေးဝန်ကြီးဌာန၊ ကိုယ်စားပြုအသင်းများမှ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်နှင့် ဂေါက်သီးရိုက်စသည့် အားကစားနည်းများတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်စီးပွားရေးတက္ကသိုလ် စတင်ထူထောင်ခြင်း နှစ် (၆၀) ပြည့် အခမ်းအနားနှင့် မြတ်ဆရာပူဇော်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တက်ရောက်

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ၁၄ ရက်နေ့ နံနက် ၀၉း၀၀နာရီ အချိန်တွင်ရန်ကုန်မြို့ အင်လျားလမ်းရှိ ရန်ကုန် စီးပွားရေး တက္ကသိုလ် ပရဝုဏ်၌ အဆိုပါ တက္ကသိုလ် ထူထောင်ခြင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် မြတ်ဆရာ ပူဇော်ပွဲ အခမ်းအနားကို စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ရာ အဆိုပါ အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ကံဇော် တက်ရောက်၍ ဝမ်းမြောက်ကြောင်း ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ပါသည်။

မြတ်ဆရာပူဇော်ပွဲ အခမ်းအနားတွင် ရန်ကုန် စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင်တင်ထွေးက ကြိုဆို နှုတ်ခွန်းဆက် စကားနှင့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပ ဆောင်ရွက်မှုကို ရှင်းလင်း တင်ပြခဲ့ပါသည်။



အဆိုပါအခမ်းအနားသို့ ဖိတ်ကြားထားသည့် ဆရာကြီး၊ ဆရာမကြီးများ ၂၅၆ ဦးအနက် ၁၃၄ ဦးက ကိုယ်တိုင် တက်ရောက်ခဲ့ကြပြီး အခြား ဆရာကြီး၊ ဆရာမကြီးများက အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာကြီး၊ ဆရာမကြီးများ အနက် ဘောဂဗေဒဌာနကိုယ်စားပြုအနေဖြင့် ပါမောက္ခ ဒေါက်တာကံဇော်၊ ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှု နှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပါမောက္ခ ဒေါက်တာသန်းညွန့်၊ ဥက္ကဋ္ဌ(ငြိမ်း)၊ ပြည်ထောင်စုရာထူး ဝန်အဖွဲ့၊ ပါမောက္ခဒေါက်တာမြတ်သိန်း၊ ပါမောက္ခချုပ် (ငြိမ်း)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့က လည်းကောင်း၊ စာရင်းအင်းပညာဌာန ကိုယ်စားပြုအနေဖြင့် ပါမောက္ခ ဒေါက်တာသက်လွင်၊ ပါမောက္ခဌာနမှူး(ငြိမ်း)၊ စာရင်းအင်း ပညာဌာန၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်၊ ပါမောက္ခ ဒေါက်တာခင်စန်းမြင့်၊ ပါမောက္ခဌာနမှူး(ငြိမ်း)၊ စာရင်း အင်းပညာဌာန၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်၊ ပါမောက္ခ ဒေါ်ထားထား၊ ပါမောက္ခဌာနမှူး (ငြိမ်း)၊ စာရင်းအင်း ပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် တို့ကလည်း ကောင်း၊ ဝါဏိဇ္ဇဗေဒဌာနနှင့် စီမံခန့်ခွဲမှု ပညာဌာနတို့မှ ကိုယ်စားပြု အနေဖြင့် ပါမောက္ခ ဒေါက်တာရီရီမြင့်၊ ပါမောက္ခဌာနမှူး (ငြိမ်း)၊ စီမံခန့်ခွဲမှုပညာဌာန၊ ရန်ကုန် စီးပွားရေးတက္ကသိုလ်၊ ပါမောက္ခ ဒေါက်တာ ဒေါ်လှမြင့် ပါမောက္ခ ဌာနမှူး(ငြိမ်း)၊ စီမံခန့်ခွဲမှုပညာဌာန၊ ရန်ကုန် စီးပွားရေးတက္ကသိုလ်နှင့် ဒေါက်တာ အောင်ထွန်းသက်၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ကျန်းမာရေး ဦးစီးဌာနတို့က ဝမ်းမြောက်ကြောင်း အမှာ စကားများ ပြောကြားခဲ့ပါသည်။

မြတ်ဆရာပူဇော်ပွဲ အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာကံဇော်က ဝမ်းမြောက်ကြောင်း ဂုဏ်ပြုအမှာ စကား ပြောကြားရာတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ် (၆၀) ပြည့်အထိ ကာလအတွင်း ဖြတ်သန်းခဲ့သော သမိုင်း မှတ်တိုင်များနှင့် အောင်မြင်မှုများ၊ စီးပွားရေးတက္ကသိုလ် များအားလုံး၏ ဆောင်ပုဒ်ဖြစ်သည့် ဝိရိယ၊ သစ္စာ၊ ဉာဏ်၊ သမာဓိနှင့်အညီ လိုက်နာကြိုးပမ်း ဆောင်ရွက်ကြစေလို ပါကြောင်း၊ ခေတ်အဆက်ဆက် ဦးဆောင် တာဝန်ယူ ဆောင်ရွက်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ၏ စွမ်းဆောင်ပေးနိုင်ခဲ့မှုများ၊ စီးပွားရေးပညာရပ်ဖြင့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဆင့်အထိ တာဝန် ထမ်းဆောင်ခဲ့မှုများ၊ စီးပွားရေး ပညာရပ်များ အဆင့်ဆင့် တိုးတက်မြှင့်တင် ဖွင့်လှစ်ပေးနိုင်ခဲ့မှုများကိုလည်းကောင်း စီးပွားရေးပညာရပ် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာ ရပ်ဆိုင်ရာအရည်အသွေးမြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ် မျိုးဆက်သစ်များအနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ပညာရပ်ကို အမှန်တကယ် နားလည် တတ်ကျွမ်း အသုံးချနိုင်ရေးတို့ကို အလေးထားဆောင်ရွက် ကြစေလိုကြောင်း မှာကြားခဲ့ပါသည်။ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားအပြီးတွင် နွေလည်စာဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးခဲ့ပါသည်။

အခမ်းအနားတွင် စီးပွားရေး လုပ်ငန်းရှင်များက မိမိတို့၏ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ ပြခန်းပေါင်း ၈၀ ကျော်

ဖြင့် ခင်းကျင်းပြသခဲ့ပါသည်။ ထို့အပြင် ရန်ကုန်စီးပွားရေး တက္ကသိုလ်တွင် သာသာရပ်အလိုက် လက်ရှိ တက်ရောက်နေသည့် ကျောင်းသူကျောင်းသားများနှင့် ကျောင်းသူကျောင်းသားဟောင်းများက စတုဒီသာများဖြင့် ကျွေးမွေးဧည့်ခံခြင်း၊ နိုင်ငံကျော် တေးသံရှင်များက ကျောင်းသီချင်းများဖြင့် ဖြေဖျော်ဧည့်ခံခြင်းတို့ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် တက်ရောက်လာသူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွဲခဲ့ကြကြောင်း သိရှိရပါသည်။



ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တတိယအကြိမ် တရုတ်-အိန္ဒိယသမုဒ္ဒရာဒေသ အပြာရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (China International Development Cooperation Agency-CIDCA) ၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့၌ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပသည့် တတိယအကြိမ် တရုတ်-အိန္ဒိယ သမုဒ္ဒရာဒေသအပြာရောင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (the Third China- Indian Ocean Region Forum on Blue Economy DevelopmentCooperation)ကိုတက်ရောက်ခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် တရုတ်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (CIDCA) ဥက္ကဋ္ဌ H.E. Mr Luo Zhaohui က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား သီးခြားလက်ခံ တွေ့ဆုံခဲ့ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများနှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ (Memorandum of Understanding between the Ministry of Investment and Foreign Economic Relations of Myanmar and China International Development Cooperation Agency on Promoting the Project of Photovoltaic Power Plants) ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌတို့အကြား လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ နေ့လည်ပိုင်းတွင် ကျင်းပပြုလုပ်သည့် အစိုးရ-ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းဆွေးနွေးပွဲ (International Government- Business Dialogue) သို့ တက်ရောက်ခဲ့ရာ အဆိုပါဆွေးနွေးပွဲတွင် သမုဒ္ဒရာဆိုင်ရာ အခြေခံအဆောက်အဦ ချိတ်ဆက်မှုပူးပေါင်း ဆောင်ရွက်ရေး၊ အပြာရောင်စီးပွားရေးအတွက် ဒီဂျစ်တယ်ကဏ္ဍ မြှင့်တင်ရေး၊ ယဉ်ကျေးမှုဖလှယ်ခြင်းဖြင့် အဏ္ဏဝါခရီးသွားလုပ်ငန်းမြှင့်တင်ရေး စသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ဖိုရမ်သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအတွက် တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့တက်ရောက်ခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် ဖိုရမ်သို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး

အပါအဝင်နိုင်ငံအသီးသီးမှ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာဝမ်ရုံ ဦးဆောင်သည့် တရုတ်နိုင်ငံအစိုးရ အဆင့်မြင့်ကိုယ်စားလှယ်များ အကြားတွေ့ဆုံပွဲသို့ပါဝင်တက်ရောက်ခဲ့သည်။ ဆက်လက်၍ အပြာရောင်အိန္ဒိယသမုဒ္ဒရာ၏ အနာဂတ်အလား အလာ-ကမ္ဘာ့တောင်ခြမ်း၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လက်တွေ့ လုပ်ငန်း (Future of the Blue Indian Ocean – Development Practice of the Global South) ခေါင်းစဉ်ဖြင့်ကျင်းပသည့် တတိယအကြိမ် တရုတ်-အိန္ဒိယသမုဒ္ဒရာဒေသ အပြာရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ဒေသဆိုင်ရာအစိုးရ အဖွဲ့ဝင်များ၊ ဘဏ္ဍာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၊ အပြာရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်သည့် အဖွဲ့အစည်းများနှင့်ဖိတ်ကြားထားသော အဆင့်မြင့်ကိုယ်စားလှယ်များ၊ အိန္ဒိယသမုဒ္ဒရာ နိုင်ငံပေါင်း ၂၇ နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း ၂၄ ခုတို့မှ ကိုယ်စားလှယ် စုစုပေါင်း ၃၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင် ဦးရွက်ပြမှု အစီအစဉ်နှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂ၏ သမုဒ္ဒရာ ဆယ်စုနှစ် (The Ocean Decade of United Nations in the Context of Global Development Initiative) ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ နေ့လည်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သမုဒ္ဒရာ ရာသီဥတု အပြောင်းအလဲဆိုင်ရာအုပ်ချုပ်မှုကိုမြှင့်တင်ပေးခြင်းနှင့် ပါရီသဘောတူညီချက် အကောင်အထည်ဖော်ရေးတွင် ပါဝင်ကူညီပေးခြင်း (Promoting Ocean Climate Change Governance and Contributing to the Implementation of the Paris Agreement) ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားပါသည်။ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တတိယအကြိမ် တရုတ်-အိန္ဒိယသမုဒ္ဒရာဒေသအပြာရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၏ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တတိယအကြိမ် တရုတ်-အိန္ဒိယသမုဒ္ဒရာဒေသ အပြာရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr. OUYANG Daobing တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(၄၆) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တက်ရောက်

၂၀၂၄ ခုနှစ် ၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ကျင်းပသည့် (၄၆) ကြိမ်မြောက် အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ အစည်းအဝေး (Forty-Sixth Meeting of the High-level Task Force on ASEAN Economic Integration-46th HLTF-EI) သို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင် (HLTF-EI Lead) ဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ပါဝင်တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် ၂၀၂၄ ခုနှစ်၊ လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်အတွင်း ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေး လုပ်ငန်းစဉ်များ (Priority Economic Deliverables – PEDs) များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်း စီးပွားရေးမျှော်မှန်းချက်၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား လွတ်လပ်သော ကုန်သွယ်မှုဒေသများ တည်ထောင်ရာတွင် တွေ့ကြုံရသည့် အသစ်နှင့် ပေါ်ထွန်းဆဲ (New and Emerging Issues) ကိစ္စရပ်များ၊ အာဆီယံဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်

ကာဗွန်လျှော့ချရေးဆိုင်ရာ အာဆီယံ မဟာဗျူဟာ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်း၍ လျှပ်စစ်မော်တော်ယာဉ်နှင့် ဘက်ထရီ ထုတ်လုပ်မှုဆိုင်ရာ ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်းများအတွက် Pilot Project အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)မဟာဗျူဟာ လုပ်ငန်းစီမံချက် (၂၀၂၆-၂၀၃၀) (မူကြမ်း) ရေးဆွဲမှု ၊ ၂၀၂၅ အလွန် အာဆီယံ စီးပွားရေး အသိုက်အဝန်း (အေအီးစီ) လေ့လာမှုနှင့် အာဆီယံစီးပွားရေး အသိုက်အဝန်း(အေအီးစီ) လမ်းပြမြေပုံ -၂၀၂၅ ၏ အပြီးသတ် ကာလသုံးသပ်ချက် (End- Term Review- ETR of AEC Blueprint 2025) ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ ၂၀၂၅ ခုနှစ် မလေးရှားနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူ ဆောင်ရွက်ရန် ပြင်ဆင်မှုများနှင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပမည့် (၅၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တင်ပြမည့် အကြံပြုချက်များအပေါ် ဆွေးနွေးညှိနှိုင်းကြပါသည်။

အစည်းအဝေးတွင် လာအိုနိုင်ငံ၊ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ H.E. Dr. Manothong Vongsay က အစည်းအဝေး သဘာပတိအဖြစ်ဆောင်ရွက်ပြီး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှအာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြပါသည်။ အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ကို အာဆီယံနိုင်ငံများ၏ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များဖြင့် ဖွဲ့စည်းထားပြီး၊ အာဆီယံစီးပွားရေး အသိုက်အဝန်း၏ လုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးညှိနှိုင်း၍ အာဆီယံစီးပွားရေးဝန်ကြီးများထံ အကြံပြုချက်များတင်ပြခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။



ဧရာဝတီတိုင်းဒေသကြီး၏ ကိုဗစ်-၁၉ ရန်ပုံငွေမှ ထုတ်ပေးထားသည့်ချေးငွေများ သတ်မှတ်ချိန်အတွင်း ပြန်လည်ကောက်ခံရရှိရေးအတွက် ကုစားရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးက ဧရာဝတီတိုင်းဒေသကြီး၊ စီးပွားရေးရာဝန်ကြီး၊ ချေးငွေစိစစ်ကြပ်မတ်ရေးအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့၌ ကျင်းပပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ် ၁၉ ရန်ပုံငွေမှ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ကောက်ခံရရှိရေး တိုင်းဒေသကြီး ချေးငွေစိစစ်ကြပ်မတ်ရေးအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီ အတွင်းရေးမှူး ဒေါက်တာဝါဝါမောင်၊ ဧရာဝတီတိုင်းဒေသကြီး၊ စီးပွားရေးရာဝန်ကြီး ဦးတင်အေး၊ တိုင်းဒေသကြီးချေးငွေ စိစစ်ကြပ်မတ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုစားရေးလုပ်ငန်းကော်မတီရုံးအဖွဲ့တို့မှ ပါဝင်တက်ရောက်ခဲ့ကြသည်။

ကုစားရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးက ဆွေးနွေးပွဲကို ကိုဗစ်-၁၉ ရန်ပုံငွေမှဧရာဝတီတိုင်းဒေသကြီးအတွင်း ကုမ္ပဏီ/ လုပ်ငန်း ၇၇၄ ခု ချေးငွေပမာဏ ကျပ် ၁၆.၅၂၂ ဘီလီယံထုတ်ချေးပေးခဲ့ပြီး ပြန်လည်ပေးဆပ်မှု ပမာဏ ၁၀.၃၃၁ ဘီလီယံ ဖြစ်သဖြင့် ၆၂.၅ %အားဖြင့် ရရှိခဲ့ပြီး ကျန်ရှိနေသည့် ချေးငွေ ပမာဏ ၆.၁၉၁ ဘီလီယံ၊ ၃၇.၅ % ဆက်လက် ကောက်ခံရရှိရေးအတွက် ဆွေးနွေးခဲ့ ကြပါသည်။

အဆိုပါချေးငွေများကို နိုင်ငံဘဏ္ဍာ ရန်ပုံငွေမှ ချေးငွေသက်တမ်း တစ်နှစ်ဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှ စတင်

ထုတ်ချေးထားခဲ့ရာ တိုးမြှင့်ပေးခဲ့သည့် ချေးငွေသက်တမ်း ၃ နှစ်ကိုလည်း ပြည့်မြောက် ကျော်လွန်ခဲ့ပြီးဖြစ်သဖြင့် ချေးငွေများ အပြည့်အဝ ပြန်လည်ရရှိရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်နေရာများတွင် လှည့်လည် သုံးစွဲနိုင်ရန် ချေးငွေများ အမြန်ဆုံး ပြန်လည်ကောက်ခံရရှိရေးကို ဖော်ထုတ်ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး၊ စီးပွားရေးရာဝန်ကြီး ဦးတင်အေးက ဒေသတွင်းချေးငွေများ အမြန်ဆုံး ကောက်ခံရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးမှု အခြေအနေနှင့်ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ချေးငွေစိစစ်ကြပ်မတ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးရုံး၊ ညွှန်ကြားရေးမှူး ဦးသက်ပိုင်က ၂၀၂၄ ခုနှစ်၊ ဩဂုတ်လကုန်အထိ ချေးငွေပြန်လည်ကောက်ခံရရှိမှုအခြေအနေနှင့် ချေးငွေပေးဆပ်မှု အခြေအနေကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် တိုင်းဒေသကြီးမန်နေဂျာ ဦးတင်ထွန်းက ချေးငွေများ ထုတ်ချေးပေးမှုနှင့် ပြန်လည်ကောက်ခံမှုအခြေအနေနှင့် မြန်မာ့စီးပွားရေးဘဏ် အနေဖြင့် ချေးငွေသဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး ချေးငွေစိစစ်ကြပ်မတ်ရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူ ရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးဇေယျာဆွေက ချေးငွေများ ပြန်လည်ကောက်ခံရေး ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအတွက် တိုင်းဒေသကြီး ချေးငွေစိစစ် ကြပ်မတ်ရေးအဖွဲ့တွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးနှင့် လိုအပ်သည့် အခြားဌာနများကိုလည်း ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းနိုင်ရေးကိုလည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများ ပြန်လည်ကောက်ခံရရှိရေး အတွက် တိုင်းဒေသကြီး ချေးငွေစိစစ်ကြပ်မတ်ရေးအဖွဲ့က ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ သက်တမ်းစေ့ရောက်ပြီး ချေးငွေများ အမြန်ဆုံးပြန်လည် ကောက်ခံရရှိရေး အစီအစဉ်နှင့် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စီမံခန့်ခွဲမှု နည်းလမ်းများအရ ကြပ်မတ်ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေတို့အား ညှိနှိုင်းဆွေးနွေးအကြံပြုတင်ပြခဲ့ကြပါသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများ အပေါ် ကုစားရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါက်တာဝါဝါမောင်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်အား ဂါရဝပြုတွေ့ဆုံ၍ အစည်းအဝေးကျင်းပဆောင်ရွက်မှုနှင့် ချေးငွေများ ပြန်လည်ကောက်ခံရရှိရေး ဆောင်ရွက်မည့်စီမံအုပ်ချုပ်မှုနည်းလမ်းများအား ရှင်းလင်းတင်ပြခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းလမ်းညွှန်ခဲ့ပါသည်။



မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက် (Quick Impact Project- QIP) ၁၀ ခု၏ နားလည်မှုစာချွန်လွှာများ ဆောလျင်စွာ လက်မှတ် ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက် (Quick Impact Project- QIP) ၁၀ ခု၏ နားလည်မှုစာချွန်လွှာများ ဆောလျင်စွာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ အကြား ညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် နေ့၊ ၀၉ ၃၀ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေး ခန်းမ(၃)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊

မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဒုတိယအကြီးအကဲအား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဝန်ကြီး ဒေါက်တာဝါဝါမောင်က မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဒုတိယအကြီးအကဲ Mr. Ashish Sharma နှင့် ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ် နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံပါသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား အိန္ဒိယနိုင်ငံမှ အကူအညီပေးအပ်သည့် စီမံချက် တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅ သောင်းထက်မပိုသော မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Prjects-QIP)၊ စီမံချက် တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၂ သန်းထက်မပိုသော အသေးစားဖွံ့ဖြိုးမှု စီမံကိန်းများ (Small Development Projects-SDP) နှင့် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နေသည့် အခြား အကူအညီစီမံချက်များ ချောမွေ့စွာအကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်ဖက်ကိုယ်စားလှယ်များပါဝင်သည့်စီမံကိန်းဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေး ပူးတွဲကော်မတီ (Joint Project Monitoring Committee -JPMC) ဖွဲ့စည်းရေး ကိစ္စရပ်များ၊ အဆိုပါ စီမံကိန်းများအတွက်နားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုးရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် စံ Memorandum of Understanding ပုံစံ ရေးဆွဲဆောင်ရွက်ရေး ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင်မြင့်အရာရှိများနှင့် အိန္ဒိယသံရုံးမှ ကိုယ်စားလှယ်များတက်ရောက်ကြပါသည်။



အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၇) ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

ဗီယက်နမ်နိုင်ငံ၊ ဟွိုင်အန်းမြို့တွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့မှ နိုဝင်ဘာလ ၂ ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ အသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၇) ကြိမ်မြောက် အစည်းအဝေးနှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ခံကျင်းပသည့် အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံ (၂၀၂၅) အား ပြန်လည်သုံးသပ်ခြင်းနှင့် အာဆီယံမျှော်မှန်းချက် (၂၀၄၅) ဆိုင်ရာ ဒေသတွင်း ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာ ဦးစီးဌာနမှ ဘာသာရပ်တာဝန်ခံ အရာထမ်း (၂) ဦး တက်ရောက်ခဲ့ပါသည်။ ယင်းအစည်းအဝေးနှင့် ဆက်စပ်၍ အာဆီယံအသိုက်အဝန်း၂၀၂၅ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းနှင့် စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက် မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး ဆွေးနွေးရန်ကျန်ရှိနေသည့် နယ်ပယ်များကို ဆက်လက်ညှိနှိုင်း ဆွေးနွေးခဲ့ရာ ၉၂.၉ % အထိ ပြီးစီးခဲ့ပါသည်။

အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၇) ကြိမ်မြောက် အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ အဆင့်မြင့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင် Mr. Chatoulong Bouasisavath နှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင် Mr. Dato Zainuddin Yahya တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ဒုတိယ အတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးအတွင်း အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင်များသည် ဗီယက်နမ် မဟာဗျူဟာလေ့လာရေးနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစင်တာနှင့် အာဆီယံသဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာမှု ညှိနှိုင်းဆောင်ရွက်ရေး ဗဟိုဌာနမှ ကိုယ်စားလှယ်များနှင့် မျက်နှာစုံညီ ဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ကိုယ်စားလှယ်များက ၎င်းတို့ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ၊ အာဆီယံအသိုက်အဝန်း (၂၀၄၅) အား ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပံ့ပိုးဆောင်ရွက်နိုင်သည့် ကိစ္စရပ်များနှင့် အကြံပြုချက်များကို တင်ပြခဲ့ကြပါသည်။ သက်ဆိုင်ရာကိုယ်စားလှယ်များ၏ တင်ပြအကြံပြုချက်များနှင့် ဆွေးနွေးမှုများအပေါ် အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည်ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံ (၂၀၂၅) အား ပြန်လည်သုံးသပ်ခြင်းနှင့် အာဆီယံမျှော်မှန်းချက် (၂၀၄၅) ဆိုင်ရာ ဒေသတွင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ရာ ဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး၊စီးပွားရေး၊ လူမှုယဉ်ကျေးမှု၊ ဒေသတွင်း ဆက်သွယ်ရေးဆိုင်ရာ မဟာဗျူဟာများနှင့် အာဆီယံပေါင်းစည်းရေး ကနဦးအစီအစဉ်တို့၏ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် (၂၀၄၅) နှင့် မဟာဗျူဟာစီမံချက်များ ရေးဆွဲရေးလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ကဏ္ဍစုံပါဝင်နေသည့်ကိစ္စရပ်များအပေါ် မဏ္ဍိုင် (၃) ခုအောက်ရှိ ကဏ္ဍအလိုက်အဖွဲ့အစည်းများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် တက်ရောက်လာသူများနှင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင်၊ ဒုတိယဝန်ကြီးက (၁၇) ကြိမ်မြောက် အစည်းအဝေးနှင့် ဒေသတွင်းဆွေးနွေးပွဲတို့၌ အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံ (၂၀၂၅) အား အကောင်အထည်ဖော်လျက်ရှိသည့် အာဆီယံမဏ္ဍိုင်(၃)ရပ်၏ လမ်းပြမြေပုံအသီးသီးမှာ ပျှမ်းမျှ ၉၅ % ကျော် ဆောင်ရွက်ပြီးစီးသည်ကို သိရှိရသဖြင့် ကျေနပ်အားရမိကြောင်း၊ အဆိုပါ လမ်းပြမြေပုံများတွင်

ထည့်သွင်းရေးဆွဲခဲ့သည့် ဦးစားပေး အစီအစဉ်များနှင့် လုပ်ငန်းစီမံချက်များ၏ အကောင်အထည်ဖော်မှုနှင့် ပြီးစီးမှုကို တိုင်းတာရာတွင် အရေအတွက်အားဖြင့် သာမက အရည်အသွေးအားဖြင့်လည်း သုံးသပ်ရန်လိုအပ်ကြောင်း၊ ယင်းစီမံကိန်းများကို အရေအတွက် ပြည့်မီစေရန်သာ အပေါ်ယံ၌ အကောင်အထည်ဖော်ခြင်းမျိုး မဖြစ်စေဘဲ အာဆီယံနိုင်ငံများ၌ မှီတင်းနေထိုင်ကြသော အလွှာအသီးသီးရှိ သာမန်ပြည်သူများအတွက်လည်း အမှန်တကယ် အကျိုးဖြစ်ထွန်းစေသည့် စီမံကိန်းများအဖြစ် ဖော်ဆောင်ရန် အရေးကြီးကြောင်း၊ သို့မှသာ အာဆီယံခေါင်းဆောင်များ ချမှတ်ထားသည့် “**ပြည်သူဗဟိုပြု အာဆီယံ**” ရည်မှန်းချက်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ အာဆီယံအသိုက်အဝန်း (၂၀၄၅) ၏ မဟာဗျူဟာစီမံကိန်းများအား အကောင်အထည်ဖော်သည့်အခါ အာဆီယံနိုင်ငံအသီးသီး၌ရှိသော အမျိုးသားစီမံကိန်းများနှင့် ဦးစားပေးအစီအစဉ်များအား ဒေသဆိုင်ရာ လုပ်ငန်းစီမံချက်များနှင့် ဟန်ချက်ညီညီ ချိတ်ဆက် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ စီမံကိန်းများတွင် အာဆီယံနိုင်ငံအားလုံး တန်းတူညီမျှ ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် ခွဲခြားမှုမရှိစေရေးမှာလည်း အလွန်အရေးကြီးကြောင်း၊ အာဆီယံ၏ စီမံကိန်း အများစုမှာ ပြင်ပမိတ်ဖက်နိုင်ငံများ၏ အထောက်အပံ့ဖြင့် အကောင်အထည်ဖော်မှုများရှိကြောင်း၊ အာဆီယံ၏ စံနှုန်းများဖြစ်သည့် စုစည်းညီညွတ်မှု၊ တန်းတူညီတူရှိမှု၊ အပြန်အလှန် လေးစားမှုတို့ဖြင့် “**အာဆီယံဗဟိုကျမှု**” ကို အာဆီယံ ဦးဆောင်သည့် ယန္တရားများတွင် သာမက အာဆီယံအတွင်း၌ပါ ပိုမိုကျစ်လစ်ခိုင်မာစွာ မြှင့်တင်ဖော်ဆောင်သွားရန်လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ပါသည်။

အစည်းအဝေး၏ ရလဒ်များအနေဖြင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် (၂၀၄၅) ၏ အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း မဟာဗျူဟာ စီမံချက်အား တတိယအကြိမ် ဖတ်ကြားဆွေးနွေးမှုကို ဆောင်ရွက်နိုင်ခဲ့သည့်အပြင် လာမည့် (၁၈) ကြိမ်မြောက်နှင့် (၁၉) ကြိမ်မြောက် အစည်းအဝေးတို့တွင် အပြီးသတ် ညှိနှိုင်းရေးဆွဲသွားရန်၊ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် (၂၀၄၅) အား အကောင်အထည်ဖော်မည့် အာဆီယံ မဏ္ဍိုင် (၃) ရပ်နှင့် အာဆီယံ ပေါင်းစပ်ဆက်သွယ်မှု မဟာဗျူဟာ စီမံချက်များကို ၂၀၂၅ ခုနှစ်တွင် မလေးရှား နိုင်ငံ၌ ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံ ထိပ်သီး အစည်းအဝေးတွင် အချိန်မီ အတည်ပြုနိုင်ရေးအတွက် ရေးဆွဲဆောင်ရွက်နေကြောင်း သတင်းရရှိပါသည်။



အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၈) ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

စင်ကာပူနိုင်ငံတွင် နိုဝင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကျင်းပသည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်း အဖွဲ့၏ (၁၈) ကြိမ်မြောက် အစည်းအဝေးသို့ အာဆီယံအသိုက်အဝန်း ၂၀၂၅ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ယင်းအစည်းအဝေးနှင့်ဆက်စပ်၍ အာဆီယံ အသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းနှင့် စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက် မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး ဆွေးနွေးရန် ကျန်ရှိနေသည့် နယ်ပယ်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ရာ ၉၇ ဒသမ ၂ ရာခိုင်နှုန်းအထိ ပြီးစီးခဲ့သည်။

အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၈) ကြိမ်မြောက် အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်တို့ကပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ တီမောလက်စတေနိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးအတွင်း အဆင့်မြင့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များသည် စင်ကာပူနိုင်ငံ၏ အက်စ်ရာဂျရပ်နမ်နိုင်ငံ တကာလေ့လာရေးကျောင်း၊ ယူဆော့အီရှပ် သိပ္ပံနှင့် စင်ကာပူ နိုင်ငံတကာရေးရာ သိပ္ပံတို့မှ ကိုယ်စားလှယ်များနှင့် မျက်နှာစုံညီဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ရာ ကိုယ်စားလှယ်များက ၎င်းတို့ ဆောင်ရွက်လျက်ရှိသော လုပ်ငန်း စဉ်များ၊ အာဆီယံအသိုက်အဝန်း (၂၀၄၅) ရေးဆွဲအကောင်အထည်ဖော်ရာတွင် အကြံပြုချက်များကို တင်ပြကြသည်။ ထို့ပြင် အာဆီယံဒေသတွင်း ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် ယင်းတို့ကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ရေးဆွဲလျက်ရှိသည့် ဗျူဟာမြောက် အာဆီယံလုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော်နိုင်ရေးတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင်၊ ဒုတိယဝန်ကြီးက အာဆီယံ၏ ထူးခြားသော သဘောသဘာဝအရ “အာဆီယံအချက်အချာကျမှု”ကို ပိုမိုကောင်းမွန်စွာ ကျင့်သုံးနိုင်ရေးအတွက် အာဆီယံ အသိုက်အဝန်း၏ ဘဏ္ဍာရေးဆိုင်ရာ အမှီအခိုကင်းမှုကို ပိုမိုကြိုးပမ်းဆောင်ရွက်ရန် အကြံပြုပါကြောင်း၊ အာဆီယံမျှော်မှန်းချက် ၂၀၄၅ ကို အကောင်အထည်ဖော်ရာတွင် ယနေ့လူငယ်များ၏ ပါဝင်မှုသည် အရေးပါမည်ဖြစ်ပါကြောင်း၊ အာဆီယံအစည်းအဝေးများတွင် အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှု၊ ပိုမိုပါဝင်ဆောင်ရွက်နိုင်မှုနှင့် တန်းတူညီမျှကိုယ်စားပြုမှုတို့ လိုအပ်ပါကြောင်း စသဖြင့် ဆွေးနွေးပြောကြားသည်။

လာမည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသည့် (၁၉) ကြိမ်မြောက် အစည်းအဝေးတွင် အာဆီယံမဟာဗျူဟာမြောက်လုပ်ငန်းစဉ်များ ဆက်လက်ရေးဆွဲကာ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အချိန်မီအတည်ပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် ရှိကြောင်းသိရသည်။




ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲတို့၏ Virtual Meeting

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်နှင့် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့သည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့၊ ၁၀၀၀ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၁) ၌ Virtual စနစ်ဖြင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ထိုသို့ တွေ့ဆုံစဉ် အိန္ဒိယနိုင်ငံ အကူအညီဖြင့် ဆောင်ရွက်မည့် အသေးစားဖွံ့ဖြိုးမှုစီမံကိန်း(SDP) ဆိုင်ရာ နားလည်မှုစာချုပ်လွှာများ ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေး၊ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက် (QIP)များ အကောင်အထည်ဖော်ရေးတို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးမှုတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။





အိန္ဒိယနိုင်ငံ အကူအညီဖြင့် ဆောင်ရွက်မည့် အသေးစားဖွံ့ဖြိုးမှုစီမံကိန်း (SDP) ဆိုင်ရာ နားလည်မှုစာချုပ်လွှာများ ဆောလျင်စွာလက်မှတ်ရေးထိုးနိုင်ရေး၊ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက် (QIP)များ အကောင်အထည်ဖော်ရေးတို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



အိန္ဒိယနိုင်ငံ အကူအညီဖြင့် ဆောင်ရွက်မည့် အသေးစားဖွံ့ဖြိုးမှုစီမံကိန်း (SDP) ဆိုင်ရာ နားလည်မှု စာချုပ်လွှာများ ဆောလျင်စွာလက်မှတ်ရေးထိုးနိုင်ရေး၊ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက် (QIP) များ အကောင်အထည်ဖော်ရေးတို့နှင့်စပ်လျဉ်းသည့်ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့၊ ၁၀ ၀၀ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေး ခန်းမ (၃) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၉) ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခြင်း

လာအိုနိုင်ငံ၊ ဗီယန်ကျန်းတွင် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ဒီဇင်ဘာလ ၁၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၉) ကြိမ်မြောက် အစည်းအဝေးသို့ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊အာဆီယံရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါတက်ရောက်ခဲ့ပါသည်။ ယင်းအစည်းအဝေးနှင့် ဆက်စပ်၍ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းနှင့် စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက်မူကြမ်း ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး ဆွေးနွေးရန် ကျန်ရှိနေသည့် နယ်ပယ်များကို ဆက်လက်ညှိနှိုင်း ဆွေးနွေးခဲ့ရာ ၉၈ ရာခိုင်နှုန်းအထိ ပြီးစီးခဲ့ပါသည်။

အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ (၁၉) ကြိမ်မြောက် အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် စာတမ်း ရေးဆွဲရေးဆိုင်ရာ အမြဲတမ်း ဦးဆောင် အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ အဆင့်မြင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်တို့ကပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ တီမောလက်စတေနိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် အာဆီယံ စီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက် ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများနှင့် အာဆီယံ ပေါင်းစည်းဆက်သွယ်ညှိနှိုင်းရေး ဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် မျက်နှာစုံညီအစည်းအဝေး ပြုလုပ်ခဲ့ရာ သက်ဆိုင်ရာ မဏ္ဍိုင်များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာ မဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများရေးဆွဲမှု၏ တိုးတက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး မဟာဗျူဟာစီမံချက်များ ရေးဆွဲမှုအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ထို့နောက် အာဆီယံ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အာဆီယံ အဖွဲ့အစည်း ပို့မို ခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစဉ်များနှင့် မဏ္ဍိုင်(၃) ရပ်လုံးနှင့် သက်ဆိုင်ရာ လုပ်ငန်းစဉ်များအား ထိရောက်စွာ အကောင်အထည်ဖော်ရေး နည်းလမ်းများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်ပြီး အာဆီယံလူငယ်အဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် မျက်နှာစုံညီ အစည်းအဝေး ပြုလုပ်ခဲ့ရာ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ၎င်းတို့၏ လုပ်ငန်းစဉ်များနှင့် အာဆီယံအသိုက်အဝန်း အကောင်အထည်ဖော်ခြင်းတွင် ပံ့ပိုး ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဦးစားပေးလုပ်ငန်းစဉ်များနှင့် အနာဂတ်စိန်ခေါ်မှုများကို ဆွေးနွေးကာ အကြံပြုချက်များကို တင်ပြခဲ့ကြပါသည်။ သက်ဆိုင်ရာ ကိုယ်စားလှယ်များကတင်ပြလာသည့်အကြံပြုချက်များနှင့်အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများ အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင်၊ ဒုတိယဝန်ကြီးက (၁၉) ကြိမ်မြောက် အစည်းအဝေး၌ အာဆီယံ အသိုက်အဝန်း လမ်းပြမြေပုံ (၂၀၄၅) အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အာဆီယံ ပေါင်းစည်းဆက်သွယ်ရေးနှင့် မဏ္ဍိုင် (၃) ရပ်ရှိ သက်ဆိုင်ရာ မဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများ ရေးဆွဲမှုများအနေဖြင့် အနည်းဆုံး ၉၅ % စီခန့် ပြီးစီးတိုးတက်မှုများအပေါ် ကျေနပ်အားရမိကြောင်း၊ အာဆီယံပေါင်းစည်းဆက်သွယ်ရေးနှင့် မဏ္ဍိုင် (၃) ရပ်ရှိအာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာ အားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မိမိတို့သက်ဆိုင်ရာ မဏ္ဍိုင်များ တိုးတက်ရေးအတွက် သီးခြားမူဝါဒဆိုင်ရာ ထောက်ခံတင်ပြမှုများအား ဖော်ပြ ပါဝင်သင့်ကြောင်း၊ အာဆီယံမဏ္ဍိုင်များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းသဘာဝ တို့မှာ မတူကွဲပြားခြားနားသည့်အတွက် မိမိတို့ မဏ္ဍိုင်များ အလိုက်အဖွဲ့အစည်းပိုမိုခိုင်မာအားကောင်းစေရေး ဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစဉ်များအား ထည့်သွင်း ဆွေးနွေးကြရန် တိုက်တွန်းပါကြောင်း၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းမဏ္ဍိုင်မှ အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာ အားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အထွေထွေ အကြံပြုချက်များအား သက်ဆိုင်ရာမဏ္ဍိုင်များသို့ပံ့ပိုးပေးသင့်ကြောင်း၊ အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း မဏ္ဍိုင်မှ ဦးဆောင်ဦးရွက်ပြုပြီး အခြားမဏ္ဍိုင်များမှ ကဏ္ဍအလိုက် ပူးပေါင်း ပံ့ပိုးကူညီသွားရန် လိုအပ်ပါကြောင်း တိုက်တွန်း ဆွေးနွေး ပြောကြားခဲ့ပါသည်။

လာမည့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပရန် စီစဉ်ထားသည့် (၂၀) ကြိမ်မြောက်အစည်းအဝေးတွင် အာဆီယံ အသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ဆိုင်ရာ အာဆီယံ မဟာဗျူဟာမြောက်လုပ်ငန်းစဉ်များ အပြီးသတ် ဆက်လက် ရေးဆွဲသွားကြမည် ဖြစ်ပါသည်။ ထို့အပြင် သက်ဆိုင်ရာ မဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများ ရေးဆွဲမှုများရေးဆွဲမှုများအတွက် မဟာဗျူဟာလုပ်ငန်းစဉ်များ သက်ဆိုင်ရာ မဏ္ဍိုင်များအကြား ကိုက်ညီမှုရှိစေရေး၊ မဟာဗျူဟာ စီမံချက်များ ထပ်မနေစေရေး၊ ကဏ္ဍများအကြား အချိတ်အဆက်မိရေး ကိစ္စများကို ဆက်လက် ဆွေးနွေး ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အချိန်မီအတည်ပြုနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားရန်ရှိပါကြောင်း သတင်းရရှိပါသည်။



ဦးစီးဌာနမျာ်း၏
သတင်းကဏ္ဍ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/ ၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံး မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း အပါအဝင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၅ ခုကို ခွင့်ပြုခြင်း

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၇/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၈) ၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်၅ခုကိုခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၄၄.၄ သန်းနှင့် ကျပ် ၅၇၃၅.၉၇၆ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂၀၀၂ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

ယခုအစည်းအဝေးကခွင့်ပြုပေးခဲ့သည့်လုပ်ငန်းများတွင် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည့် လျှပ်စစ်သုံး မော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းလည်း ပါဝင်ပါသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သောနိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ကြပါသည်။ စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံး ရင်းနှီးမြှုပ်နှံ ထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏၂၈.၄၅%ဖြင့်လည်းကောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄.၄၁ % ဖြင့်လည်းကောင်း၊ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄.၄၅ %ဖြင့် လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကို လည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/ ၂၀၂၄) ကြိမ်မြောက် အစည်းအဝေးက လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၈ ခုကို ခွင့်ပြု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈)၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင်ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ကဏ္ဍနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်၈ ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၉.၂၅၅သန်းနှင့် ကျပ်၄၆,၀၀၅.၂၂၆သန်း ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း၁၉၇၂ ဦးကိုဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည့် လျှပ်စစ်သုံးမော်တော်ယာဉ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းပါဝင်ပါသည်။

၂၀၂၄ ခုနှစ်၊ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သောနိုင်ငံ/ဒေသများမှာစင်ကာပူ နိုင်ငံ၊တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့ ဖြစ်ကြသည်။ စီးပွားရေးကဏ္ဍ၁၂ခုအနက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ထားသည့် ကဏ္ဍများမှာ စွမ်းအင် ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏၂၈.၄၃%ဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင်စုစုပေါင်း ၂၄.၃၉ %ဖြင့်လည်းကောင်း၊ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄.၄၆%ဖြင့် လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားပါသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကို လည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများ အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို လည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပံ့ပိုး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက်အစည်းအဝေး ကျင်းပခြင်း

ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းနှစ်ခုကတင်ပြလာသောကိစ္စရပ်များ အပေါ် စိစစ်ခြင်းနှင့်ဆွေးနွေးခြင်းတို့ကိုဆောင်ရွက်ခဲ့ကြပါသည်။



တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမြတ်ကို၊ ကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြား ထားသော သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့်စားအုန်းဆီ ထုတ်လုပ်ခြင်း လုပ်ငန်းတစ်ခု၏ အတည်ပြုမိန့် လျှောက်ထားလာခြင်းကိစ္စနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှစ်ခု၏ ရင်းနှီးမြှုပ်နှံမှု ပမာဏတိုးမြှင့် ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စတို့ကို ဆွေးနွေးခဲ့ကြပါသည်။



မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း

မကွေးတိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်ရှိ ကွန်ကရစ်ကျောက်တိုင် ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းသို့ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က VIDEO CONFERENCING စနစ်ဖြင့် တွေ့ဆုံဝန်ဆောင်မှုပေးခြင်း



မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့ နယ်အတွင်း ရေနံစိမ်းမှ အဆင့်မြင့် ဓာတ်ဆီ၊ ဒီဇယ်ဆီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် Video Conferencing စနစ် ဖြင့် တွေ့ဆုံ ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၇/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၇/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်း ဝန်ဆောင်မှုပေးခဲ့သည့် လုပ်ငန်းအပေါ် ဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ကြပါသည်။



မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း



မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်ရှိတန်ဖိုးမြှင့်နှမ်းများ၊ သန့်စင်ပြီးမြေပဲ၊ သန့်စင်ပြီးပဲမျိုးစုံ၊ သန့်စင်ပြီးပြောင်း၊ မြေပဲဆီနှင့် နေကြာဆီ ထုတ်လုပ်၍ပြည်တွင်း၊ ပြည်ပသို့ ထုတ်လုပ်တင်ပို့ ရောင်းချခြင်း လုပ်ငန်းသို့ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး ကုမ္ပဏီမှ တာဝန် ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကျင်းပခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၈/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် စက်မှုကဏ္ဍ၌ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂ ခုကို အတည်ပြုမိန့်ခွင့်ပြုရန် ဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂ ခု၏ မတည်ငွေရင်းပမာဏမှာ မြန်မာကျပ်ငွေ ၂,၈၃၀ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၃ နေရာ ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ဆက်လက်၍ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှု ပေးခဲ့သည့် လုပ်ငန်းများအပေါ် ဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ကြပါသည်။



မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင် များတက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်း ဝန်ဆောင်မှု ပေးခဲ့သည့် လုပ်ငန်းများအပေါ် ဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ကြပါသည်။



မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ကွင်းဆင်းစစ်ဆေးခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်ရှိ နွားသားစပ်မွေးမြူခြင်းနှင့် ရောင်းချခြင်း လုပ်ငန်းသို့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ မွန်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။



အစည်းအဝေးတွင် ရာနှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခု နှင့် ရာနှုန်းပြည့်မြန်မာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၂ ခုတို့က တင်ပြလာသည့် ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြပါသည်။

ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းကြည့်ရှုအားပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသော စက်ရုံ၏ စီးပွားဖြစ် စတင်လည်ပတ် ထုတ်လုပ်ရန်အတွက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊CMP စနစ်ဖြင့် ပလတ်စတစ်အိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်ဆောက်ရေး ကာလတိုးမြှင့်ခွင့် တင်ပြလာခြင်းအပေါ် မြေပြင်အခြေအနေနှင့် အတည်ပြုမိန့်ရယူရန် လျှောက်ထားလာသော CMP စနစ်ဖြင့် Wearing Apparel အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၏ မြေပြင်အခြေအနေတို့အား ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေး၍ ရင်းနှီးမြှုပ်နှံသူများ၏ တာဝန်ဝတ္တရားများ လိုက်နာဆောင်ရွက်မှု အခြေအနေ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ(၈/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြား ထားသူများ တက်ရောက်ခဲ့ပါသည်။



အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခုကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းမှာ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းဖြစ်ပါသည်။ ထို့အပြင် အစည်းအဝေးတွင် အထွေထွေ ကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၀ ခု ၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။



ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းကြည့်ရှုခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ရွှေပြည်သာမြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်း



ဆောင်ရွက်လျက်ရှိသော စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ နိုင်ငံတကာအဆင့်မီ တန်ဖိုးမြှင့် ရာဘာထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်း၏ မြေပြင်အခြေအနေတို့အား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေး၍ ရင်းနှီးမြှုပ်နှံသူများ၏ တာဝန်ဝတ္တရားများ လိုက်နာဆောင်ရွက်မှုအခြေအနေ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းကြည့်ရှုခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ဒဂုံ(ဆိပ်ကမ်း) မြို့နယ်ရှိ Ware-Housing Services and Logistics Services လုပ်ငန်းနှင့် CMP စနစ်ဖြင့် အိတ်အမျိုးမျိုး၊ ခါးပတ်အမျိုးမျိုးနှင့် ဒူးကာအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းတို့၏ မြေပြင် အခြေအနေအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေး၍ ရင်းနှီးမြှုပ်နှံသူများ၏လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၉/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၉/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ နံနက်တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်း ဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီရုံး၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။



အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခုကို အတည်ပြု ပေးခဲ့ပါသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းမှာ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း ဖြစ်ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ မတည်ဆောက်ရေးပမာဏမှာ အမေရိကန် ဒေါ်လာ ၁ သန်း (အမေရိကန်ဒေါ်လာတစ်သန်း) ဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်း ၇၀၀ ဦးအတွက်ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၉ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁၀/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁၀/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီက ဟိုတယ်နှင့်ခရီးသွားလာရေး ကဏ္ဍ၌ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ခုနှင့် စက်မှုကဏ္ဍတွင် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခုတို့ကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းတို့ ဖြစ်ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ဆောက်ရေး ပမာဏမှာ ကျပ် ၈၆၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၁.၁၀၃ သန်း ဖြစ်ပြီးပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်း ၆၂၂ ဦး အတွက် ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၁ ခု ၏ တင်ပြချက်များကို လည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။



ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ကွင်းဆင်းကြည့်ရှုခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ရှိ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊CMP စနစ်ဖြင့်အထည်နှင့်အတွင်းခံ အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း၊ ဆန်အမျိုးမျိုး ကြိတ်ခွဲ တင်ပို့ရောင်းချခြင်းလုပ်ငန်း (၈၅% ပြည်ပသို့ တင်ပို့၍ ၁၅%အား ပြည်တွင်းတွင်ရောင်းချခြင်း)နှင့် CMP စနစ်ဖြင့် Wearing Apparel အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော စက်ရုံများသို့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် သွားရောက်၍ စီးပွားဖြစ် စတင်လည်ပတ် ထုတ်လုပ်မည့် လုပ်ငန်းများ၏ လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေ၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ သြဂုတ်လ ၁၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ဆန်ထုတ်လုပ်တင်ပို့ ရောင်းချခြင်းလုပ်ငန်း ၂ ခုတို့ကိုအတည်ပြုပေးနိုင်ခဲ့ပါသည်။



ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်း

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ပိုင်ဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်ရှိ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသော လျှပ်စစ်သုံးယာဉ် သုံးဘီးမော်တော်ဆိုင်ကယ်များနှင့် လျှပ်စစ်သုံးယာဉ် နှစ်ဘီးမော်တော်ဆိုင်ကယ်များ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းနှင့် ဆန်၊ ပြောင်းကြိတ်ခွဲ ထုတ်လုပ်တင်ပို့ ရောင်းချခြင်း လုပ်ငန်းတို့သို့ ၂၀၂၄ ခုနှစ်၊ သြဂုတ်လ ၂၃ ရက်နေ့တွင်သွားရောက် စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးပြုလုပ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ဧရာဝတီတိုင်း ဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ဆန်ကြိတ်ခွဲ ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းတစ်ခုကို အတည်ပြုမိန့် ထုတ်ပေးရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။



ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးအောင်အောင်နှင့်ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ စက္ကူပျော့ဖတ်နှင့် စက္ကူအမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းတို့မှ တင်ပြလာသည့်ကိစ္စရပ်များကို ကော်မတီမှ ဆွေးနွေးခဲ့ပါသည်။



ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးခြင်း

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ပိုင် ဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ပုသိမ်စက်မှုစီမံကိန်းအတွင်းရှိ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ အတည်ပြုမိန့်ဖြင့် သတ္တု အရည်ကြို စက်ရုံ တည်ဆောက်၍ အလူမီနီယံနှင့် Stainless Steel သတ္တုတုံးများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းနှင့် ကွန်ကရစ်တိုင်များ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းတို့ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် သွားရောက်၍ တည်ဆောက်ရေး ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ (NCIC) ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နေပြည်တော် ကောင်စီရုံး၊ အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ခဲ့ရာနေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော် ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသည့်ဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် စက်မှုကဏ္ဍ၌ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အသစ်တစ်ခုကို အတည်ပြုမိန့် ထုတ်ပေးရန် အတည်ပြုခဲ့ပြီး၊ ဆောင်ရွက်ဆဲ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ တည်ဆောက်ရေး ကာလတိုးမြှင့်ခွင့်နှင့် အရပ်ဒေသ ပြောင်းရွှေ့ခွင့်တို့အား ဆွေးနွေးခဲ့သည်။





နေပြည်တော် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသို့ ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခဲ့သည့် နေပြည်တော်အတွင်းရှိ စီးပွားဖြစ်စတင်ရန်ဆောင်ရွက်ထားသည့်အခြေခံပညာရေး ဝန်ဆောင်မှုလုပ်ငန်းနှင့် နေပြည်တော် ရေပန်းဥယျာဉ် အပန်းဖြေဝန်ဆောင်မှု လုပ်ငန်းတို့သို့ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်တွင် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ပါသည်။



ပြည်တွင်းပြည်ပ စီးပွားရေး သတင်းကဏ္ဍ

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အဋ္ဌမအကြိမ်မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

မဟာမဲခေါင်ဒေသခွဲ (Greater Mekong Subregion – GMS) အစီအစဉ်အရ အဋ္ဌမအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေး (8th GMS Summit) ကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် ကြီးမှူးကျင်းပ၍ ယူနန်ပြည်နယ်၊ ကူမင်းမြို့၌ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။



8th GMS Summitကို **“ဆန်းသစ်တီထွင်မှုဖော်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့ (Toward the better community through Innovation-Driven Development)”** ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပါသည်။

ထိပ်သီးအစည်းအဝေးကို သီးသန့် အစည်းအဝေး (Leaders’ Retreat) နှင့် မျက်နှာစုံညီ အစည်းအဝေး (Plenary) ဟူ၍ အပိုင်း ၂ ပိုင်းဖြင့် ကျင်းပခဲ့ရာ သီးသန့် အစည်းအဝေးတွင် “ဆန်းသစ်တီထွင်မှု ဖော်ဆောင်သော ဖွံ့ဖြိုးတိုးတက်မှု” (Innovation-Driven Development) နှင့်စပ်လျဉ်း၍ ဂျီအမ်အက်စ်နိုင်ငံခေါင်းဆောင်များက နိုင်ငံအမည်အက္ခရာစဉ်အလိုက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မျက်နှာစုံညီအစည်းအဝေးတွင် ဂျီအမ်အက်စ် နိုင်ငံခေါင်းဆောင်များကအမှာစကားပြောကြားခြင်း၊ အဆင့်မြင့်အရာရှိများ အစည်းအဝေးအစီရင်ခံစာကို မဟာမဲခေါင်ဒေသခွဲ အဆင့်မြင့်အရာရှိများ ကိုယ်စား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘင်္ဂလားရေးဝန်ကြီး မစ္စတာလန်ဖုန်က ဖတ်ကြားတင်ပြခြင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များအစည်းအဝေး အစီရင်ခံစာကို အာရှဖွံ့ဖြိုးရေးဘဏ်၊ အာရှရေးရာဌာနခွဲ ညွှန်ကြားရေးမှူးချုပ် Mr. Winfried Wicklein ကလည်းကောင်း၊ ၂၀၂၄ ခုနှစ် ဂျီအမ်အက်စ် စီးပွားရေးစကြံ့ ပြည်နယ်/တိုင်းအဆင့် ခေါင်းဆောင်များဖိုရမ်အစီရင်ခံစာကို ယူနန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကလည်းကောင်း နိုင်ငံခေါင်းဆောင်များထံ အသီးသီး တင်ပြခဲ့ကြသည်။ ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျီအမ်အက်စ် ဆန်းသစ်တီထွင်မှု မဟာဗျူဟာ ၂၀၃၀ ကို အတည်ပြုခဲ့ပြီး 8th GMS Summit ၏ ထိပ်သီးကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

8th GMS Summit ၏ မျက်နှာစုံညီအစည်းအဝေးသို့ အိမ်ရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် လီချန်၊ ကမ္ဘောဒီးယားဘုရင်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် မဟာပဝရ ဓိပတိဟွန်မာနိုက်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆုံဆိုင်းဆီဖန်ဒုံ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ထိုင်းဘုရင့်နိုင်ငံ ဝန်ကြီးချုပ် မဒမ်ဖိထောင်တ်ရှင်နာဝပ်တရာ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်မင်ချင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာမာဆာဆုဂုအာဆာကာဝါ နှင့် အခြားဖိတ်ကြားထားသည့် ဂျီအမ်အက်စ်အဖွဲ့ဝင် ၆ နိုင်ငံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများ စုစုပေါင်း (၂၀၀) ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြသည်။



တရုတ်နိုင်ငံက စီးပွားရေးမြှင့်တင်ရန် မူဝါဒသစ်များချမှတ်

တရုတ်နိုင်ငံသည် စတုတ္ထသုံးလပတ်တွင် စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် တန်ပြန် ပြုပြင်ပြောင်းလဲနိုင်မည့် မဝေရှိမူဝါဒသစ်ချမှတ်မှုများ အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ် စီးပွားရေးတိုးတက်မှု ရည်မှန်းချက် ၅ % ဝန်းကျင်ကို အောင်မြင်စွာရရှိရေးအတွက် ခိုင်မာသော အခြေခံအုတ်မြစ်ချမှတ်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များက ပြောကြားခဲ့သည်ဟု သိရသည်။

မကြာမီက ထုတ်ပြန်ခဲ့သည့် စီးပွားရေးလှုံ့ဆော်မှု အစီအစဉ်တွင် ဈေးကွက်ယုံကြည်မှုနှင့် မျှော်လင့်ချက်များ သိသာစွာ မြှင့်တင်ပေးခဲ့သောကြောင့် ရင်းနှီးမြှုပ်နှံသူများ ကမ္ဘာဝါဒအသစ်ဆိုင်ရာအချက်အလက်များကို စောင့်ကြည့်လျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများထိရောက်စွာ ချဲ့ထွင်ရန်၊ စားသုံးမှုတွန်းအားပေးရန်နှင့် အိမ်ခြံမြေဈေးကွက်တည်ငြိမ်စေရန် အဓိကအာရုံစိုက် ဆောင်ရွက်မည့် မူဝါဒသစ်တစ်ရပ်ကို မကြာမီ မိတ်ဆက်ဖွယ်ရှိကြောင်း စီးပွားရေးပညာရှင်များက ပြောကြားခဲ့သည်ဟုလည်းသိရသည်။

ဝါရှင်တန်ဒီစီတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဘဏ်၏ (၁၁၀) ကြိမ်မြောက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေး၌ တရုတ်နိုင်ငံ၏ အားကောင်းသည့် စီးပွားရေးလှုံ့ဆော်မှု အစီအစဉ်ကို ဘဏ္ဍာရေး၊ ဒုတိယဝန်ကြီး Liao Min က အလေးပေးပြောကြားခဲ့ကြောင်း၊ ဒေသန္တရ အစိုးရကြွေးမြီများဖြေရှင်းရန်၊ အိမ်ခြံမြေဈေးကွက် တည်ငြိမ်စေရန်၊ အဓိကကျသော အုပ်စုများ၏ ဝင်ငွေတိုးမြှင့်လာစေရန်၊ လူတို့၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရန်၊ စက်ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ရန်နှင့် လူသုံးကုန်ပစ္စည်းများကုန်သွယ်မှု တွန်းအားပေးဆောင်ရွက်ရန် စသည့် ခိုင်မာသော အစီအမံများဖြင့် ဘဏ္ဍာရေးမူဝါဒဆိုင်ရာ တန်ပြန်ပြုပြင်ပြောင်းလဲမှုများကို အရှိန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူမှုရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် စားသုံးမှုကို တွန်းအားပေးဆောင်ရွက်ရန် အစိုးရအသုံးစရိတ်ကို အသုံးချသည့်နည်းလမ်းဖြင့် ထိရောက်သော ဝယ်လိုအားတိုးလာစေရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်ပြန်ကြားရေးဌာန၏ စီးပွားရေး ခန့်မှန်းချက်ဌာန၊ Macroeconomic Research Office မှ လက်ထောက်ညွှန်ကြားရေးမှူး Zou Yunhan က တရုတ်နိုင်ငံ၏ စီးပွားရေးသည် တိုးမြင့်လာမည့် မူဝါဒအစီအစဉ်အရ စတုတ္ထသုံးလပတ်တွင်အရှိန်တိုးတက်လာနိုင်ကြောင်း၊ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှုများ ဆက်လက်ဆောင်ရွက်နေပြီး ဆန်းသစ်တီထွင်သည့် နည်းပညာမြှင့်တင်မှုဆိုင်ရာ ခြေလှမ်းများ ပိုမိုအားကောင်းလာမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

ဝါရှင်တန်တွင် ကျင်းပသည့် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းအဖွဲ့များအကြား အစည်းအဝေးတွင် အမေရိကန်က စည်းကြပ်ခွန် တိုးမြှင့်ကောက်ခံမှုအပေါ် တရုတ်နိုင်ငံအနေဖြင့် စိုးရိမ်ကြောင်း၊ နှစ်နိုင်ငံ မဝေရှိစီးပွားရေး အခြေအနေများ၊ မူဝါဒများနှင့်ပတ်သက်သော နက်ရှိုင်း၍ လက်တွေ့ကျကာ အပြုသဘောဆောင်သည့် ဆွေးနွေးပွဲများ၊ ကမ္ဘာ့စီးပွားရေးအတွက် တုံ့ပြန်ဆောင်ရွက်ခြင်းအပါအဝင် ဝင်ငွေနည်းပါးသည့် နိုင်ငံများ၏ liquidity challenge များရင်ဆိုင်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဆက်သွယ် ဆောင်ရွက်ရန် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအသင်းဥက္ကဋ္ဌ Jin Xu က အမေရိကန်မှ ဆောင်ရွက်လျက်ရှိသည့် စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာ မူဝါဒများ (decouple and sever industrial and supply chains၊ small yards with high fences) စသည်တို့မှာ နောက်ဆုံးတွင် အမေရိကန်စီးပွားရေးလုပ်ငန်းများ၊ ကမ္ဘာ့စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်များကို ထိခိုက်နိုင်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

တရုတ်နိုင်ငံ၏ နည်းပညာစွမ်းဆောင်နိုင်မှု၊ ခိုင်မာသည့် စက်မှုအခြေခံအုတ်မြစ်နှင့် အစိုးရ၏ ပံ့ပိုးကူညီမှုများဖြင့် နည်းပညာဆိုင်ရာ တားဆီးမှုများကို ကျော်လွှားရန် ကောင်းမွန်သည့် အနေအထားတွင် ရပ်တည်လျက်ရှိကြောင်း၊ Chips သို့မဟုတ် AI စသည်တို့တွင် တရုတ်နိုင်ငံက အစွမ်းကုန် အောင်မြင်မှုများ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ တရုတ်နိုင်ငံသည် စက်မှု၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ကာလသစ်ကို ဦးဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်ပြန်ကြားရေးဌာန၏ တာဝန်ရှိသူမှ ပြောကြားထားကြောင်း သိရသည်။

အမျိုးသားစာရင်းအင်းဗျူရိုမှ အချက်အလက်များအရ တရုတ်နိုင်ငံသည် တည်ငြိမ်စွာဖြင့် စီးပွားရေး ပြန်လည် ဦးမော့နိုင်သည့် လမ်းကြောင်းတွင်ရှိသော်လည်း အဓိက စက်မှုလုပ်ငန်း ကုမ္ပဏီများ၏ အမြတ်မှာ ဇန်နဝါရီမှ စက်တင်ဘာလအတွင်း ယခင်နှစ်ကာလထက် ၃ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ စီးပွားရေးတွင် အဓိက ရင်ဆိုင်နေရသော ဝယ်လိုအားနည်းပါးမှုဆိုင်ရာ စိန်ခေါ်မှု များရှိခဲ့ကြောင်းနှင့် လက်ရှိမူဝါဒများနှင့် မူဝါဒသစ်များ တိုးမြှင့်၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ရန် ပိုမိုကြိုးပမ်းဆောင်ရွက်သင့်သည်ဟု NBS စာရင်းအင်း ပညာရှင် Yu Weining မှပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီ၏ ဘဏ္ဍာရေးနှင့် ဘဏ် လုပ်ငန်းဆိုင်ရာ Institute of Finance and Banking မှ တွဲဖက်သုတေသီ Cao Jing က အစိုးရသည် လူမှုဖူလုံရေး ကဏ္ဍများတွင် ဘဏ္ဍာရေးအသုံးစရိတ် တိုးမြှင့်ရန် အထူး ငွေတိုက်စာချုပ်များ ထုတ်ပေးခြင်း၊ အဓိကကဏ္ဍများ၊ အုပ်စုများ (ဝန်ဆောင်မှုကဏ္ဍများ၊ အသေးစား၊ အငယ်စား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် တက္ကသိုလ်ဘွဲ့ရ များ အပါအဝင်) အတွက် ပံ့ပိုးကူညီမှုများ တိုးမြှင့်သင့် ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် စားသုံးသူများကို ပိုမို သုံးစွဲရန် တွန်းအားပေးနိုင်ပြီး စီးပွားရေး မျှော်မှန်းချက်များ တည်ငြိမ်စေရေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းပြောကြား ခဲ့သည်ဟု သိရသည်။

Source:https://www.chinadaily.com.cn/a/202410/28/WS671ec767a310f1265a1c9daf.html https://myantrade.gov.mm/article/Naypyitawstp-281020240200

ရူပီးကို နိုင်ငံတကာမှ လက်ခံအသုံးပြုလာအောင်ဆောင်ရွက်ခြင်းဖြင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကို များစွာအကျိုးပြု

ရူပီးကို နိုင်ငံတကာမှ လက်ခံအသုံးပြုလာအောင် ဆောင်ရွက်ခြင်းဖြင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကိုများစွာ အကျိုးပြုစေကြောင်း၊ အထူးသဖြင့် Goa ပြည်နယ်၏ ကုန်သွယ်မှုနှင့်စက်မှုလက်မှုအခင်းအကျင်းကို အထောက် အကူပြုလျက်ရှိကြောင်း The Times of India က အောက်တိုဘာလ ၂၈ ရက် က ဖော်ပြသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်းသုံးငွေရူပီးကို အပြည် ပြည်ဆိုင်ရာ အပေးအယူကိစ္စရပ်များ၌ ဖလှယ်ရေး ကိရိယာအဖြစ်လည်းကောင်း၊တန်ဖိုးကိုသိုလှောင်ပေးခြင်း နှင့် ငွေစာရင်းယူနစ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံ လာအောင် ဆောင်ရွက်လျက်ရှိပြီး၊ အမေရိကန်ဒေါ်လာ အပေါ် မှီခိုမှုလျော့ချရန်၊ ကမ္ဘာ့စီးပွားရေးအပေါ် လွှမ်းမိုး နိုင်မှုမြှင့်တင်ရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန်၊ ဘဏ္ဍာရေးတည်ငြိမ်မှု ပိုမိုကောင်းမွန်ရန်နှင့် စရိတ်စက မှားလျော့ချနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် အပြည်ပြည်ဆိုင်ရာ အရန်ငွေကြေးတွင် ရူပီး၏ ပါဝင်မှုအချိုးအစားမြင့် တက် လာကာအစိုးရအတွက်လည်း အကျိုးအမြတ်ရှိစေကြောင်း သိရသည်။

ရူပီးငွေကို အပြည်ပြည်ဆိုင်ရာသုံး ငွေကြေးအဖြစ် သုံးစွဲခြင်းဖြင့် အခြားတိုင်းပြည်များနှင့် အပေးအယူ ကိစ္စ ရပ်များဆောင်ရွက်ရာ၌ ၎င်းငွေအား တိုက်ရိုက်အသုံး ပြု နိုင်သည်။ ထို့ကြောင့် ငွေကြေးတစ်မျိုးမှ တစ်မျိုးသို့ ပြောင်းလဲရာတွင် ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်နှင့် ထိခိုက်နစ်နာနိုင်ခြေကို လျော့နည်းစေကြောင်း သိရသည်။

Goa ပြည်နယ်သည် အိန္ဒိယနိုင်ငံ၏ ကုန်သွယ်ရေး၌ အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ပြီး၊ ၂၀၂၂-၂၃ ဘဏ္ဍာနှစ် တွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံခန့် ရရှိကြောင်း သိရသည်။ ပြည်နယ်၏ အဓိကပို့ကုန်များမှာ ဆေးဝါး၊ အင်ဂျင်နီယာထုတ်ကုန်များ၊ ဓာတုဗေဒ ထုတ် ကုန်များ၊ အီလက်ထရောနစ်၊ ပင်လယ်ထွက်ကုန်၊ သံရိုင်း နှင့် အခြားထွက်ကုန်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

၂၀၂၃-၂၄ ခုနှစ် ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ စုစုပေါင်း ပို့ကုန်မှာ အမေရိကန်ဒေါ်လာ ၇၇၈ ဘီလီယံရှိကြောင်း ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သတင်းအချက်အလက်နှင့် စာရင်းအင်းညွှန်ကြားမှုဌာန (Directorate general of commercial intelligence and statistics-DGCI&S) အရ သိရသည်။ Goa ပြည်နယ်သည် ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ထိုင်း၊မလေးရှားနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် အဓိက ကုန်သွယ်လျက်ရှိပြီး၊ ရူပီးငွေအသုံးပြုပေးချေမှုမှတစ်ဆင့် အကျိုးအမြတ်ရရှိစေကြောင်း သိရသည်။ ဝေးလံသော အရှေ့အလယ်ပိုင်းနိုင်ငံများနှင့်လည်း ရူပီး-ဒါဟမ် (rupee-dirham)၊ ရူပီး-ရီယယ် (rupee -riyal) ပေးချေမှုများဖြင့် မကြာမီ ဆောင်ရွက်လာနိုင်တော့မည်ဖြစ်သဖြင့် ပိုမို လွယ်ကူမြန်ဆန်သော တိုက်ရိုက်ကုန်သွယ်မှုများ ပြုလုပ် လာနိုင်မည်ဟု သိရသည်။

ယင်းသို့ ဆောင်ရွက်နိုင်ခြင်းကြောင့် Goa ပြည်နယ်၏ ကုန်စည်ပို့ဆောင်ရေးကဏ္ဍကိုလည်း သိသိသာသာအကျိုး

အမြတ်ရရှိစေသည်ဟုဆိုသည်။၂၀၂၃-၂၄ ဘဏ္ဍာ နှစ်တွင် အိန္ဒိယနိုင်ငံ၏ ရှေးအကျဆုံးနှင့်အရေးအကြီးဆုံးဆိပ်ကမ်းများအနက်တစ်ခုဖြစ်သော Goa ပြည်နယ် Mormugao ဆိပ်ကမ်းသည် ကုန်တင်ကုန်ချပမာဏ တန်ချိန် ၂၀ ဒသမ ၆ သန်းကို ကိုင်တွယ်ဆောင်ရွက်ခဲ့ကြောင်းနှင့် အဓိက ကုန်စည်မှာ သံသတ္တုရိုင်းဖြစ်ကြောင်းသိရသည်။ ရူပီးကို နိုင်ငံတကာသုံး ငွေကြေးအဖြစ် ဆောင်ရွက်ခြင်းကြောင့် နိုင်ငံခြားသဘော်ကုမ္ပဏီများ အနေဖြင့် ပေးချေမှုများကို ရူပီးအသုံးပြုပေးချေနိုင်ကြသည့်အတွက်အဆိုပါဆိပ်ကမ်းအား ပိုမိုဆွဲဆောင်မှုရှိစေကာ စရိတ်စကလည်း ပိုမိုသက်သာ စေကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံခြားငွေစျေး အတက်အကျနှင့် ရင်ဆိုင်နေရသည့် ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာ စရိတ်များကို တည်ငြိမ်စေကြောင်းသိရသည်။ Mormugao ဆိပ်ကမ်းရှိ နိုင်ငံခြား သဘော်ကုမ္ပဏီများ အနေဖြင့် ရူပီးငွေ အသုံးပြု၍ ပေးချေမှုများ ဆောင်ရွက်နိုင်ကြသည့်အတွက် အပေးအယူကိစ္စရပ်များကို ချောမွေ့လွယ်ကူစေပြီး၊ Goa ကို တောင်အာရှနှင့် အရှေ့တောင်အာရှ ကုန်သွယ်မှုဗဟိုချက်အဖြစ် မြှင့်တင်ပေးလျက်ရှိကြောင်း သိရသည်။

Goa ပြည်နယ်ရှိ သဘော်တည်ဆောက်ရေးကဏ္ဍသည်လည်း သွင်းကုန်စရိတ်များ လျှော့ချနိုင်သည့်အတွက် သိသာထင်ရှားသော တိုးတက်မှုများ ရှိလာသည်ဟု ဆိုသည်။ ဈေးအတက်အကျရှိသော နိုင်ငံခြားငွေ သုံးစွဲမှု လျှော့ချလာနိုင်သည့်အတွက် ကုန်ကြမ်းဝယ်ယူသည့် စရိတ်များလည်း လျှော့ကျလာကြောင်း၊ Goa သဘော်ကျင်းများအနေဖြင့် ပေးချေမှုများကို လွယ်ကူစွာ ဆောင်ရွက်နိုင်ကြသည့်အတွက် အရောင်းအဝယ်စာချုပ်များတွင် ရူပီးငွေဖြင့်ဖော်ပြပြီး လုပ်ကိုင်ကြကြောင်းသိရသည်။

ရူပီးကို အပြည်ပြည်ဆိုင်ရာငွေကြေးအဖြစ် ဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းရှိ ရောင်းလိုအား ကွင်းဆက်ကို စွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေခြင်း၊ အချိန်ကာလ သတ်မှတ်ချက်အတိုင်း ထုတ်လုပ်နိုင်ခြင်း၊ အခြေခံအဆောက်အအုံကဏ္ဍ၊ ခရီးသွားလုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ စသည်တို့၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဆွဲဆောင်နိုင်လာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေသည်။ အဆိုပါ အခွင့်အလမ်းများကို ဆုပ်ကိုင်နိုင်ရန် အကောက်ခွန်ဆိုင်ရာ အခြေခံအဆောက်အဦများ ခေတ်မီစေရန်၊ ဆိပ်ကမ်းနှင့် လေဆိပ်အထောက်အကူများ၊ ကုန်းလမ်းနှင့် မီးရထားလမ်းကွန်ရက်များ တိုးတက်ကောင်းမွန်စေရန် Goa ပြည်နယ်အစိုးရနှင့် ကုန်သည်လုပ်ငန်းရှင် အသိုင်းအဝိုင်းမှ အတူတကွ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံသည် ရူပီးကို အပြည်ပြည်ဆိုင်ရာငွေကြေးအဖြစ် ဆောင်ရွက်ခြင်းအားဖြင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်း စက်မှုလက်မှုကဏ္ဍများကို အကျိုးအမြတ်များရရှိစေကြောင်း သိရသည်။ မြန်မာနိုင်ငံနှင့်လည်း ရူပီး-ကျပ် ပေးချေမှုစနစ် စတင်အသက်ဝင်ဆောင်ရွက်လျက်ရှိပြီး၊ ၎င်းမှတစ်ဆင့် နှစ်နိုင်ငံအပေးအယူကိစ္စရပ်များ လွယ်ကူစွာဆောင်ရွက်နိုင်ကာ အမေရိကန်ဒေါ်လာကဲ့သို့ နိုင်ငံခြားငွေများအပေါ် မှီခိုမှု ပိုမိုလျှော့ချလာနိုင်မည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် သုံးသပ်တင်ပြအပ်သည်။

ရည်ညွှန်း။ The Times of India, Internationalisation of rupee a game changer for Goa's trade, Oct 28, 2024 စီးပွားရေးသံမှူး၊ ကော်ကတ္တားမြို့
https://myantrade.gov.mm/article/Naypyitawstp-281020240330

စားသုံးသူအငြင်းပွားမှုများဖြေရှင်းရေး ယန္တရားတစ်ခု ဟောင်ကောင်နှင့် ထိုင်းနိုင်ငံတို့ ထူထောင်

ထိုင်းနိုင်ငံနှင့် ဟောင်ကောင်ဒေသတို့မှ စားသုံးသူရေးရာ ကောင်စီတို့အကြား အမှုတွဲလွှဲပြောင်းပေးမည့် ယန္တရားတစ်ခုအတွက် ထိုင်းနှင့် ဟောင်ကောင်ဒေသတို့အကြား နားလည်မှုစာချွန်တစ်ရပ်ကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း The standard သတင်း ဌာနမှ “HK, Thailand set up mechanism to settle consumer disputes” ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားသည်။

အဆိုပါ သဘောတူညီချက်ကြောင့် နှစ်ဖက်အကြား စားသုံးရေးရာအငြင်းပွားမှုနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် တိုင်ကြားချက်များကို လွှဲပြောင်းခြင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ထိုင်းနိုင်ငံသို့ သွားရောက်လည်ပတ်သည့် ဟောင်ကောင်မှ ခရီးသွားများအနေဖြင့် ထိုင်းကုန်သည်များနှင့် အငြင်းပွားမှုများ ဖြစ်ပွားပါက ဟောင်ကောင်ဒေသ စားသုံးသူကောင်စီသို့ တိုင်ကြား

နိုင်ပြီဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

အဆိုပါ လွှဲပြောင်းရေးအစီအစဉ်အရ ဟောင်ကောင် ဒေသနှင့် ထိုင်းတို့အကြား အပြန်အလှန်သွားရောက်သည့် ခရီးသွားများအနေဖြင့် ကြုံတွေ့ရသည့် စားသုံးသူရေးရာ ကိစ္စရပ်များကို မိမိတို့ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည် ရောက်ရှိချိန်တွင် စားသုံးသူရေးရာ ကောင်စီများတွင် တိုင်ကြားနိုင်ကြောင်း၊ တိုင်ကြားသူ၏ သဘောတူညီချက် ရယူပြီး နှစ်ဖက်စားသုံးသူရေးရာ ကောင်စီများအကြား တိုင်ကြားသည့်ကိစ္စရပ် ဖြေရှင်းဆောင်ရွက်နိုင်ရန် အသေးစိတ်အချက်အလက်များကိုဖလှယ်ပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

၂၀၂၃ ခုနှစ်အတွင်း ဟောင်ကောင်ဒေသမှ ထိုင်းနိုင်ငံသို့ လာရောက်သည့် ခရီးသွားဦးရေ ၈၀၀,၀၀၀ ကျော်ရှိပြီး၊ ကိုဗစ်မတိုင်ခင်ကာလ၏ ၈၀ % အထိ ပြန်လည်ရောက်ရှိလာပြီကြောင်းနှင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း၌လည်း ၆၆၀,၀၀၀ ဦးကျော်လာရောက်ခဲ့ကြောင်း ထိုင်းနိုင်ငံ၊ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ခဲ့သည်ဟု ရေးသားဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်အတွင်းဟောင်ကောင်ဒေသသို့လာရောက်သည့် ထိုင်းခရီးသွားဦးရေ ၄၅၀,၀၀၀ ဦးရှိကြောင်း ဟောင်ကောင်ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့မှ ထုတ်ပြန်ခဲ့သည်ဟု ရေးသားဖော်ပြထားသည်။

၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ဟောင်ကောင် စားသုံးသူရေးရာကောင်စီမှ ထိုင်းနိုင်ငံတွင် အိမ်ခြံမြေ ဝယ်ယူမှု စုစုပေါင်း တန်ဖိုး ဟောင်ကောင်ဒေါ်လာ ၆ သန်း ကျော် အတွက် တိုင်ကြားချက်ပေါင်း ၃၃ ခုကျော် လက်ခံရရှိခဲ့ကြောင်း၊ အလားတူ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ဟောင်ကောင်ဒေသသို့လာရောက်သည့် ထိုင်းခရီးသွားများမှ စာချုပ်နှင့်ကွဲလွဲမှု သို့မဟုတ် စာချုပ်ရပ်စဲမှုနှင့် ရောင်းချမှု အလေ့အထများနှင့်စပ်လျဉ်း၍ တိုင်ကြားချက် ၆ ခု လက်ခံရရှိခဲ့ကြောင်းနှင့် ပြီးခဲ့သည့် သုံးနှစ်အတွင်း ထိုင်းနိုင်ငံ စားသုံးသူရေးရာကောင်စီအနေဖြင့် ဟောင်ကောင် ခရီးသွားများထံမှ တိုင်ကြားချက်တစ်စုံတစ်ရာ လက်ခံရရှိခဲ့ခြင်းမရှိကြောင်း ရေးသားဖော်ပြထားသည်။

ဟောင်ကောင် စားသုံးသူရေးရာ ကောင်စီအနေဖြင့် ကိုရီးယားစားသုံးသူရေးရာအေဂျင်စီ (၂၀၁၇)၊ ဂျပန်နိုင်ငံ အမျိုးသားစားသုံးသူရေးရာဗဟိုဌာန (၂၀၁၈)နှင့် စင်ကာပူ စားသုံးသူအသင်း (၂၀၁၉) အပါအဝင် အခြားအာရှနိုင်ငံများနှင့်လည်း အလားတူသဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။

Source: https://myantrade.gov.mm/article/Naypyitawstp-281020240420

တရုတ်နိုင်ငံ၌ မက္ကဒေးမီးယားအတွက် ဈေးကွက်အလားအလာကောင်းများရှိနေ

World Macadamia Organisation (WMO) ၏ မကြာသေးမီက ခန့်မှန်းချက်အရ ကမ္ဘာ့အခွံပါ မက္ကဒေးမီးယားထုတ်လုပ်မှုသည် ၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန်ချိန် ၄၀၀,၀၀၀ ခန့်သို့ ရောက်ရှိနိုင်မည်ဟု သိရပြီး ၂၀၂၉ ခုနှစ်တွင် မက်ထရစ်တန် ၅၆၀,၀၀၀ နှင့် ၂၀၃၀ ပြည့်နှစ်တွင် မက်ထရစ် တန် ၆၀၀,၀၀၀ နီးပါးအထိရှိလာမည်ဖြစ်ကြောင်း၊ ကမ္ဘာ့မက္ကဒေးမီးယားလုပ်ငန်းသည် နှစ်အလိုက် တိုးတက်မှုနှုန်း ၁၀ ဒသမ ၂ ရာခိုင်နှုန်းဖြင့် လျင်မြန်စွာတိုးတက်နေသည့် အနေအထားကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် kernel ဖြင့် တိုင်းတာသော ကမ္ဘာလုံးဆိုင်ရာ မက္ကဒေးမီးယားအစေ့ လိုအပ်ချက်သည် ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန် ၆၄,၀၀၀ ဖြစ်သည်။ ၂၀၂၇ ခုနှစ်တွင် မက်ထရစ် တန် ၁၃၇,၀၀၀ အထိ မြင့်တက်မည်ဟု ခန့်မှန်းထားပြီး ၅ နှစ်တာကာလအတွင်း နှစ်ဆကျော် တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့မက္ကဒေးမီးယား ရောင်းလိုအားနှင့် ဝယ်လိုအား လျင်မြန်စွာမြင့်တက်လာမှုတွင် တရုတ်နိုင်ငံသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်း၊ရောင်းလိုအားဘက်တွင် မကြာသေးမီ က International Nut & Dried Fruit Council(INC) ကွန်ဂရက်များတွင် တရုတ်ကိုယ်စားလှယ်များက မျှဝေထားသော ကိန်းဂဏန်းများအရ တရုတ်နိုင်ငံ၏ မက္ကဒေးမီးယား ထုတ်လုပ်မှုသည် ၂၀၂၉ ခုနှစ်တွင် ခန့်မှန်းခြေအားဖြင့် မက်ထရစ်တန် ၁၁၈,၅၀၀ အထိ တိုးလာမည်ဟု ဖော်ပြထားကြောင်း သိရသည်။

ဝယ်လိုအားဘက်တွင် တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်၌ မြောက်အမေရိကကို ကျော်တက်ကာ ကမ္ဘာ့အကြီးဆုံး မက္ကဒေးမီးယား စားသုံးသူဈေးကွက်ဖြစ်လာပြီး လာမည့် ၅

နှစ်အတွင်း တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် မျှော်လင့်ကြောင်း၊ မက္ကဒေးမီးယား လုပ်ငန်းစု၏ ခန့်မှန်းချက်များအရ တရုတ်၏ kernel ဖြင့်တိုင်းတာသော မက္ကဒေးမီးယားအစေ့ ဝယ်လိုအားသည် ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန် ၁၇,၅၀၀ မှ ၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန် ၂၉,၅၀၀ အထိ ၇၀ ရာခိုင်နှုန်းခန့် သိသိသာသာ မြင့်တက်လာခဲ့ပြီး ၂၀၂၃ ခုနှစ်အတွက် ကနဦးခန့်မှန်းထားခဲ့သည့် မက်ထရစ်တန် ၂၀,၃၀၀ ထက် ကျော်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံ၏ မက္ကဒေးမီးယားအစေ့ လိုအပ်ချက်သည် ၂၀၂၇ ခုနှစ်တွင် မက်ထရစ်တန် ၄၆,၅၀၀ အထိ တိုးမြင့်လာမည်ဟု ခန့်မှန်းထားကြောင်း၊ အဓိကအားဖြင့် အခွံပါမက္ကဒေးမီးယားကို သရေစာအဖြစ် စားသုံးမှု၊ မက္ကဒေးမီးယားအစေ့ သရေစာမုန့်များနှင့် အစားအစာပြုပြင်ထုတ်လုပ်ရာတွင် ပါဝင်ပစ္စည်းအဖြစ် အသုံးပြုခြင်းတို့က ဈေးကွက်ဝယ်လိုအားကို တိုးတက်လာစေမည်ဟု ခန့်မှန်း ထားကြောင်း၊ ၎င်းတို့၏ ဝယ်လိုအားများသည် မက်ထရစ်တန် ၁၃,၀၀၀ မှ ၂၈,၀၀၀ ၊ မက်ထရစ်တန် ၁,၀၀၀ မှ ၈,၀၀၀ နှင့် မက်ထရစ်တန် ၂,၀၀၀ မှ ၈,၀၀၀ တို့သို့ အသီးသီးမြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

တရုတ်နိုင်ငံ၌ မက္ကဒေးမီးယားအစေ့ စားသုံးမှု လျင်မြန်စွာကြီးထွားလာမှု၏ နောက်ကွယ်တွင် ဈေးနှုန်း၊ ဆန်းသစ်သောသရေစာများ ဖွံ့ဖြိုးတိုးတက်လာမှု၊ ဖြန့်ဖြူးရောင်းချသည့် နေရာပိုမိုများပြားလာမှုနှင့် သေးငယ်သည့် ထုပ်ပိုးမှုပုံစံတို့သည် အဓိကမောင်းနှင်အားများဖြစ်သည်ဟု WMO မှ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

2024 China International Tree Nuts Conference တွင် Foshan Liushe Food Co. Ltd.(佛山市六社食品有限公司)မှတင်ပြသည့် အချက်အလက်များအရ တရုတ်နိုင်ငံ၏ မက္ကဒေးမီးယား စိုက်ပျိုးဧရိယာသည် ၂၀၂၄ ခုနှစ်တွင် ဟက်တာ ၃၄၅,၀၀၀ အထိရှိပြီး ယူနန်ပြည်နယ်တွင် ဟက်တာ ၂၈၀,၀၀၀ ရှိ၍ အခြားမက္ကဒေးမီးယားအဓိကစိုက်ပျိုးသည့်ဒေသများမှာ ကွမ်ရီးဒေသနှင့် ကွမ်တုန်းပြည်နယ်တို့ဖြစ်ကြောင်းသိရသည်။ ၂၀၂၄ ခုနှစ်၊ မေလတွင် ထုတ်ပြန်ခဲ့သော International Nut and Dried Fruit Council မှ အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ အခွံပါမက္ကဒေးမီးယား ထုတ်လုပ်မှု အစိုခတ် ၃ သမ ၅ ရာခိုင်နှုန်းသည် မက်ထရစ်တန် ၆၇,၉၀၀ အထိရှိကြောင်း သိရသည်။

ကွမ်တုန်းပြည်နယ်ရှိ အခွံမာသီးလုပ်ငန်းရှင်များအသင်း၏ အချက်အလက်များအရ တရုတ်နိုင်ငံ၏ အခွံပါ မက္ကဒေးမီးယား တင်သွင်းမှုပမာဏသည် ၂၀၂၃ ခုနှစ်တွင် စုစုပေါင်း မက်ထရစ်တန် ၈၄,၀၀၀ ရှိကြောင်း၊ တရုတ်၏ အခွံပါမက္ကဒေးမီးယား စားသုံးမှုသည် ၂၀၂၄ ခုနှစ်တွင် မက်ထရစ်တန် ၁၅၀,၀၀၀ ရှိမည်ဟု ခန့်မှန်းထားရာ တင်သွင်းမှုသည် မက်ထရစ်တန် ၇၀,၀၀၀ နှင့် ပြည်တွင်း ထုတ်လုပ်မှုသည် မက်ထရစ်တန် ၈၀,၀၀၀ ရှိမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် တရုတ်ဈေးကွက်၌ မက္ကဒေးမီးယားအစေ့သည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးပိုမြင့်ကြောင်း၊ ဥပမာအားဖြင့် မက္ကဒေးမီးယား အဓိကထွက်ရှိရာဒေသများရှိ ခြံများ၌ ဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် ၉ ဒသမ ၅ ယွမ် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၃)အထိ မြင့်တက်လာဖွယ်ရှိပြီး ၂၀၂၃ ခုနှစ်ကထက် ၁၉ % မြင့် တက်လာကြောင်း သိရသည်။

လက်ရှိအချိန်တွင် သရေစာအဖြစ် စားသုံးသည့် အစေ့အဆံများသည် တရုတ်နိုင်ငံ၏ အဆာပြေမုန့် စားသုံးမှု၏ ၂၀ %ခန့်ရှိပြီး အစေ့အဆန်များ၏ဝေစုသည် တဖြည်းဖြည်း တိုးတက်လာလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် လူတစ်ဦးလျှင် အခွံမာသီးပျမ်းမျှနေ့စဉ်စားသုံးမှုမှာ ၁၀၈ရမ်ဝန်းကျင်ဖြစ်ပြီး၊ ၎င်းသည်အစိုးရ၏ အကြံပြုထားသော အဆင့်ထက်ကျော်လွန်လျက်ရှိကြောင်းနှင့်တရုတ်နိုင်ငံတွင် အစေ့အဆံများကို အဆာပြေစားသုံးမှုသည် အစောပိုင်း အဆင့်တွင်သာ ရှိနေသေးကြောင်း သိရသည်။

တရုတ်နိုင်ငံရှိ မက္ကဒေးမီးယားထုတ်ကုန်များကို အမျိုးအစားများစွာခွဲခြားနိုင်ပြီးသမားရိုးကျအခွံပါမက္ကဒေးမီးယားများထုတ်ကုန်များသည် ဈေးကွက်၏ ၅၀ % ရှိ၍ မက္ကဒေးမီးယားအစေ့သည် ၄၅ % နှင့် မုန့်များနှင့် ရေခဲမုန့်များတွင် အသုံးပြုသော အမှုန့်များကဲ့သို့သော အခြားသုံးစွဲမှုများသည် ၅ % ဖြစ်ကြောင်း သိရသည်။

WMO ၏ ဈေးကွက်သုတေသနပြုချက်အရ မကြာသေးမီ နှစ်များအတွင်း မက္ကဒေးမီးယား အစေ့များသည် ၎င်းတို့၏နူးညံ့သောအသွင်အပြင်နှင့် ကြွယ်ဝသောခရင်မ်အရသာတို့ကြောင့် ထိပ်တန်းစားသောက်ကုန် ကုမ္ပဏီများ အတွက် အဓိကပါဝင်ပစ္စည်းများ ဖြစ်လာခဲ့ကြောင်း၊ မက္ကဒေးမီးယားအစေ့များသည် အာဟာရဓာတ်ပြည့်ဝပြီး ကျန်းမာရေးနှင့်

ညီညွတ်စေရန်အတွက် လိုအပ်သော အရည်အသွေးမြင့် အဆီများကိုပေးစွမ်းနိုင်ပြီး glycemic index နည်းပါးကြောင်း၊ သို့သော်လည်း စားသုံးသူ အများအပြားသည် မက္ကဒေးမီးယားအစေ့၏ အာဟာရဆိုင်ရာ တန်ဖိုးများကို သတိမပြုမိကြသဖြင့် စားသုံးသူများ၏ သဘောထား အမြင်များကို ပြောင်းလဲရန်လိုအပ်ပြီး အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ကြောင်း သိရသည်။

တရုတ်နိုင်ငံရှိ Want Want Group မှ မက္ကဒေးမီးယားနို့ကို မိတ်ဆက်ခဲ့ပြီး Chacha Food သည် မက္ကဒေးမီးယားအမှုန့်ကိုထုတ်လုပ်ခဲ့ကြောင်း၊ထို့ပြင် မက္ကဒေးမီးယားအစေ့များ ပါရှိသည့် တီထွင်ဆန်းသစ်သော အခြားသရေစာများလည်း စျေးကွက်တွင် ထွက်ပေါ်လာခဲ့ကြောင်းသိရသည်။

လက်ရှိတွင် တရုတ်နိုင်ငံ၌ အခွံပါမက္ကဒေးမီးယားသည် စားသုံးမှုကို လွှမ်းမိုးထားသော်လည်း မက္ကဒေးမီးယားအစေ့ဖြင့် ပြုလုပ်ထားသည့် သရေစာမုန့်အမျိုးမျိုးကို ဆန်းသစ်တီထွင်မှုသည် စားသုံးမှုပုံစံများကို စဉ်ဆက်မပြတ်ပြောင်းလဲစေသောကြောင့် မက္ကဒေးမီးယားရောင်းချမှုကို မြင့်တက်လာစေကြောင်း သိရသည်။

Source: https://www.producereport.com/article/bright-prospects-macadamia-nuts-china

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

https://myantrade.gov.mm/article/Naypyitawstp-281020240235

အိန္ဒိယမှ ဆန်ဖြူအပေါ်သတ်မှတ်သည့် Minimum Export Price အား လျှော့ချလိုက်ခြင်းကြောင့် ဆန်စျေးနှုန်းများကျဆင်းလာဖွယ်ရှိ

အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သည့် ဆန်ဖြူအပေါ် သတ်မှတ်သည့်Minimum Export Price-MEP ကိုလျှော့ချ ပေးလိုက်သည့်အတွက် ကမ္ဘာ့ဆန်ရောင်းချမှု ပမာဏများ တိုးမြင့်လာနိုင်ပြီး ဆန်စျေးနှုန်းများ ကျဆင်းလာနိုင် ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနမှ ပြောကြားခဲ့သည်။ ကမ္ဘာ့ဆန်စျေးနှုန်း ကျဆင်းခြင်းဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် ဆန်စျေးနှုန်းလည်း ကျဆင်းလာမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံမှ ဘာစမာတီမဟုတ်သည့် ဆန်ဖြူအပေါ် သတ်မှတ်သည့် MEP အား လျှော့ချသတ်မှတ်လိုက်ခြင်း သည် အခြားသောဆန်တင်ပို့နေသည့် နိုင်ငံများအတွက် စျေးကွက်တွင်း ပိုမိုယှဉ်ပြိုင်လာရနိုင်ကြောင်း၊ ကမ္ဘာ့ဆန် စျေးနှုန်းကိုလည်း လွှမ်းခြုံထားနိုင်သည့် အနေအထား ဖြစ်သဖြင့် အခြားသောဆန်တင်ပို့နေသည့် နိုင်ငံများ၏ ပို့ကုန်စျေးနှုန်းများလည်း ကျဆင်းလာဖွယ် ရှိကြောင်း ဖော်ပြပါရှိသည်။ ထို့ပြင်အခြားသော ဆန်တင်ပို့နေသည့် နိုင်ငံများထက် စျေးနှုန်းပိုမိုလျော့နည်းနိုင်သဖြင့် ဆန်တင် သွင်းသည့် စျေးနှုန်းများကိုလည်း ရိုက်ခတ်မှုများ ရှိနိုင် ကြောင်း ဖော်ပြပါရှိသည်။

ပြီးခဲ့သည့် စက်တင်ဘာလက အိန္ဒိယနိုင်ငံမှ ကမ္ဘာ့ စျေးကွက်သို့ ဘာစမာတီမဟုတ်သည့်ဆန်ဖြူ ပြန်လည် တင်ပို့ခဲ့ပြီး MEP သတ်မှတ်ချက်မှာ မက်ထရစ်တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၄၉၀ ဖြစ်ပါကြောင်း၊ MEP မသတ်မှတ်မီကပင် အိန္ဒိယနိုင်ငံ၏ ဘာစမာတီ မဟုတ် သည့် ဆန်ဖြူစျေးနှုန်းသည် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ ထက် သက်သာကြောင်းဖော်ပြပါရှိသည်။ အိန္ဒိယနိုင်ငံမှ ကမ္ဘာ့စျေးကွက်သို့ ဘာစမာတီမဟုတ်သည့် ဆန်အား ပြန်လည်တင်ပို့ ရောင်းချသည့်အချိန်မှစ၍ ထိုင်းနိုင်ငံမှ ၎င်းတို့၏ Long grain white rice ၅ မှတ် ဆန်အမျိုးအစား စျေးနှုန်းမှာ ၁၁ % ထိ ကျဆင်းခဲ့သည်။

အိန္ဒိယနိုင်ငံသည် စျေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံ ဖြစ်သည့်အတွက် ဆန်တင်သွင်းရာတွင် အလားအလာရှိ သော နိုင်ငံတစ်ခုဖြစ်လာနိုင်ကြောင်း အစောပိုင်းကာလ များကတည်းက စျေးကွက်ကျွမ်းကျင်သူများက ခန့်မှန်း ပြောကြားခဲ့ပါကြောင်း၊ဗီယက်နမ်နှင့်ထိုင်းတို့ထက်စျေးနှုန်း သက်သာနေခြင်းကြောင့် နောက်ထပ်ဆန် ရောင်းချသည့် စျေးကွက်တိုးလာခြင်းနှင့် ဆန်တင်သွင်းရာတွင် နေရာ အသီးသီးမှ ဖြန့်၍တင်သွင်းနိုင်မည်ဖြစ်ကြောင်း ဖော်ပြ ထားသည်။

ဖိလစ်ပိုင် စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ အိန္ဒိယနိုင်ငံမှ ဘာစမာတီ မဟုတ် သည့် ဆန်ဖြူတင်ပို့ခြင်းကို အရှေ့အာရှနိုင်ငံများသို့ ပြန်လည်ခွင့်ပြုလိုက်သည့် ပြီးနောက်ပိုင်း ဖိလစ်ပိုင်နိုင်ငံ၏ အိန္ဒိယနိုင်ငံမှ ဆန်တင်သွင်းမှုမှာ ၂၂,၀၃၉ မက်ထရစ်တန် ရှိထားပြီ ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာန၏၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်စွဲပါ ထုတ်ပြန်ချက်အရ ဆန်တင်သွင်း

ရောက်ရှိမှုမှာ ဗီယက်နမ်နိုင်ငံမှ မက်ထရစ်တန်ချိန် ၂ ဒသမ ၈ သန်း၊ ထိုင်းနိုင်ငံမှ ၄၄၈,၉၆၃ မက်ထရစ်တန်၊ မြန်မာနိုင်ငံမှ ၁၀၇,၁၈၄ မက်ထရစ်တန်၊ အိန္ဒိယနိုင်ငံမှ ၂၂,၀၃၉ မက်ထရစ်တန်၊ တရုတ်နိုင်ငံမှ ၅,၇၂၀ မက်ထရစ်တန်၊ ဂျပန်နိုင်ငံမှ ၂,၃၈၆ မက်ထရစ်တန်၊ ကမ္ဘောဒီးယားနိုင်ငံမှ ၁,၆၂၀ မက်ထရစ်တန်၊ အီတလီနိုင်ငံမှ ၁၄ မက်ထရစ်တန်နှင့် စပိန်နိုင်ငံမှ ၁ ဒသမ ၉၂ မက်ထရစ်တန်တို့ ဖြစ်သည်။

လတ်တလောတွင် အစိုးရက ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းထားအား အမိန့်ကြော်ငြာစာအမှတ် (၆၂) ဖြင့် လျှော့ချပေးထားပြီး ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် အမိန့်အာဏာသက်ရောက်စေမည်ဖြစ်သော်လည်း လက်လီဈေးကွက်ရှိ ဆန်ဈေးနှုန်းများအား နှိုင်းယှဉ်မည်ဆိုပါက ပြည်တွင်းဆန်ဈေးနှုန်းမှာ ပြည်ပမှတင်သွင်းသည့် ဆန်ဈေးနှုန်းထက် လျော့နည်းနေသေးသည့်အတွက် ပြည်တွင်း ဆန်တောင်သူအုပ်စုမှ အဆိုပါ အမိန့်ကြော်ငြာစာသည် ဆန်တင်သွင်းသူများနှင့် ဆန်ကုန်သည်များအတွက်သာ အကျိုးဖြစ်ထွန်းစေပြီး ဆန်ဈေးနှုန်းကျဆင်းစေရန် သက်ရောက်မှုမရှိကြောင်း ဝေဖန်ထောက်ပြ ပြောဆိုမှုများရှိနေကြောင်း လေ့လာတင်ပြအပ်သည်။

(စီးပွားရေးသံမှူးမနီလာမြို့) /https://myantrade.gov.mm/article/Naypyitawstp_291020241248

Boeing ကုမ္ပဏီသို့ ကုန်တင်လေယာဉ် မှာကြားမှုအသစ်များဖြင့် ယူအေအီးနိုင်ငံအခြေစိုက် Emirates လေကြောင်းလိုင်း၏ ကုန်တင်လေယာဉ်အုပ်စုကို တိုးချဲ့သွားမည်

Emirates လေကြောင်းလိုင်းမှ ထပ်မံ၍ အသေအချာမှာကြားထားသည့် Boeing 777 ကုန်တင်လေယာဉ် ငါးစင်းတို့အား ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်အတွင်း ပို့ဆောင်မှုများကို လက်ခံရရှိနိုင်ရန်စီစဉ် ထားရှိကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါထပ်တိုးမှာကြားမှုကြောင့် ၎င်းလေကြောင်းလိုင်းသည် စုစုပေါင်း Boeing 777F ပေးပို့မှုအား ၂၀၂၆ ခုနှစ်၊ နှစ်ကုန်တွင်စုစုပေါင်း ၁၄ စင်းအထိ လက်ခံရရှိမည် ဖြစ်သည်။ တစ်ဆက်တည်းမှာပင် Emirates လေကြောင်းလိုင်းသည် Dubai Aerospace Enterprise လုပ်ငန်းအုပ်စုနှင့် ပူးပေါင်း၍ လက်ရှိ Boeing 777F လေးစင်းအတွက် ငှားရမ်းမှုများကို သက်တမ်းတိုးခဲ့သည်။

၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလတွင် Emirates SkyCargo လုပ်ငန်းအုပ်စုသည် Boeing 777 ကုန်တင်လေယာဉ် ၂၁ စင်းတို့ဖြင့် လုပ်ငန်းလည်ပတ် ပျံသန်းနိုင်ရန် မျှော်မှန်းထားပြီး ၎င်းတို့၏ လေယာဉ်အုပ်စုမှ လက်ရှိကုန်တင်လေယာဉ် ၁၁ စင်းအရေအတွက်ကို သိသိသာသာ တိုးမြှင့်သွားမည်ဖြစ်ပါသည်။ ၎င်းအပြင် Emirates လေကြောင်းလိုင်းသည် လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရန်အတွက် Boeing 777-300ER ခရီးသည်တင်လေယာဉ် ၁၀ စင်းကိုလည်း ကုန်တင်လေယာဉ်များ အဖြစ်သို့ ပြောင်းလဲလျက်ရှိသည်။

Emirates Airline and Group ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ H.H. Sheikh Ahmed bin Saeed Al Maktoum က တစ်ဟုန်ထိုး မြင့်မားလျက် ရှိသည့် ဂယ်လိုအားကို ဖြည့်ဆည်း နိုင်ရန်နှင့် ကမ္ဘာတစ်ဝှမ်းရှိ ၎င်းတို့၏ ဖောက်သည်များအား ပိုမို၍ ပြောင်းလွယ်ပြင်လွယ်မှု၊ချိတ်ဆက်နိုင်မှုနှင့်ရွေးချယ်စရာများကို ပေးစွမ်းနိုင်ရန်အတွက် ၎င်းတို့မှ ကုန်တင်လေယာဉ် အသစ်များအား ရင်းနှီးမြှုပ်နှံထားကြောင်း ပြောကြားခဲ့သည်။

ဤအရွှေ့အပြောင်းသည် ဒူဘိုင်း၏ ကမ္ဘာ့ထောက်ပံ့ပို့ဆောင်ရေး အချက်အချာအဖြစ် ကြီးထွားလျက်ရှိသော အခြေအနေကို မီးမောင်းထိုးပြလျက်ရှိနေပြီး Emirates SkyCargo လုပ်ငန်းအုပ်စု၏ စီးပွားရေးလုပ်ငန်းအမျိုးမျိုးကို ဖောက်သည်စိတ်ကြိုက် ကုန်တင်ဆောင်မှုများအတွက် ဖြေရှင်းချက် ဝန်ဆောင်မှုများဖြင့် ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။ Emirates လေကြောင်းလိုင်းသည် ကမ္ဘာလုံးဆိုင်ရာ ကုန်တင်ကုန်ချလုပ်ငန်းများကို ထိရောက်မှုရှိစေရန်အတွက် ၎င်းတို့၏ ကြီးမားသော ခရီးသည်တင်လေယာဉ်အမျိုးအစားများဖြစ်ကြသည့် 777၊ A350 နှင့် A380 လေယာဉ်များဖြင့်လည်း ဆက်လက်အားပြု၍ လုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် ဒူဘိုင်း၏ Al Maktoum နိုင်ငံတကာလေဆိပ် (DWC) သည် နှစ်စဉ်တန်ချိန် ၁၂ သန်းအထိ လုပ်ငန်းစီမံဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်ဖြင့် ကမ္ဘာ့အကြီးဆုံး ကုန်တင်မှု အချက်အချာလေဆိပ်ကြီးဖြစ်လာစေရန်အတွက် တိုးချဲ့မှုများကို လုပ်ဆောင်လျက်ရှိပြီး Emirates SkyCargo လုပ်ငန်းအုပ်စုနှင့် ဒေသတွင်း

ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ တိုးတက်မှုများအပေါ်တွင် ထပ်လောင်း၍ ပံ့ပိုးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

Emirates လေကြောင်းလိုင်းသည် ၂၀၂၈ ခုနှစ် နောက်ပိုင်း လေယာဉ်ပို့ဆောင်မှုများအတွက် လေယာဉ်ထုတ်လုပ်မှု လုပ်ငန်းများအနက် Boeing 777-8F နှင့် Airbus A350-1000F တို့အား အနာဂတ်အတွက် လေယာဉ်အုပ်စု ရွေးချယ်မှုများအဖြစ် အကဲဖြတ်လျက်ရှိကြောင်း သတင်းဌာနမှ ဖော်ပြထားသည်။

Source: Emirates News Agency / Economic Counsellor (Dubai) / Category: International News
https://myantrade.gov.mm/article/Naypyitawstp-251020240235

ဒူဘိုင်းပြည်နယ်၏ လေကြောင်းကဏ္ဍမှ ၂၀၃၀ ပြည့်နှစ် မတိုင်မီ ပြည်နယ်စီးပွားရေးအတွက် AED ၁၉၆ ဘီလီယံ ထည့်ဝင်နိုင်မည်

Emirates Group လေကြောင်းလိုင်းအုပ်စုနှင့် Dubai Airports လေဆိပ်အုပ်စုတို့မှ ယူအေအီးနိုင်ငံ၏ စီးပွားရေးတွင် ဒူဘိုင်းလေကြောင်းကဏ္ဍမှ အဓိကအခန်းကဏ္ဍ အဖြစ်ပါဝင်မှုကို မီးမောင်းထိုးပြသလျက်ရှိကြောင်း ဖော်ပြပါရှိသည့် အထင်ကရ လေ့လာမှုတစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

Oxford Economics သုတေသနအဖွဲ့၏ အစီရင်ခံစာတစ်ရပ်တွင် ၂၀၂၃ ခုနှစ်အတွင်း ဒူဘိုင်းပြည်နယ်၏ လေကြောင်းကဏ္ဍမှ ပြည်နယ် GDP ၏ ၂၇ % ကို ကိုယ်စားပြုသည့် စုစုပေါင်း တန်ဖိုး (GVA) AED ၁၃၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၃ ဘီလီယံ) အထိ ထည့်ဝင်နိုင်ခဲ့ကြောင်း ဖော်ပြထားသည်။ အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားမှုအရ ၂၀၃၀ ခုနှစ်မတိုင်မီ ပြည်နယ်၏ GDP ၃၂ % နှင့်ညီမျှသော AED ၁၉၆ ဘီလီယံအထိ ထည့်ဝင်မှုပမာဏ တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။

Emirates Airline & Group နှင့် Dubai Airports အုပ်စုများ၏ ဥက္ကဋ္ဌ H.H. Sheikh Ahmed bin Saeed Al Maktoum က D33 စီးပွားရေးအစီအစဉ် အောက်တွင် ပါရှိသည့် ဒူဘိုင်း၏ ရေရှည်စီးပွား ရေးမဟာဗျူဟာတွင် လေကြောင်းကဏ္ဍ၏ အထူးအရေးပါမှုကို အလေးပေး ပြောကြားခဲ့သည်။ လေကြောင်းကဏ္ဍ၏ တိုးတက်မှုများသည် ခိုင်မာသော လေကြောင်းဆက်သွယ် ဆောင်ရွက်နိုင်ခဲ့မှုများကြောင့် ဒူဘိုင်းအား ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးတို့အတွက် ကမ္ဘာလုံးဆိုင်ရာ အချက်အချာဒေသတစ်ခုအဖြစ် သတ်မှတ်ပေးခဲ့ကြောင်း ဖော်ပြထားသည်။

လေကြောင်းကဏ္ဍ၏ တိုက်ရိုက်စီးပွားရေး အကျိုးသက်ရောက်မှုအပြင် လေကြောင်းသွားလာမှုဖြင့် ဆောင်ရွက်နိုင်ခဲ့သည့် ခရီးသွားလုပ်ငန်းသည် ၂၀၂၃ ခုနှစ်အတွင်း AED ၄၃ ဘီလီယံကို ပံ့ပိုးပေးနိုင်ခဲ့ပြီး ၂၀၃၀ ခုနှစ်မတိုင်မီ AED ၆၃ ဘီလီယံအထိ တိုးတက်လာမည်ဖြစ်ကာ အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၆၃၁,၀၀၀ ကို ၂၀၂၃ ခုနှစ်အတွင်း ဖန်တီးပေးနိုင်ခဲ့ပြီး ၂၀၃၀ ခုနှစ်မတိုင်မီ နောက်ထပ် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၈၅,၀၀၀ အထက်ကို ထပ်မံဖန်တီးပေးနိုင်မည်ဟု ခန့်မှန်းထားရှိသည်။

အဆိုပါအစီရင်ခံစာတွင် Dubai International နိုင်ငံတကာလေဆိပ်ထက် ငါးဆပိုမိုကြီးမားသော Dubai World Central - Al Maktoum International နိုင်ငံတကာလေဆိပ် ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် ၎င်းတို့၏ လေကြောင်းအခြေခံအဆောက်အအုံများကို တိုးချဲ့ရာတွင် ဒူဘိုင်း၏ မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများကို အလေးပေး ဖော်ပြထားကာ ကမ္ဘာ့လေကြောင်းကဏ္ဍတွင် အင်အားကြီးမားသော ဒေသတစ်ခုအဖြစ် ဒူဘိုင်း၏ အဆင့်အတန်းကို ပိုမိုခိုင်မာစေခဲ့ကြောင်း သတင်းဌာနမှ ဖော်ပြထားသည်။

Source: Emirates News Agency / DNanda Soe Myint / Economic Counsellor (Dubai)
https://myantrade.gov.mm/article/Naypyitawstp_251020240330

ယူအေအီးနိုင်ငံရှိဘဏ်များမှ ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းအထိ SME များသို့ ချေးငွေ AED ၈၁ ဒသမ ၂ ဘီလီယံကို တိုးချဲ့ထုတ်ချေးပေးခဲ့

ယူအေအီးနိုင်ငံရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SME) များသို့ ယူအေအီးနိုင်ငံရှိ ဘဏ်များမှ တိုးချဲ့ထုတ်ချေးပေးခဲ့သော အရင်းအနှီးနှင့် ချေးငွေလက်ကျန်မှာ ၂၀၂၄ ခုနှစ်၊ ပထမနှစ်ဝက်ကုန်တွင် AED ၈၁ ဒသမ ၂ ဘီလီယံအထိရောက်ရှိခဲ့ကြောင်း ယူအေအီးနိုင်ငံဗဟိုဘဏ် (CBUAE) ၏ နောက်ဆုံးထုတ်ပြန်သည့် စာရင်းဇယားများအရ သိရသည်။

SME များအား စုစုပေါင်းထုတ်ချေးပေးခဲ့သော ချေးငွေပမာဏမှာ ၂၀၂၄ ခုနှစ်၊ ဇွန်လကုန်တွင် AED ၈၅၅ ဒသမ ၇ ဘီလီယံအထိရောက်ရှိခဲ့ပြီး ယူအေအီးနိုင်ငံရှိ ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းကဏ္ဍများသို့ ပံ့ပိုးပေးသည့် ဘဏ္ဍာရေးလက်ကျန်စုစုပေါင်း၏ ၉ဒသမ၅ % ဖြစ်သည်။

SME ကဏ္ဍသည် နိုင်ငံအတွင်း လည်ပတ်နေသော စီးပွားရေးလုပ်ငန်း ကုမ္ပဏီအရေအတွက် စုစုပေါင်း၏ ၉၅ % ကျော်ကို ကိုယ်စားပြုနေပြီး ပဂ္ဂလိကကဏ္ဍမှ လုပ်သားအင်အား၏ ၈၆ % ခန့်ကို အလုပ်အကိုင်များကို ဖန်တီးပေးလျက်ရှိကြောင်း သတင်းဌာနမှ ဖော်ပြထားသည်။

ယူအေအီးနိုင်ငံအစိုးရ၏ Web Portal တစ်ရပ်တွင် SME လုပ်ငန်းများသည် စီးပွားရေးကွဲပြားမှုနှင့် ဖွံ့ဖြိုး တိုးတက်မှုအတွက်အရေးပါပြီး အမျိုးသား လူ့စွမ်းအား အရင်းအမြစ်များကို တည်ဆောက်ရာတွင်လည်း အလွန်အထောက်အကူပြုသောကြောင့် နိုင်ငံမှအထူးအလေးထားရှိကြောင်း၊ SME များအတွက် အမျိုးသား SME အစီအစဉ်၊ UAE SME ကောင်စီ၊ Operation 300bn၊ UAE လုပ်ငန်းဗျူဟာ၊ Khalifa Fund နှင့် Dubai SME စသည့် အဖွဲ့အစည်းအသီးသီးတို့ထံမှ SME လုပ်ငန်းများအစပျိုးတည်ထောင်ခြင်းများနှင့် ဆက်လက်တိုးတက်စေရန်အတွက် အထောက်အပံ့၊အကူအညီများကို ရယူနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါ Portal တွင်ဖော်ပြထားသည့် စာရင်းဇယားများအရ ယူအေအီးနိုင်ငံရှိ SME လုပ်ငန်း အရေအတွက် စုစုပေါင်းမှာ ၅၅၇,၀၀၀ ရှိပြီး အဆိုပါ SME များသည် ရေနံမဟုတ်သော GDP တွင် ၆၃ ဒသမ ၅ % အထိ ပံ့ပိုးပေးလျက်ရှိကာ ၂၀၃၀ ခုနှစ်တွင် SME လုပ်ငန်း စုစုပေါင်း ၁ သန်းအထိ ရှိလာမည်ဟု ခန့်မှန်းထားပါသည်။ ယူအေအီးနိုင်ငံ၏ စက်မှုလက်မှုကဏ္ဍသည် နိုင်ငံ၏ GDP တွင် AED ၁၈၀ ဘီလီယံကျော်ပါဝင်နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ပို့ကုန် AED ၁၇၄ ဘီလီယံရောက်ရှိခဲ့ကြောင်း စက်မှုနှင့် အဆင့်မြင့် နည်းပညာဝန်ကြီးဌာန (MoIAT) မှ ဖော်ပြထားသည်။ နိုင်ငံတကာ စီးပွားရေးလုပ် ငန်းများအတွက် အချက်အချာဒေသတွင် တည်ရှိသည့် ဒူဘိုင်းမြို့ရှိ SME လုပ်ငန်းများ၏ အရေအတွက်မှာ ယူအေအီးနိုင်ငံရှိ SME လုပ်ငန်းများ စုစုပေါင်း၏ ၉၀ % ကျော်၊ ပေါင်းထည့်တန်ဖိုး စုစုပေါင်း၏ ၄၀ % နှင့် လုပ်သားအင်အား စုစုပေါင်း၏ ၄၃ % တို့ဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။

Source: Emirates News Agency, sme.ae, wam.ae, ifza.com / Economic Counsellor (Dubai)

https://myantrade.gov.mm/article/Naypyitawstp-25102024023

ဒီဇိုင်းများ ဆန်းသစ်တီထွင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှု

ကမ္ဘာတစ်ဝှမ်းမှ သတင်းအချက်အလက် Data များအရ ဒီဇိုင်းကို ဦးစားပေးအသုံးပြုသည့် ကုမ္ပဏီများသည် အခြားသောကုမ္ပဏီများထက် တီထွင်ဆန်းသစ်နိုင်မှု ပိုမိုအားကောင်းကြပြီး ပို့ကုန်များကို ပြည်ပသို့ တင်ပို့မှုများ ပိုမိုလုပ်ဆောင်လာနိုင်ကြသည်ကို တွေ့ရှိရသည်။ ဒီဇိုင်းများဖန်တီးခြင်းသည် တီထွင်ဆန်းသစ်မှုများ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ် များစွာရရှိနိုင်သည်။ ယနေ့ခေတ် ပြိုင်ဆိုင်မှုပြင်းထန်သော စီးပွားရေးပတ်ဝန်းကျင်တွင် လုပ်ငန်းရှင်များသည် ၎င်းတို့၏ လုပ်ငန်းတွင် ထုတ်ကုန်အသစ်ထုတ်လုပ်ရန် ဆုံးဖြတ်သည့်အခါ အဆိုပါထုတ်ကုန်များအား အသုံးပြုသူများ ပိုမိုကြိုက်နှစ်သက်အောင်၊ ရောင်းအားကောင်းအောင် ဒီဇိုင်းများအပေါ် အဓိကဦးစားပေး စဉ်းစားလာကြသည်။

ယနေ့ခေတ်တွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(SMEs)သည် ပြည်တွင်းတွင် သာမက ပြည်ပကုမ္ပဏီများနှင့်ပါယှဉ်ပြိုင်လျက်ရှိရာ ယင်းတို့၏ စိတ်ကူးများဖြင့် ဆန်းသစ်တီထွင်မှုများကို ပြိုင်ဘက်စီးပွားရေးလုပ်ငန်းရှင်များ ကူးယူတုပခြင်းများမှ ကာကွယ်တားဆီးရန် အရေးကြီးလျက်ရှိပေသည်။ ထို့ကြောင့် မိမိတို့၏

လုပ်ငန်းရှင်သန်ကြီးထွားရန်အတွက် စက်မှုဒီဇိုင်း မူပိုင်ခွင့် ပိုင်ဆိုင်မှုများသည် အစွမ်းထက်ဆုံး ကိရိယာတစ်ခု ဖြစ်လာသည်။ စက်မှုဒီဇိုင်းမူပိုင်ခွင့်သည် မိမိလုပ်ငန်းကို ချဲ့ထွင်ရန်ကြိုးပမ်းနေသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(SMEs)များအတွက် ပိုမိုအရေးကြီး လာသည်။

စက်မှုဒီဇိုင်းဆိုသည်မှာ ဝယ်ယူသူများအား အမြင်အာရုံ ဖြင့်ဆွဲဆောင်နိုင်စေရန် တန်ဆာဆင်ထားသည့် ထုတ်ကုန် တစ်ခု၏ အပြင်ပန်းပုံသဏ္ဌာန်ဖြစ်သည်။ စက်မှုဒီဇိုင်း သည် စက်မှုလုပ်ငန်းများ၊ ဖက်ရှင်လုပ်ငန်းများ၊ လက်မှု ပစ္စည်း ပြုလုပ်သည့်လုပ်ငန်းများ မြောက်များစွာနှင့် သက် ဆိုင်သည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် နေ့စဉ်အသုံးပြု သည့် အိမ်သုံးပစ္စည်းများ၊ ပရိဘောပစ္စည်းများမှစ၍ နာရီ များ၊ လက်ဝတ်ရတနာများ၊ ထုပ်ပိုးမှု၊ အထည်အလိပ်များ နှင့်အခြားဓိမ်ခံပစ္စည်းများတွင် ဒီဇိုင်းအမျိုးမျိုးကို မြင်တွေ့ နိုင်သည်။ ခေတ်မီဆန်းသစ်လှပသော ဒီဇိုင်းရှိသည့် ထုတ်ကုန်များသည် အခြားသော ထုတ်ကုန်များ ထက် ဝယ်ယူသူများကို ပိုမိုဆွဲဆောင်နိုင်ပြီး ဝယ်ယူသုံးစွဲသူများ ၏ စိတ်အပေါ် အပြည့်အဝ လွှမ်းမိုးနိုင်သည်။ ထို့အပြင် အပြင်ပန်းပုံသဏ္ဌာန်လှပသော ဒီဇိုင်းများသည် ထုတ်ကုန် တစ်ခုအား ဝယ်ယူရန် ဆုံးဖြတ်ချက်ချပေးနိုင်သည့် အဓိက သော့ချက်တစ်ခုပင် ဖြစ်သည်။ ထုတ်ကုန်ဒီဇိုင်းသည် စီးပွားရေးလုပ်ငန်းများအတွက် ၎င်းတို့၏ ထုတ်ကုန်များ ကို ပြိုင်ဘက်လုပ်ငန်းများနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း ရှိစေပြီး လုပ်ငန်းပုံရိပ်ကို ပိုမိုကောင်းမွန်လာစေနိုင်သည်။

ထို့ကြောင့် စက်မှုဒီဇိုင်းများသည် စီးပွားရေးလုပ်ငန်းများ အတွက် အဖိုးတန်လှသောကြောင့် ၎င်းတို့ကို ခိုင်မာ ထိရောက်စွာ အကာအကွယ်ယူထားရန် အရေးကြီးသည်။ ဒီဇိုင်းသည် ထုတ်ကုန်တစ်ခုကို ဈေးကွက်ချဲ့ထွင်ရာတွင် အရေးပါသော အခန်းကဏ္ဍတစ်ရပ်အနေဖြင့်လည်း ပါဝင် လျက်ရှိသည်။စက်မှုဒီဇိုင်းသည်အမြင်အာရုံအားဆွဲဆောင် ရာတွင် အဓိကအချက်ဖြစ်သည့်အတွက် ဒီဇိုင်းများဖန်တီး ရာတွင် နည်းပညာများ၊ ခေတ်ရေစီးကြောင်းများနှင့်အညီ သုံးစွဲသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် ဆန်းသစ် သော အသွင်အပြင်များနှင့် ထုတ်ကုန်များကို ပေါင်းစပ် ဖန်တီးရန်လည်း အရေးကြီးသည်။ ဒီဇိုင်းများကို ဖန်တီးရာ တွင် မလိုအပ်သော ရှုပ်ထွေးမှုများကို အတတ်နိုင်ဆုံး လျှော့ချပြီး အသုံးပြုရလွယ်ကူစေသည့် ရိုးရှင်းလှပသော ဒီဇိုင်းများသည် သုံးစွဲသူများကို စိတ်ကျေနပ်မှု အပြည့်အဝ ပေးနိုင်သည်။ ဥပမာအားဖြင့် Apple AirPods များသည် ခေတ်မီနည်းပညာများနှင့် ဒီဇိုင်းများပေါင်းစပ်၍ သေးငယ် ပေါ့ပါးသော ကြိုးမဲ့နားကြပ်ကိုတီထွင်ဖန်တီးကာဈေးကွက် အတွင်းသို့ ချဲ့ထွင်ခဲ့သည့်အတွက် ပြိုင်ဘက်ကုမ္ပဏီများ ကို ကျော်တက်ကာ လုပ်ငန်းအောင်မြင်မှုများ ပိုမိုရရှိခဲ့ သည်။ ထို့အတူ Tesla ၏ လျှပ်စစ်ကားများသည်လည်း ခေတ်မီနည်းပညာများ၊ ခေတ်မီဆန်းသစ် သောဒီဇိုင်းများ နှင့် ထူးခြားသော စွမ်းဆောင်ရည်များကို ပေါင်းစပ် ထုတ်လုပ်ထားသည့်အတွက် သုံးစွဲသူကြိုက်နှစ်သက်သည့် အထင်ကရ ထုတ်ကုန်တစ်ခုဖြစ်လာသည်။ အဆိုပါ အကြောင်းအရာများကို လေ့လာခြင်းအားဖြင့် ဒီဇိုင်းတစ်ခု အောင်မြင်လာလေလေ စီးပွားရေးလုပ်ငန်းများအတွက် ၎င်း၏ လုပ်ငန်းပုံရိပ် မြင့်မားလာလေပင်ဖြစ်သည်။

ထိုကဲ့သို့ လုပ်ငန်းပုံရိပ်များ ပိုမိုမြင့်မားလာသည်နှင့်အမျှ မိမိတို့၏ ဒီဇိုင်းများကို အကာအကွယ်ရယူထားရန်လည်း အရေးကြီးပေသည်။ မိမိ၏ ထုတ်ကုန်ပစ္စည်းဒီဇိုင်းများကို မူပိုင်ခွင့်အကာအကွယ် ရယူထားခြင်းဖြင့် ဈေးကွက် အတွင်း၌ ရောင်းဝယ်ဖောက်ကားနိုင်သည့် အဖိုးထိုက်တန် သော သီးသန့်ပိုင်ဆိုင်မှုများအဖြစ် ပြောင်းလဲပေးနိုင်သည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) လုပ်ငန်းများအနေဖြင့် မိမိတို့၏ စိတ်ကူးစိတ်သန်းများဖြင့် ဖန်တီးထားသော ဒီဇိုင်းများကို မူပိုင်ခွင့်ဖြင့် အကာအကွယ် ရယူထားခြင်းမရှိပါက ထိုတီထွင် ဖန်တီးမှုများကို အခြား လုပ်ငန်းများမှ အကန့်အသတ်မရှိ လွတ်လပ်စွာ အသုံးပြု နိုင်မည်ဖြစ်ပြီး ဆုံးရှုံးနစ်နာမှုများစွာ ရှိလာနိုင်သည်။ သို့ရာ တွင် မူပိုင်ခွင့်အခွင့်အရေးများဖြင့် အကာအကွယ် ရယူထား ပါက မူပိုင်ခွင့်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲစီးပွားဖြစ်အသုံးပြု ခြင်းကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။ စက်မှုဒီဇိုင်း ပိုင်ရှင်သည် မှတ်ပုံတင်ထားသော ၎င်း၏ ဒီဇိုင်းအား ခွင့်ပြု ချက် မရှိဘဲကူးယူခြင်း သို့မဟုတ် တုပခြင်းများမှကာကွယ် တားဆီးနိုင်သည့်အတွက် ဈေးကွက်ချဲ့ထွင်ခြင်းနှင့် ရင်းနှီး မြှုပ်နှံမှုများကို အားကောင်းလာစေနိုင်မည် ဖြစ်သည်။ ဒီဇိုင်းပိုင်ရှင်သည် ၎င်း၏ဒီဇိုင်းကို အသုံးပြုရန် အခြားသူ များအား အခကြေးငွေဖြင့် လိုင်စင်ချထားခြင်းများ ခွင့်ပြု ပေးနိုင်သည့်အတွက် မိမိလုပ်ငန်းကို ငွေသားစီးဆင်းမှု အားကောင်းစေနိုင်ပြီး လုပ်ငန်း၏ပုံရိပ်နှင့်ဈေးကွက်ချဲ့ထွင် ခြင်းကို မြှင့်တင်နိုင်ပါသည်။ ထို့ကြောင့် စက်မှုဒီဇိုင်းသည်

ဆန်းသစ်တီထွင်မှုနှင့် စီးပွားရေးတိုးတက်မှုကို တွန်းအား ပေးရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်သည်။ တိုးတက် လာသော နည်းပညာများ၊ လုပ်ငန်းဆောင် တာများနှင့် အလှတရားများကို ပေါင်းစပ်ဖန်တီးထားသော ဒီဇိုင်းသည် စျေးကွက်အတွင်းရှိ ထုတ်ကုန်များကို ကွဲပြားစေသည့် အပြင် ထုတ်ကုန်ဒီဇိုင်းများ အပေါ်တွင် ရင်းနှီးမြှုပ်နှံသော စီးပွားရေးလုပ်ငန်းများအနေဖြင့်စက်မှုဒီဇိုင်းများကို ဗျူဟာ မြောက်အသုံးချနိုင်ပါကစိန်ခေါ်မှုများကို အခွင့်အလမ်းများ အဖြစ်သို့ ပြောင်းလဲနိုင်ပြီး ပိုမိုအောင်မြင်မှုရှိသော စီးပွား ရေးအနာဂတ်ဆီသို့ တွန်းပို့ပေးနိုင်မည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်မှုအနုပညာ ပုသိမ်ထီးစျေးကွက်

မြန်မာနိုင်ငံတစ်ဝှမ်း ထင်ပေါ်ကျော်ကြားသော လက်မှု လုပ်ငန်းများတွင် မန္တလေးမြို့ရှိ ရွှေချည်ထိုး၊ ငွေချည် ထိုးလုပ်ငန်းနှင့် ပုဂံမြို့ရှိ ယွန်းထည်လုပ်ငန်းသာမက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ ထုတ်လုပ်လျက်ရှိ သော မြန်မာ့ရိုးရာလက်မှုအနုပညာ ပုသိမ်ထီးလုပ်ငန်း သည် မြန်မာနိုင်ငံအတွင်းသာမက ကမ္ဘာမှာပင် နာမည် ကျော်ကြား၍ ပြည်တွင်း/ ပြည်ပစျေးကွက်တွင် လူကြိုက် များလျက်ရှိကြောင်း ထီးလုပ်ငန်းရှင်များထံမှ သိရသည်။

ပုသိမ်ထီးကို အစပထမတွင် ဆီစိမ်စက္ကူဖြင့် ပြုလုပ်ခဲ့



သော်လည်း နောက်ပိုင်းတွင် ဖျင်စကို တည်ရေများ သုတ်လိမ်းပြီး ဆီစိမ်ကာ ရေစိုခံအောင်ပြုလုပ်သုံးစွဲခဲ့ပြီး ပြည်တွင်းမှထွက်ရှိသော ပိတ်ရောင်စုံ၊ တက်ထရွန် ရောင်စုံဖြင့် ထုတ်လုပ်၍ နိုင်ငံခြားငွေဖြင့် ဝယ်ယူရသော ကုန်ကြမ်းပစ္စည်းများ မပါဘဲ ဒေသထွက်ကုန်ကြမ်းများ ဖြစ်သော မအူသစ်၊ ထီးရိုးဝါး၊ သရက်ဝါး၊ မြန်မာပိတ်စ များ၊ဒေသတွင်းထွက်ရှိသည့် သုတ်ဆေး၊ ဆိုးဆေးများဖြင့် အသုံးပြုကာ ထီးရွက်ပေါ်တွင် ကနုတ်ပန်းချီရေးဆွဲခြင်း၊ ရှူခင်းပုံများရေးဆွဲခြင်း၊ ရှေးခေတ်ပန်းချီ လက်ရာများ ရေးဆွဲခြင်းများ၊ ဆေးဆိုးခြင်းများ ပြုလုပ်၍ ထီးရွက်ကို အလှဆင်ထားသည့်အတွက် မြန်မာ့လက်မှု အနုပညာကို ဖော်ထုတ်နိုင်သည့် ရိုးရာလုပ်ငန်းတစ်ခု အဖြစ် ထင်ရှား ကျော်ကြားလျက်ရှိပါသည်။



ယခုပွင့်လင်းရာသီ ပုသိမ်ထီးစျေးကွက်တွင် တန်ဆောင် တိုင် ကထိန်အလှူရာသီအတွက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မြဝတီနှင့် ဧရာဝတီတိုင်း ဒေသကြီး အတွင်းရှိ မြို့နယ်များတွင် အလှဆောင်းထီး ၁၀ လက်မခွဲ လျှင် ၁၀၀၀၀ ကျပ်၊ ၁၄ လက်မလျှင် ၁၂၀၀၀ ၊ ၁၅ လက်မ လျှင် ၁၅၀၀၀ ကျပ်ဖြင့် ပြည်တွင်းစျေးကွက်အတွင်း သုံးစွဲ ရန် အမှာစာဖြင့်လည်းကောင်း၊ လူကိုယ်တိုင်သော် လည်းကောင်း လာရောက်ဝယ်ယူလျက်ရှိပြီး ပုသိမ်ထီး စျေးကွက်မှာ အရောင်းအဝယ်သွက်လျက် ရှိကြောင်း ဟိုတယ်အလှဆင်ရန်နှင့် ကမ်းခြေသုံးထီး ၂'၊ ၃'၊ ၄' ဆိုဒ်ထီးများကိုလည်း ပြုလုပ်လျက်ရှိပြီး ရန်ကုန်မြို့မှ တစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရန် လာရောက် ချိတ်ဆက်မှုများရှိကြောင်း သိရသည်။

DOCA (ဧရာဝတီ)

ကျောက်ဆည်ခရိုင်၌ ပဲတီစိမ်းသီးနှံများ ရိတ်သိမ်းလျက်ရှိ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး ပဲမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ပဲတီစိမ်းသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ ပဲတီစိမ်း(မိုး) စိုက်ဧက အနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၁၁၀၇၈ဧက၊စဉ့်ကိုင်မြို့နယ်တွင် ၉၁၈၀ ဧက၊ မြစ်သားမြို့နယ်တွင် ၁၈၂၇၉ ဧက စုစုပေါင်းစိုက်ဧက ၃၈၅၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စက်တင်ဘာလဆန်းတွင် ပဲတီစိမ်းများ ရိတ်သိမ်းလျက်ရှိရာ ကျောက်ဆည်မြို့နယ်တွင် ၈၆၀၂ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၆၃၉၇ ဧက၊ မြစ်သားမြို့နယ်တွင် ၁၁၂၃၄ ဧက ရိတ်သိမ်းလျက်ရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲတီစိမ်းသီးနှံကို မေလနှင့် ဇွန်လများတွင် စတင်စိုက်ပျိုးပြီး စက်တင်ဘာလတွင် စတင်ထွက်ပေါ်ကြောင်း၊ ပဲတီစိမ်းမျိုးအနေဖြင့် ရေဆင်း-၁၁ မျိုးနှင့် ကျောက်စိမ်းမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့်တစ်ဧကလျှင်၁၁-၁၂ တင်းခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ ဖြင့် ရောင်းချရကြောင်း၊ ဈေးကွက်အနေဖြင့် ပဲတီစိမ်းကို ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့်



မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၄ သိန်းကျော် ခန့်ရရှိရာ ပဲတီစိမ်းစိုက်ပျိုးရာ၌ အချို့ကျေးရွာများတွင် ရေကြီးနစ်မြုပ်သောကြောင့် ပဲတီစိမ်းသီးနှံ စိုက်ခင်းအချို့ ပျက်စီးဆုံးရှုံးမှုများရှိသော်လည်း ရေဝင်ရောက်မှုမရှိသော ကျေးရွာများမှာ ပဲတီစိမ်း ဈေးကောင်းရရှိသဖြင့် အကျိုးအမြတ်များရရှိကြောင်း သိရသည်။

DOCA (မန္တလေး)

မကွေးမြို့နယ်၊ ရွာတော်ကျေးရွာ၌ နေကြာသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်းရှိကျေးရွာများတွင် နှမ်း၊ မြေပဲ၊ နေကြာ၊ ဝါ၊ ဆန် စပါး၊ ကြက်သွန်နီ နှင့် ပဲမျိုးစုံသီးနှံတို့ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ရွာတော်ကျေးရွာတွင် နေကြာသီးနှံ စိုက်ဧက ၁၅ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

နေကြာသီးနှံကို ဩဂုတ်လတွင် စိုက်ပျိုးပြီး နိုဝင်ဘာလတွင် စတင်ရိတ်သိမ်းကြကြောင်း၊ မျိုးစေ့အနေဖြင့် ဆင်းရွှေကြာ-၁မျိုးနှင့် ဆင်းရွှေကြာ-၂မျိုးများကို စိုက်ပျိုးကြကြောင်း၊ နေကြာသီးနှံကို သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၉ ပြည်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ် အနေဖြင့် နေကြာမျိုးစေ့၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်၌ နေကြာသီးနှံ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၀-၂၅ တင်းခန့်ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးနှုန်း အနေဖြင့် နေကြာသီးနှံပေါ်စအချိန်တွင် နေကြာတစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀-၆၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ဧကလျှင် အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၂ သိန်းခန့်ရရှိကြောင်း သိရသည်။

အောက်တိုဘာလစတုတ္ထပတ်တွင် နေကြာတစ်တင်းလျှင်ငွေကျပ်၆၀,၀၀၀-၆၅,၀၀၀နှင့် နေကြာဆီတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးကွက်အနေဖြင့် မကွေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ နေကြာသီးနှံသည် စိုက်ပျိုးမှု ကုန်ကျစရိတ် သက်သာပြီး အကျိုးအမြတ်ရရှိသည့် သီးနှံဖြစ်သောကြောင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခုအချိန်တွင် နေကြာသီးနှံများမှာ အဖူးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

DOCA (မကွေး)

A TRUSTED PARTNER OF BUSINESS AND DEVELOPMENT COMMUNITY

https://mifer.gov.mm
https://www.dica.gov.mm
https://www.myco.gov.mm
https://doso.dica.gov.mm
https://mohinga.info

OFFICE NO.1, ZEYA HTANI ROAD, NAY PYI TAW